ရွာရန်
ရာနှုန်းပြည့်

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

■ အတွဲ [၅၄]
အမှတ် [၃၀၁]

# မြန်မာ့အလင်း

ဒါနဥစ္စာတော်မင်္ဂလာမုတ္တမံ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည်မြတ်သော မင်္ဂလာမည်၏။

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက် [2-8-2015]

MYANMA ALINN SUNDAY ISSUE


# နိုင်ငံတစ်ဝန်း သဘာဝဘေးဒဏ်ခံစားနေရသည့် ပြည်သူများကို အစွမ်းကုန်ကူညီမည်

ကလေး ဩဂုတ် ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညာဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးမြတ်ဟိန်း၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးလေဆိပ်သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (ဓာတ်ပုံ-မြန်/ဆက်)

## တနင်္ဂနွေ ဖတ်စရာများ


အပြာရောင်ကမ္ဘည်းများရဲ့ရာဇဝင်
ရန်ကုန်မြို့တော်ခန်းမ (သို့မဟုတ်)သမိုင်းဖြစ်ရပ်များစွာတို့ ကြုံတွေ့ဖြစ်ကျော်ခဲ့သည့် အထင်ကရနေရာ စာ-၁၅

ယနေ့တက္ကသိုလ်နယ်မြေတစ်ခွင်
သရီးဒီကာတွန်းလေးတွေကို မြန်မာကလေးငယ်တွေအတွက် ဖန်တီးပေးချင်သူ စာ-၁၈

ခရီးသွားဆောင်းပါး
သံလွင်မြစ်ကိုဖြတ် ဘီလူးကျွန်းကိုပတ်ခဲ့ရာဝယ် စာ-၁၆၊ ၁၇

နိုင်ငံတကာရေးရာသုံးသပ်ချက်
လေထုညစ်ညမ်းမှုပြဿနာ ကမ္ဘာ့ရာသီဥတု ထိခိုက်ပြောင်းလဲနိုင် စာ-၂၁





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရွှေ့ပြောင်းအလုပ်သမားများဘဝ

မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် လုပ်ခလစာ ပိုမိုရရှိလိုသောရည်ရွယ်ချက်ဖြင့် အိမ်နီးချင်း ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ အထူးသဖြင့် ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့၌ ဖြစ်ပါသည်။ ဤသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်ရာတွင် တရားဝင်သွားရောက်လုပ်ကိုင်သူများရှိသလို လမ်းကြောင်းအမျိုးမျိုးမှ တရားမဝင် သွားရောက်လုပ်ကိုင်သူများလည်း ရှိပါသည်။ တရားမဝင်သွားရောက်လုပ်ကိုင်ခြင်းသည် အချိန်မရွေး အန္တရာယ်တစ်စုံတစ်ရာနှင့် ကြုံတွေ့ရဖွယ်ရှိပါသည်။

တရားမဝင် သွားရောက်လုပ်ကိုင်ခြင်းသည် လူမှောင်ခိုကူးခြင်းကို ခံရနိုင်ပါသည်။ တရားမဝင် သွားရောက်လုပ်ကိုင်ခြင်းသည် အလွန်စွန့်စားရသောအလုပ်ဖြစ်ပါသည်။ အလုပ်အကိုင်ရလိုမှု၊ အယုံအကြည်လွယ်မှုတို့အပေါ် အခွင့်ကောင်းယူကာ တရားမဝင်လမ်းကြောင်းပေါ်တွင် လူမှောင်ခိုလုပ်ငန်းများ ကြီးထွားလာလျက်ရှိပါသည်။ အမှန်တကယ်အလုပ်ရသည့်တိုင် လုပ်ငန်းရှင်တို့၏ ဖိနှိပ်ခြင်း၊ လစာမပေးလို၍ ရဲနှင့်ပေါင်းပြီး ဖမ်းဆီးမှုများပြုလုပ်ခြင်းစသော စွန့်စားရမှုများနှင့် ကြုံတွေ့ရဖွယ်ရှိပါသည်။

တရားမဝင် သွားရောက်လုပ်ကိုင်ရခြင်း၏ အဓိကအကြောင်းအရင်းသည် ငွေကြေးလိုအပ်ချက်နှင့် အသိဉာဏ်နည်းပါးမှုတို့ကြောင့်ဖြစ်သည်ကိုတွေ့ရမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ တရားဝင်လမ်းကြောင်းမှ သွားရောက်အလုပ်လုပ်ကိုင်ကြခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်မှုအများဆုံးမှာ ထိုင်းနှင့် မလေးရှားနိုင်ငံတို့ဖြစ်သည်။ တရားမဝင်သွားရောက်လုပ်ကိုင်နိုင်သော နိုင်ငံများသည်လည်း ထိုနိုင်ငံများ၌သာဖြစ်သည်။ စင်ကာပူနိုင်ငံတွင် တရားမဝင်သွားရောက်လုပ်ကိုင်သူ နည်းပါးသည်။ မကြာသေးမီက တရုတ်နိုင်ငံဘက်သို့ သွားရောက်အလုပ်လုပ်ကိုင်သူများလည်း ရှိလာသည်။

အမှန်စင်စစ် ဤနိုင်ငံတို့၌ တရားမဝင်ရွှေ့ပြောင်းလုပ်သားများ လက်ခံဆောင်ရွက်နေခြင်းသည် စဉ်းစားဖွယ်ရာပင်ဖြစ်သည်။ အဓိကအားဖြင့် လုပ်အားခဈေးသက်သာ၍ ဖြစ်နိုင်သည်။ တရားဝင်သွားရောက်လုပ်ကိုင်သူများထက် တရားမဝင် သွားရောက်လုပ်ကိုင်သူများထံမှ လုပ်အားခဈေးသက်သက်သာသာနှင့် ရနေသည်။ တရားမဝင်လုပ်ကိုင်သူများသည် လုပ်အားခ အဓိကမဟုတ်ပါ။ အလုပ်ရရေးသည်သာ အဓိကဖြစ်သည်။ ထို့ကြောင့်လည်း လုပ်အားခဈေးသက်သာမှုနှင့်အတူ တရားမဝင်ရွှေ့ပြောင်းလုပ်သားဈေးကွက်သည်လည်း ကြီးထွားပေါ်ပေါက်လျက်ရှိပါသည်။

ဤအချက်များကို ထောက်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသူများအတွက် ဈေးနှုန်းသက်သက်သာသာဖြင့်သွားရောက်လုပ်ကိုင်နိုင်ရန် ဖြေလျှော့ပေးမှုများ၊ ပူးပေါင်းလုပ်ဆောင်မှုများ တိုးမြှင့်လုပ်ဆောင်ပေးရန်လိုအပ်မည်ဖြစ်ပါသည်။ အစိုးရနှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ ပူးပေါင်းဆောင်ရွက်မှု၊ ဖြေလျှော့မှုများဖြင့် တရားဝင် သွားရောက်လုပ်ကိုင်မှုများ တိုးပွားလာရမည်ဖြစ်ပါသည်။ သို့မှသာ လုပ်အားအပေါ် ခေါင်းပုံဖြတ်ခံရမှု၊ ဖိနှိပ်ခံရမှု၊ လူမှောင်ခိုကူးခံရမှုတို့မှ လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ရွှေ့ပြောင်းလုပ်ကိုင်ရာတွင် တရားဝင်သွားရောက်ခြင်းကိုသာ ဘက်ပေါင်းစုံဖြေလျှော့မှုများဖြင့် ဆောင်ရွက်သင့်ပေကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချီ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။

မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။

မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု

လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# MMDC ရုပ်သံလွှင့်ခြင်းဆိုင်ရာ ဒီပလိုမာသင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၁**

Myanmar Media Development Center(MMDC) က စီစဉ်ဖွင့်လှစ်သည့် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ယနေ့သည် မြန်မာနိုင်ငံ၏ မီဒီယာလောကအတွက် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း၊ အစိုးရသစ်လက်ထက်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး၊ အုပ်ချုပ်ရေး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

၎င်းတို့အနက် အဓိကဆောင်ရွက်ချက်များအနေဖြင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ကို ဖွဲ့စည်းခဲ့ခြင်း၊ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည့် စာပေစိစစ်ရေး (ဆင်ဆာစနစ်)ကို ဖျက်သိမ်းခဲ့ခြင်း၊ နှစ်ပေါင်း ၅၀ နီးပါး တိမ်မြုပ်ပျောက်ကွယ်ခဲ့သည့် ပုဂ္ဂလိကသတင်းစာများကို ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ထုတ်ဝေခွင့်ပြုခဲ့ခြင်း၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ထုတ်စာနယ်ဇင်းများကိုလည်း စည်းကမ်းချက်များနှင့်အညီ ထုတ်ဝေခွင့်များ ခွင့်ပြုပေးလျက်ရှိခြင်းစသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ခေတ်စနစ်နှင့် မလျော်ညီသောဥပဒေများ၊ အမိန့်ကြော်ငြာများကို ဖျက်သိမ်းပြီး ဥပဒေများကို ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေ၊ နည်းဥပဒေ၊ သတင်းမီဒီယာ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲအသုံးပြုလျက်ရှိနေပြီ ဖြစ်ပါကြောင်း၊ ရုပ်သံလွှင့်ဥပဒေကိုလည်း လွှတ်တော်မှာအတည်ပြုပြီး၍ သမ္မတထံ ပေးပို့တင်ပြထားသဖြင့် မကြာမီပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း။

ရုပ်သံလွှင့်မီဒီယာနှင့် ပတ်သက်၍ Forever Group မှ ရုပ်သံလွှင့်ဆိုင်ရာ ဒီပလိုမာသင်တန်းကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ရုပ်သံမီဒီယာအတွက် အားသစ်လောင်းမည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပအသိပညာရှင်၊ အတတ်ပညာရှင်များ၏ ပံ့ပိုးကူညီမှုကိုရယူပြီး ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာသည့် မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အဓိကလိုအပ်နေသည့် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် အရင်းအနှီး ဤသုံးချက် လိုအပ်လျက်ရှိရာ Forever Group အနေဖြင့် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်နေသည်ကိုတွေ့ရကြောင်း၊ MMDC က ယခုသင်တန်းအပြင် အခြားမီဒီယာဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်းဖြင့်လည်း နိုင်ငံတော်၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို တွေ့ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် သင်တန်းဆင်းမောင်မယ်များအနေဖြင့်လည်း မိမိတို့တတ်ကျွမ်းသည့်ပညာဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးကို ရှေးရှုဆောင်ရွက်ပေးကြရန်၊ အစဉ်မပြတ် လေ့လာဆည်းပူးနေကြရန်၊ ရည်မှန်းချက်ပန်းတိုင်ထားပြီး တိုးတက်အောင်မြင်သူများဖြစ်အောင် ကြိုးစားကြရန်၊ ပူးပေါင်းဆောင်ရွက်လိုစိတ်နှင့် အဖွဲ့အစည်းစိတ်ဓာတ် မွေးမြူကြရန် ပြောကြားသည်။

ထို့နောက် Forever Group CEO ဦးဝင်းမော်နှင့် DW Akademie, Eurasia Division Program Manager Myanmar မှ Mr. Patrick Benning တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ဒီပလိုမာ ကျောင်းသားကျောင်းသူများ၏ Final Project များကိုပြသပြီး ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် Project ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သင်တန်းဆင်းကျောင်းသား ကျောင်းသူများကိုယ်စား မဖြိုးပြည့်ပြည့်သင်းနှင့် မလှိုင်သက်ထားမေတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး ကျောင်းသားကျောင်းသူများက MMDC Theme Song အား စုပေါင်းသီဆိုဖျော်ဖြေကြသည်။

သင်တန်းဆင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိသားစုများ တက်ရောက်ကြသည်။

MMDC ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစတင်ကာ မြန်မာမီဒီယာလောက ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နည်းပညာနယ်ပယ် အသီးသီးအတွက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ သင်တန်းများကို ဖွင့်လှစ်ခဲ့သည်။ ယခုသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၄၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၀ လကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း                ၁-၈-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၁၅၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၈ |
| ဥရောပ | တစ်ယူရို | ၁၃၇၃.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၄.၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၀ |
| တရုတ် | တစ်ယွမ် | ၁၉၉.၃၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၄.၅၉ |

ခင်ရတနာ-စုစည်းသည်။

# ဆေးရုံများအပေါ် ယုံကြည်အားကိုး၍ လာရောက်ကုသသူများကို ထိထိရောက်ရောက် ကုသပေးနိုင်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ပြင်ဦးလွင်မြို့သို့ ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တာဝန်ရှိသူများက အနီးစခန်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဆေးရုံအုပ်ကြီးက ဆေးရုံဆိုင်ရာ အချက်အလက်များ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များနှင့် အထွေထွေလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ဆေးရုံဝန်ထမ်းများ၏ အရည်အသွေးပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ အခြေခံလိုအပ်ချက်များနှင့် ဆေးရုံဆိုင်ရာလိုအပ်ချက်များကိုသိရှိပြီး လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်း ဖြစ်ပါကြောင်း။

ဒီမိုကရေစီ အစိုးရလက်ထက်တွင် ဆေးရုံများဖွံ့ဖြိုးတိုးတက်လာမှုနှင့် အခမဲ့ဆေးဝါးကုသပေးမှုများကြောင့် ပြည်သူများက ဆေးရုံများအပေါ် ပိုမိုယုံကြည်အားကိုးလာပြီး ဆေးရုံ တက်ရောက်ကုသသူများ ယခင်ထက် ပိုမိုများပြားလာသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် ဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆေးရုံဝန်ထမ်းများ၏ အရည်အသွေးပိုင်းဆိုင်ရာ တိုးတက်ရေးနှင့် အခြားလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ဆေးရုံတက်ရောက်ကုသသူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဆေးရုံများကိုလည်း တိုးချဲ့ တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ဆေးရုံများ တိုးချဲ့တည်ဆောက်ရာတွင် နောင်ဖြစ်ပေါ်လာမည့်အနာဂတ် အခြေအနေများကို ထည့်သွင်းစဉ်းစား၍ Master Plan ကို စနစ်တကျ ရေးဆွဲပြီး ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း ရေရှည်ကို မျှော်မှန်းတွက်ချက်ပြီး ဆောက်လုပ်ရန် လိုအပ်ပါကြောင်း။

ထို့အတူ ဆေးရုံဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဆေးရုံများအပေါ် အမှန်တကယ်ယုံကြည်အားကိုး၍ လာရောက်ကုသသူပြည်သူအားလုံးကို မိမိတို့ဆေးရုံ၌ ကုသပေးနိုင်သည်များကို မိမိတို့ဆေးရုံ၌ပင် ထိထိရောက်ရောက် ကုသပေးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆရာဝန်၊သူနာပြုများ၏ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ၊ ဝန်ထမ်းအင်အား၊ လျှပ်စစ်မီးနှင့် သောက်သုံးရေလိုအပ်မှု တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှု ခံယူနေသူများအား လိုက်လံနှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ကလေးကုသဆောင်၊ သားဖွားခန်း၊ အမျိုးသားလူနာဆောင်၊ ထိခိုက်ဒဏ်ရာနှင့် အရိုးအကြောခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ မျက်စိကုဌာန၊ သွားနှင့်ခံတွင်းကုသဌာန၊ အကြောအဆစ် အထူးကုဌာနနှင့် ဖျားနာကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေသူများအား လိုက်လံနှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။

ယင်းနောက် ဆေးရုံရှင်းလင်းဆောင်၌ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက စစ်ကိုင်းမြို့ရှိ ပြည်သူ့ဆေးရုံကြီးသည် ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးဖြစ်သောကြောင့် ခုတင်(၂၀၀)အဆင့်နှင့် ကိုက်ညီရမည့် အဆောက်အအုံ၊ အရည်အသွေးဆိုင်ရာ လိုအပ်ချက်များနှင့် ဆေးရုံပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ရာ ဝန်ထမ်းများအနေဖြင့် လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ကြည်ကြည်အေးက ဆေးရုံဆိုင်ရာ အချက်အလက်များ၊ အခမဲ့ဆေးဝါးကုသပေးခဲ့မှုနှင့် ဆေးရုံပိုင်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆရာဝန်၊ သူနာပြုများ၏ ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ လိုအပ်မှု၊ ဝန်ထမ်းအင်အားလိုအပ်မှုနှင့် ဝန်ထမ်းအိမ်ရာလိုအပ်မှု တင်ပြချက်များအပေါ် ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဩဂုတ် ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ဇူလိုင် ၃၁ ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဇေယျာမွန်ရပ်ကွက် အထက(၁)၌ ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ရေဘေးသင့်အိမ်ထောင်စု ၈၃ စု၊ လူဦးရေ ၃၈၇ ဦးတို့အား တွေ့ဆုံအားပေးကာ ဆန် ၇၇ အိတ်၊ ဆီ ၁၅၄ ဘူး၊ ခေါက်ဆွဲခြောက် အထုပ် ၂၁၃၀၊ ရေသန့်ဘူးကတ် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ကော့စံနိုင်ရပ်ကွက် ဘုန်းတော်ကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်အိမ်ထောင်စု ၁၈၃ စု၊ လူဦးရေ ၈၅၅ ဦးတို့အား တွေ့ဆုံအားပေး၍ ဆန် ၁၆၉ အိတ်၊ ဆီ ၁၆၉ ဘူး၊ ခေါက်ဆွဲခြောက် ၁၃၆ ထုပ်၊ ရေသန့်ဘူး ၁၆၉ ကတ်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အကယ်ဒမီ ခန့်စည်သူနှင့် အနုပညာရှင်များ မေတ္တာသင်္ဂဟအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ကျေးရွာများအတွက် ဩဂုတ် ၁ ရက်က တော်ဝင်ဂါးဒင်း ခန်းမ၌ အလှူငွေ ပေးအပ်ပွဲကျင်းပစဉ်။** (ရေဘေးသင့် ကျေးရွာများအတွက် အဝတ်အထည်၊ စားသောက်ဖွယ်နှင့် ရေသန့်၊ ကျပ်သိန်းပေါင်း ၃၂၀ ထိ လှူဒါန်းကြောင်း သိရသည်။)

**ကျော်မြင့်သန်း(လမ်းမတော်)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

**၂၀၁၅ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပေါ်လျက်ရှိရာ ဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများအနေဖြင့် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-**

၁။ ညွှန်ကြားရေးမှူး(စီမံဘဏ္ဍာဌာန)
၀၆၇-၄၀၄၃၁၆၊ ၀၉-၂၀၂၁၄၉၁
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊
ရုံးအမှတ် (၂၃) ၊ နေပြည်တော်

၂။ ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေးဌာန)
၀၆၇-၄၀၄၃၁၈၊ ၀၆၇-၄၀၄၄၂၀၊ ၀၉-၄၃၁၂၀၈၆၅၊
၀၉-၄၂၈၁၂၅၀၂၇
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊
ရုံးအမှတ်(၂၃) ၊နေပြည်တော်

၃။ ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး)
၀၁-၅၂၂၇၂၆၊ ၀၉-၇၃၁၀၄၆၉၃
အမှတ်(၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၄။ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းဒေသကြီးဦးစီးမှူး)
၀၂-၃၉၄၅၇၊ ၀၉-၄၃၁၂၀၈၆၇
၃၄×၃၅ ကြား ၊ ၆၄×၆၅ ကြား၊ ခရိုင်တရားရုံးအနီး၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၅။ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး)
၀၇၁-၂၃၂၂၁၊ ၀၉-၄၇၀၉၃၄၈၀
နန္ဒာဝန်ရပ်ကွက်၊ တိုင်းရုံးပေါင်းစုံ၊
မုံရွာတက္ကသိုလ်ရှေ့၊ မုံရွာမြို့
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၆။ ဦးစီးအရာရှိ(မကွေးတိုင်းဒေသကြီးဦးစီးမှူး)
၀၆၃-၂၅၉၅၀၊၀၉-၂၅၈၃၀၆၉၄၀
အမှတ်(၉၄၈) ၊ ဘိုးရတနာရေသန့်စက်ရုံလမ်း၊
ဇက်ဆိပ်ကမ်းနှင့် (၁၆)လမ်းကြား၊
အောင်မေတ္တာ(က)ရပ်ကွက်၊ မကွေးမြို့
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၇။ ညွှန်ကြားရေးမှူး(ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး)
၀၄၂-၂၁၀၆၁၊၀၉-၄၉၀၀၀၂၉၀
အမှတ်(၆) နယ်မြေ၊ ဘန့်ဘွေးကုန်းလမ်း၊ ပုသိမ်မြို့၊
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁

မြန်မာနိုင်ငံတစ်ဝန်း၌ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၁၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၇၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၁. ၄၀' |
| ၃။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၀. ၄' |
| ၄။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၈. ၁၀' |
| ၅။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၃. ၁၀' |
| ၆။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၈၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၉. ၂၀' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၃၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၀၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၆၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၄. ၁၀' |
| ၁၂။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၄. ၆၀' |
| ၁၃။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၃၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၁၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၄၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၅၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၂၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၂. ၁၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၇၀' |
| ၂၀။ | စလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၉၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၈၀' |
| ၂၂။ | တောင်နဝင်းရေလှောင်တမံ | ၂၁၁၉၆ | ၁. ၁၅' |
| ၂၃။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၅၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၂. ၈၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၅၅' |
| ၂၆။ | ခဝါရေလှောင်တမံ | ၁၂၅၅၀ | ၀. ၆၀' |
| ၂၇။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၄. ၇၀' |
| ၂၈။ | မုန်းချောင်း ရေလှောင်တမံ | ၆၇၄၄၀၇ | ၂၈. ၂၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၅. ၀၀' |
| ၃၀။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၃၀. ၅၀' |
| ၃၁။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၂. ၇၀' |
| ၃၂။ | တောင်ခင်ရန်း ရေလှောင်တမံ | ၁၁၇၂၆ | ၁. ၈၀' |
| ၃၃။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၁. ၁၀' |
| ၃၄။ | ဝန်ချောင်းရေလှောင်တမံ | ၁၆၆၇ | ၂. ၀၀' |
| ၃၅။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၃. ၀၀' |
| ၃၆။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၂. ၄၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိ ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၃ | ၁. ၃၀' |
| ၂။ | မုံးချောင်းရေလှောင်တမံ | ၅၂၅ | ၄၆၅ | ၀. ၇၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၂၅၀ | ၂၆. ၁၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းရေလှောင်တမံ | ၇၃၀၀၀ | ၁၈၃၀၀ | ၂၈. ၂၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၁၂၄၁၈ | ၉. ၄၂' |
| ၇။ | ငလိုက်ဆည် | ၅၇၀၀၀ | ၄၁၁၉၃ | ၁၀. ၆၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၆ | ၆. ၆၂' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၄၁၅၆ | ၁၀. ၁၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၃၂၃ | ၆. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၆၇၀၁ | ၂၂. ၁၂' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၈၉၀၀ | ၅. ၅၀' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၉၀၀ | ၈. ၈၀' |
| ၁၄။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၄၂၄၃၃ | ၃၇. ၄၀' |
| ၁၅။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၇၁၂၆၈ | ၁၅. ၂၀' |
| ၁၆။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၀၈၃၃ | ၂၄. ၂၀' |
| ၁၇။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၆၆၀၀ | ၁၂. ၇၅' |
| ၁၈။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၂၉၈၅၀ | ၄. ၆၀' |
| ၁၉။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၈၂၀၅၀ | ၉၁. ၁၉' |

(သတင်းစဉ်)

နိုင်ငံတကာသတင်း




ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နိုင်းမြို့အရှေ့ဘက် ကီလိုမီတာ ၁၂၀ အကွာ ကွမ်နင်းပြည်နယ်၌ လွန်ခဲ့သောသုံးရက်က ရေကြီး၊ မြေပြိုမှုများကြောင့် လူပေါင်းအနည်းဆုံး ၁၇ ဦး သေဆုံးခဲ့ရာ ဇူလိုင် ၃၁ ရက်က ဗီယက်နမ်မြောက်ပိုင်း ဟိုင်ဖုန်းမြို့လမ်းများပေါ်တွင် ရေကြီးနေမှုကိုတွေ့ရစဉ်။
(ဓာတ်ပုံ-ဆင်ဟွာ)

## ပျက်ကျမလေးရှားလေယာဉ်အပိုင်းအစ ပြင်သစ်နိုင်ငံသို့ ပေးပို့စုံစမ်းစစ်ဆေး

ပါရီ ဩဂုတ် ၁

အိန္ဒိယသမုဒ္ဒရာ ရီယူနီယံကျွန်းပေါ်၌ တွေ့ရှိခဲ့သော လေယာဉ်အပိုင်းအစကို ပျက်ကျခဲ့သည့် မလေးရှားလေကြောင်းလိုင်းဘိုးရင်း ၇၇၇ ခရီးသည်လေယာဉ်မှ အပိုင်းအစ ဟုတ် မဟုတ် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ပြင်သစ်နိုင်ငံသို့ စနေနေ့က ပေးပို့ခဲ့သည်။

အဆိုပါ လေယာဉ်အပိုင်းအစ တင်ဆောင်ပျံသန်းလာသော လေယာဉ်သည် စနေနေ့က ပါရီမြို့အနီး အော်လီလေဆိပ်သို့ ဆင်းသက်ခဲ့သည်။ ယင်းလေယာဉ် အပိုင်းအစကို အထူးစစ်ဆေးမှု ပြုလုပ်မည့် တူးလုမြို့ အနောက်တောင်ပိုင်းအနီး စစ်စခန်းတစ်ခုသို့ ပေးပို့ဖွယ်ရှိသည်။

ယင်းလေယာဉ် အပိုင်းအစသည် ခြောက်ပေခွဲခန့်ရှိ လေယာဉ်တောင်ပံအပိုင်းအစဖြစ်ကြောင်း၊ ၎င်းလေယာဉ် အပိုင်းအစသည် ၂၀၁၄ ခုနှစ် မတ်လက ပုံမှန်လမ်းကြောင်းမဟုတ်ဘဲ ပျောက်ကွယ်သွားခဲ့သော မလေးရှားလေကြောင်းလိုင်း MH 370 ၏ သဲလွန်စကို ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက မျှော်လင့်ထားသည်။

အဆိုပါ လေယာဉ်ပေါ်တွင် ခရီးသည် ၂၃၉ ဦးနှင့် လေယာဉ်အမှုထမ်းများ လိုက်ပါသွားခဲ့ကြောင်း သိရပြီး ခရီးသည်မိသားစုဝင်အချို့က အဆိုပါလေကြောင်းလိုင်းမှ လျော်ကြေး ထပ်မံတောင်းဆိုလျက်ရှိသည်။

(ရိုက်တာ)



မုံရွာလေဆိပ်၌ ကလေးမြို့သို့ ကူညီ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

# ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲပေးပို့လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်လျက်ရှိသည့် ရေကြီးရေလျှံမှုများမှ ဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့ရာတွင် ဩဂုတ် ၁ ရက်၌ မကွေးမြို့သိုလှောင်ရုံမှ ပွင့်ဖြူမြို့သို့ ကယ်ဆယ်ရေးပစ္စည်းလေးမျိုးဖြစ်သည့် ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ ၁၄၅၄ အိမ်ထောင်စုအတွက်နှင့် အဝတ်ဟောင်းထုပ် ၂၂၀ ကီလိုဂရမ် ရှစ်ထုပ်ကိုလည်းကောင်း၊ မုံရွာမြို့သိုလှောင်ရုံမှ ကလေးမြို့သို့ ကယ်ဆယ်ရေးပစ္စည်းလေးမျိုးဖြစ်သည့် ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ ၁၀၀၀ အိမ်ထောင်စုအတွက်နှင့် တီရှပ်အထည် ၁၀၀၀၊ ခေါက်ဆွဲခြောက် (အထုပ်သေး) ၉၀၀၀၊ ရေသန့် တစ်လီတာဘူး ၃၀၀ နှင့် အဝတ်ဟောင်းထုပ် ၁၄၅ ကီလိုဂရမ် ခြောက်ထုပ်၊ နေပြည်တော်သိုလှောင်ရုံမှ ကလေးမြို့သို့ ကျားလုံချည် အထည် ၁၂၀၊ မလုံချည်အထည် ၅၀၀ ၊ မျက်နှာသုတ် ပဝါအထည် ၁၅၀၊ တီရှပ်အထည် ၅၀၀၊ ခြင်ထောင် အလုံး ၁၅၀ နှင့် မဝတ်ဝမ်းဆက် အစုံ ၂၀၀ ပေးပို့ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စက်လှေနစ်မြုပ်၍ လူလေးဦးသေဆုံး

**သနပ်ပင် ဩဂုတ် ၁**

သနပ်ပင်မြို့နယ် အောက်တကဲကျေးရွာအနီးတွင် ဇူလိုင် ၃၁ ရက်က စက်လှေနစ်မြုပ်ခဲ့၍ စက်လှေပေါ်ပါသူ ခြောက်ဦးအနက် ဒေါ်ငယ် (သားဖွားဆရာမ)၊ မဇူးဇူးဇင်၊ ဒေါ်ဌေးဌေးဝင်းနှင့် ကိုဝင်းဇော်ဦးတို့ လေးဦးသေဆုံးခဲ့သည်။

ဖြစ်ပွားပုံမှာဇူလိုင် ၃၁ ရက်က မင်းရွာတာဝကျေးရွာနေ ဒေါ်ငယ်သည် ကုလားချောင်းကြီးကျေးရွာရှိ မီခင်ဖြစ်သူထံ သွားရောက်ကန်တော့ရန်အတွက် ခင်ပွန်းဖြစ်သူ ဦးကိုကိုဇင်၊ သမီးဖြစ်သူ မဇူးဇူးဇင်၊ သားဖြစ်သူ မောင်သာအောင်ဟိန်း အစ်မဖြစ်သူ ဒေါ်ဌေးဌေးဝင်း တူဖြစ်သူ ယာဉ်မောင်း ကိုဝင်းဇော်ဦးတို့နှင့်အတူ မင်းရွာကျေးရွာမှ စက်လှေဖြင့် ထွက်ခွာလာစဉ် ညနေ ၃ နာရီတွင် အောက်တကဲကျေးရွာအနီး ရေပြင်ကျယ်၌ မိုးရွာလေတိုက်လှိုင်းလုံးရိုက်မိသဖြင့် စက်လှေ တိမ်းမှောက်နစ်မြုပ်ခဲ့သည်။ စက်လှေနစ်မြုပ်စဉ် ဦးကိုကိုဇင်မှာသားဖြစ်သူ မောင်သာအောင်ဟိန်းကို ဆယ်ယူကယ်တင်နိုင်ခဲ့ပြီး ကျန်သုံးဦးအား ဆယ်ယူရန်ကြိုးစားခဲ့သည့် ယာဉ်မောင်း ကိုဝင်းဇော်ဦး အပါအဝင် လေးဦးတို့မှာ ၄င်းနေရာတွင်ပင် ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူ လေးဦးတို့အား သနပ်ပင် ဆေးရုံသို့တင်ပို့စစ်ဆေးခဲ့ပြီး မင်းရွာ နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲထွဋ်(မင်းရွာ)**

# ကံထူးရှင်ပေါ်ထွက်

**နေပြည်တော် ဩဂုတ် ၁**

(၁၁၉)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဌာနခွဲမှ ယနေ့ထွက်ပေါ်လာသော ဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၅၀၀)**

ခ-၄၈၁၂၀၇

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)**

ဒ-၈၀၈၁၂၇၊ ပ-၈၉၈၃၅၇

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၅၀၀) ဆုများ**

ဇ-၄၄၃၁၀၈၊ ဈ-၃၁၇၇၆၀
မ-၅၅၀၈၄၁၊ ဖ-၉၆၅၀၀၂၊ ဈ-၅၃၆၅၁၆

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ**

ဘ-၉၅၇၈၀၉၊ ကက-၄၂၉၃၄၇၊ ဝ-၇၂၅၃၁၉၊ ဘ-၅၃၁၁၄၅
ဝ-၃၄၉၈၄၃၊ ကက-၅၈၀၃၄၉

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀) ဆုများ**

စ-၉၀၀၆၄၀၊ ယ-၄၇၄၄၆၇၊ ဗ-၇၆၄၉၁၀၊ ထ-၂၅၀၅၇၁
န-၁၃၅၃၁၂၊ ဖ-၉၇၆၂၆၀၊ ကဂ-၆၁၆၇၂၁

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုမဲများ**

ယ-၁၅၃၉၈၈၊ ဍ-၇၃၄၆၆၁၊ အ-၂၈၉၄၀၅၊ ကခ-၇၄၀၆၇၇
ပ-၁၄၂၇၁၉၊ ည-၅၆၂၇၄၅၊ ဟ-၇၂၅၇၈၂၊ ဖ-၄၉၂၇၇၀
ပ-၅၇၁၈၅၈၊ ဈ-၁၄၂၆၂၆၊ က-၁၅၅၃၂၈၊ လ-၁၀၇၅၀၈
စ-၇၂၈၄၂၉၊ ဟ-၈၄၆၄၄၃၊ က-၁၄၈၁၀၃၊ မ-၅၈၆၇၀၀

**(မြန်မာ့အလင်း)**

# မြေအောက်ရေတွင်း ၇၈၀ တူးဖော်မည်

**နွားထိုးကြီး ဩဂုတ် ၁**

နွားထိုးကြီးမြို့နယ်တွင် မြေအောက်ရေကို စက်ရေတွင်း ၁၀၀ တူး၍ စိုက်ပျိုးရေးအဖြစ် သုံးစွဲရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကုမ္ပဏီတင်ဒါခေါ်ယူ၍ စိုက်ပျိုးရေးအတွက် စက်ရေတွင်းများ တူးဖော်မည်ဟု သိရသည်။

နွားထိုးကြီးမြို့နယ်တွင် ရေအရင်းအမြစ် ဦးစီးဌာနက နှစ်စဉ်မြေအောက်ရေထုတ်၍ စိုက်ပျိုးရေရရှိရန် စက်ရေတွင်းများ ရာချီတူးဖော်နေရာ ငါးနှစ်အတွင်း စက်ရေတွင်း ၅၀၀ ကျော်ရှိနေပြီဖြစ်သည်။

မြေအောက်ရေဖြင့် စပါးပျိုးထောင်နိုင်သည်အထိ တောင်သူတွေ အကျိုးရှိလာသဖြင့် ယခင်ကိုင်းသီးနှံစိုက်ပျိုးမှ ယာသီးနှံများပါ စိုက်ပျိုးလာနေသည်။

မန္တလေးတိုင်းတွင် ၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ခြောက်မြို့နယ်၌ စက်ရေတွင်း ၇၈၀ တူးဖော်ရန် ရှိနေသည်။

**ခင်ဇာမွန်မြင့် (ဥပဒေ)**

# မင်းတပ်မြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တံတားခုနစ်စင်းရေထဲမျောပါ

**မင်းတပ် ဩဂုတ် ၁**

ချင်းပြည်နယ် မင်းတပ်မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မင်းတပ်- ကန်ပက်လက်လမ်း ၃၁ မိုင် ၆ ဖာလုံရှိ ချီချောင်း သံပေါင်ဘေလီတံတား အလျားပေ ၉၀၊ အကျယ် ၁၂ ပေ၊ ရှစ်ရွာ-တွီလီရွာကြားရှိ မုန်းချောင်းသံဘေလီတံတား အလျားပေ ၁၇၀၊ အကျယ် ၁၂ ပေ၊ ပန်းအော့ရွာ-လိုယောရွာကြားရှိ အမ်လောင်းချောင်းကြိုးတံတား အလျား ၁၈ ပေ၊ အကျယ်လေးပေ၊ ကြာလေလှိုင်းရွာ- ဒုမ်ဒိုရွာကြားရှိ မရိုန်လောင်းချောင်းကြိုးတံတား အလျားပေ ၈၀၊ အကျယ်လေးပေ၊ ချွတ်ရွာ-ဟီးလောင်းရွာကြားရှိ မလှေးလောင်းကြိုးတံတား အလျား ၁၂ ပေ၊ အကျယ် လေးပေ၊ ကြက်ဥတင်ရွာ-စံလယ်ကြီးရွာကြားရှိ ယောချောင်းကြိုးတံတား အလျား ၃၅ ပေ၊ အကျယ်လေးပေနှင့် ကန်ပက်လက်မြို့-ပူကွန်းရွာကြားရှိ ချီချောင်းကြိုးတံတား အလျားပေ ၁၂၀၊ အကျယ်လေးပေ စုစုပေါင်း တံတားခုနစ်စင်း ရေထဲ မျောပါခဲ့ကြောင်း သိရသည်။

**မင်းတပ်(ပြန်/ဆက်)**

### သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ဘောလုံးပြိုင်ပွဲဗိုလ်လု

**ရန်ကုန် ဩဂုတ် ၁**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၊ ပါမောက္ခချုပ်ဖလားဘောလုံးပြိုင်ပွဲ (၂၀၁၅)ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏမြက်ခင်းတု အားကစားကွင်း၌ကျင်းပခဲ့ရာ အနိုင်ရရှိသော နောက်ဆုံးနှစ် ဘီဒီအက်စ်အသင်းနှင့် နေရာအလိုက် အကောင်းဆုံးဆုရရှိသူများကို ပါမောက္ခချုပ် ပါမောက္ခဒေါက်တာရွှေတိုးက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ပြည်မြို့၌ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်ကျော်၊ မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များ မြစ်ရေဝင်ရောက်

**ပြည် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ဩဂုတ် ၁ ရက်မှစ၍ ဧရာဝတီမြစ်ရေသည် မြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ ထက်ကျော်လွန်လာသဖြင့် မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များ ဖြစ်သည့် မိုးခေါင်ရပ်ကွက်၊ ချောင်းနားတန်းရပ်ကွက်၊ နဝင်းနှင့်နဝင်းကွက်သစ်ရပ်ကွက်များသို့ မြို့၏မြောက်ဘက်ရှိ နဝင်းချောင်းမှတစ်ဆင့် မြစ်ရေလျှံတက် ဝင်ရောက်လာမှုကြောင့် ရေဘေးသင့်မိသားစုဝင်များကို ပြည်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီ၊ မီးသတ်၊ ပြည်သူ့ရဲနှင့် NGO အဖွဲ့များ ပူးပေါင်း၍ ယာယီရေဘေးကူညီစောင့်ရှောက်ရေးစခန်းလေးခုဖွင့်လှစ်ကာ အဆိုပါမိသားစုများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးတို့အတွက် ကူညီစောင့်ရှောက်ပေးလျက် ရှိကြောင်း သိရသည်။



ပြည်မြို့ပေါ် ယာယီရေဘေးကယ်ဆယ်ရေး စခန်းများဖြစ်သည့် နဝင်းအမက ဝါဆိုဘုန်းတော်ကြီးကျောင်း၊ နဝင်းတာရိုးနှင့် ရွှေပလ္လင်မော်ဘုရားတို့တွင် ရေဘေးသင့် အိမ်ထောင်စုပေါင်း ၂၂၇ စုမှလူဦးရေ ၁၂၀၀ ကျော်ကို မြို့ပေါ်ရပ်ကွက်များမှ ထမင်းထုပ်များဝေငှခြင်း၊ စေတနာရှင် အလှူရှင်များက ဆန်နှင့်အသင့်စား မုန့်ကြွပ်၊ ခေါက်ဆွဲခြောက်များ၊ ရေသန့်၊ အချိုရည်များ ဝေငှခြင်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကြီးကြပ်၍ နေထိုင်စားသောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်**

# စကားပြေအလေ့အလာ(၄)

မောင်ခင်မင်(ဓနုဖြူ)

"သမီးတို့ရောက်ပါပြီဆရာ"

"ကျွန်တော်တို့လည်း ရောက်ပါပြီ"

"အေး. . . အေး၊ စကားဆက်ဖို့ ကျန်နေသေးတာကိုးကွဲ့။ လွတ်လပ်ရေးခေတ်မှာတော့ စကားပြေအရေးအသားကို အာရုံစိုက်ပြီး စိစစ်ပြတဲ့ စာရေးဆရာကြီးတွေရဲ့ အဆိုအမိန့်တွေ၊ လမ်းညွှန်ချက်တွေ တော်တော်တွေ့လာရပါပြီ"

"ဟုတ်ကဲ့၊ ဘယ်ဆရာကြီးတွေပါလဲ ဆရာ"

"စကားပြေအရေးအသားအကြောင်း တော်တော်ကျယ်ကျယ်ပြန့်ပြန့်လမ်းညွှန်တဲ့ ဆရာကြီးတစ်ယောက်ကတော့ ဆရာကြီး ရွှေဥဒေါင်းပေါ့ကွယ်"

"ဟုတ်ကဲ့ဆရာ၊ ဆရာကြီးရွှေဥဒေါင်းရဲ့ 'တစ်သက်တာ မှတ်တမ်းနှင့်အတွေးအခေါ်များ' ဆိုတဲ့ စာအုပ်ထဲမှာ စာအရေးအသားအကြောင်း ပြောထားတာတွေ သမီးဖတ်ဖူးပါတယ်"

"ကျွန်တော်လည်း ဖတ်ဖူးပါတယ်ဆရာ"

" ဟုတ်ပါပြီ။ ဆရာကြီးရဲ့ အဲဒီစာအုပ်ကြီးဟာ အင်မတန်အရေးကောင်းတဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကြီးပေါ့ကွယ်။ အဲဒီစာအုပ်မှာ ဆရာကြီးက 'စာပေအရေးအသား' အကြောင်းကို ကဏ္ဍတစ်ခုအနေနဲ့ ဆွေးနွေးလမ်းညွှန်ထားတယ်"

"ပြောပြပါဆရာ"

"ဆရာကြီးက စာရေးရာမှာ မရှိမဖြစ်အနေနဲ့ သဘောကျတဲ့ အင်္ဂါသုံးရပ်ဆိုပြီး ပြထားတယ်။ အဲဒါတွေက 'ရိုးရိုးကလေးရေးခြင်း' ရယ်၊ 'အဓိပ္ပာယ်ရှင်းရှင်းရေးခြင်း' ရယ်၊ 'ဖတ်၍ချောခြင်း' ရယ်၊ အဲဒီအင်္ဂါသုံးရပ်ပါပဲ။ ဒီအင်္ဂါရပ်တွေကို ဆရာကြီးက ရှင်းပြထားသေးတယ်ကွဲ့."

"ပြောပြပါဆရာ"

"အချုပ်ပြောရရင် ရိုးရိုးကလေးရေးခြင်းဆိုတာက အဆန်းအကွန့် အညွှန့်အတက်တွေ မပါဘဲ ပုံမှန်အတိုင်း ရိုးရိုးရေးတာကို ဆိုလိုပါတယ်. . တဲ့။ ရှင်းရှင်းရေးခြင်းဆိုတာက တစ်ခေါက်ဖတ်လိုက်တာနဲ့ အလွယ်တကူနားလည်နိုင်အောင် ရေးတာကို ဆိုလို တာပါ။ အဲဒီနေရာမှာ ဆရာကြီးပေးတဲ့ ဥပမာက သိပ်ထိမိတာပဲကွဲ့."

"ဘယ်လိုပါလဲဆရာ"

"ဘယ်လောက်ခက်တဲ့ စာပဲဖြစ်ဖြစ် တစ်ခေါက်ဖတ်လိုက်ရုံနဲ့ 'နားသယ်ကို နှက်လိုက်ဘိသကဲ့သို့' အလန့်တကြား နားလည်စေတဲ့ စာရေးနည်းဟာ ဆရာကြီး သဘောကျတဲ့ စာရေးနည်းပါပဲတဲ့"

"တော်တော်ထိမိတဲ့ ဥပမာပဲနော်။ ကြားလိုက်ရုံနဲ့တောင် နားသယ်အရိုက်ခံလိုက်ရသလို အလန့်တကြား ဖြစ်လောက်ပါတယ်"

"အဲ. . နောက်အင်္ဂါရပ်တစ်ခုက ဖတ်၍ချောခြင်း မဟုတ်လား။ အဲဒါက ဖတ်လိုက်တဲ့အခါ 'ဒေါင်းဒေါင်းဒေါင်းဒေါင်းပြေးပြီး နားထဲကို အလိုက်သင့်ဝင်သွားတဲ့ စာမျိုးကို ဆိုလိုပါတယ်. . တဲ့"

"ဆရာကြီးရဲ့ အသုံးအနှုန်းတွေက သိပ်ကောင်းတာပဲနော်"

"ဟုတ်ပ့ါ။ ကဲ. . . အဲဒီစာအုပ်ကိုသားရောသမီးရော ဖတ်ဖူးတယ်ဆို။ ဘာတွေများမှတ်မိသလဲကွယ်"

"သမီးက 'ခွန်အားရှိသောစာ' ကို ဘယ်လိုရေးရမယ် ဆိုတာမှတ်မိပါတယ် ဆရာ"

"ကျွန်တော်ကတော့ 'ဝါကျလက်သမား'ဆိုတဲ့ အသုံးအနှုန်းကို မှတ်မိပါတယ်"

"ဟုတ်တယ်။ ဆရာကြီးက ခွန်အားရှိသောစာ (Forceful Language) ရေးတတ်ဖို့ ရေးမယ့်အကြောင်းအရာကို ကောင်းကောင်း နားလည်ရမယ်။ သင့်တော်တဲ့ စကားလုံးကိုရွေးပြီး အချက်ကျကျရေးတတ်ရမယ်။ ကြံ့ခိုင်ကျစ်လျစ်တဲ့ဝါကျမျိုး တည်ဆောက်တတ်ရမယ်ဆိုပြီး အကျယ်တဝင့်ရှင်းပြထားတယ်။ ပြန်ဖတ်ကြည့်ကြပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ စာရေးတဲ့သူကို 'ဝါကျလက်သမား'လို့ တင်စားထားတာလည်း တော်တော်ထိမိတယ်။ စာရေးမကောင်းရင် ဆရာကြီးရဲ့ ဝါကျလက်သမားကျောင်း က အောင်လက်မှတ်ရမှာ မဟုတ်ဘူးလို့လည်း သတိပေးထားသေးတယ်"

"ဟုတ်ကဲ့ပါ"

"ပြောစရာတွေကတော့ အများကြီးပါ။ ဆရာကြီး ပြောပြတဲ့ အတွေ့အကြုံတစ်ခုက စာရေးနေတဲ့သူတွေအတွက် မှတ်သားစရာသိပ်ကောင်းတာပဲ"

"ပြောပြပါဆရာ"

"အေးပါ။ ပြောပြချင်လို့စကားခံနေတာပါ။ ဆရာကြီးဟာ အင်္ဂလိပ်စာရေးဆရာကြီးနှစ်ယောက်ရဲ့ အရေးအသားကိုသဘောကျလွန်းလို့ ဆရာတင်ထားတယ်။ အဲဒီဆရာကြီးတွေက 'လော့ဒ်မကောလေး'နဲ့ 'ဆောမားဆက်မောမ်'ပါ။ ဘယ်လောက်သဘောကျသလဲဆိုရင် အဲဒီဆရာကြီးတွေရဲ့ စာရေးပုံကို အကြိမ်ကြိမ် ပီတိသောမနဿဖြစ်ပြီး သွေးထဲကိုစိမ့်ဝင်လာတဲ့အထိ သဘောကျတယ်တဲ့။ အဲဒါကို ဆရာကြီးရွှေဥဒေါင်းက 'သွေးကူး' ယူတဲ့နည်းလို့ ပြောပြထားတယ်။ အဲဒီလို သွေးကူးယူထားတဲ့အတွက် ဆရာကြီးရဲ့ ဝါကျတွေဟာ သူ့ဆရာနှစ်ယောက်ရဲ့ ဝါကျတွေလိုပဲ သပ်ရပ်ပြေပြစ်နေတယ်တဲ့။ ဆရာကြီးရွှေဥဒေါင်း သူရိယသတင်းစာ ခေါင်းကြီးပိုင်းရေးတဲ့ ဝါကျတွေကို တစ်ခါက ဆရာကြီးပီမိုးနင်းက 'ဆိပ်ကြီးပဲလှော်စားရတာနဲ့တူတယ်'လို့ မှတ်ချက်ချဖူးတယ်တဲ့။ ဝါကျတည်ဆောက်ပုံ ထုံထုံထိုင်းထိုင်း မဟုတ်ဘဲ ကြွပ်ကြွပ်ရွရွ ရှိလှတဲ့အကြောင်း ဆရာကြီးပီမိုးနင်းက ရှင်းပြပါသေးသတဲ့"

> စကားလုံးမနိုင်တဲ့သူတွေစာရေးရင် စကားလုံးက စာရေးတဲ့သူကို နှပ်ချတတ်တယ်။ စက်ရုံမှာ မန်နေဂျာမလုပ်တတ်ဘဲ တက်လုပ်ရင် အလုပ်သမားတွေနှပ်ချတာခံရသလို စကားမနိုင်ဘဲ စာရေးရင်လည်း စကားလုံးတွေက ကိုယ့်ကိုနှပ်ချတာ ခံရတတ်တယ်တဲ့။ အဲဒီအခါမှာ မုန့်ပျားသလက်အကြောင်းရေးပေမယ့် မုန်လာဥဖြစ်သွားနိုင်တယ်

"သိပ်တန်ဖိုးရှိတဲ့ မှတ်သားစရာတွေပါပဲဆရာ"

"ဆရာကြီးရွှေဥဒေါင်းရဲ့ စကားပြေအရေးအသားအကြောင်း ဆွေးနွေးချက်တွေဟာ ဆရာကြီး နှစ်ပေါင်းများစွာ စာရေးခဲ့တဲ့အတွေ့အကြုံကရတဲ့ အသိအမြင်တွေဖြစ်တဲ့အတွက် မှတ်သားစရာတွေချည်းပါပဲကွယ်"

"သမီးတို့ သေသေချာချာ ပြန်ဖတ်ပါ့မယ်ဆရာ"

"စကားပြေနဲ့ပတ်သက်ပြီး ဆရာကြီး ဒေါက်တာမောင်ဖြူးကလည်း လမ်းညွှန်ဆွေးနွေးထားပါတယ်။ ဆရာကြီးရဲ့စာတွေကို ဖတ်ဖူးကြမှာပေါ့"

"ဟုတ်ကဲ့၊ ဆရာကြီးရဲ့ ကလေးပြဇာတ်တွေ ဖတ်ဖူးပါတယ်ဆရာ"

"ဆရာကြီးက တဂိုးရဲ့ကဗျာတွေကိုလည်း ဘာသာပြန်ထားတယ်နော် ဆရာ"

"ဟုတ်ပါတယ်။ ဆရာကြီးရဲ့နာမည်ရင်းက 'ဒေါက်တာဂွမ်ကျော'ပါ။ ပညာရေး ပါရဂူဘွဲ့ကို တော်တော်စောစောရခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ ကလောင်နာမည်က 'မောင်ဖြူး' ဆိုတော့ 'ဒေါက်တာမောင်ဖြူး'လို့လည်း ခေါ်ကြတယ်။ နိုင်ငံခြားက ပညာရေးပါရဂူ ဘွဲ့ယူပြီးတဲ့နောက် ပညာရေးဌာနမှာ နှစ်ပေါင်းများစွာ အမှုထမ်းပြီး မြန်မာစာဖွံ့ဖြိုးဖို့၊ ကလေးစာပေထွန်းကားဖို့ အများကြီးဆောင်ရွက်ခဲ့တာပေါ့"

"ဟုတ်ကဲ့ပါဆရာ"

"ဆရာကြီးက စကားပြေအရေးကြီးပုံကိုလည်း မကြာခဏ ဆွေးနွေးတယ်။ ဆရာကြီးရဲ့ စကားတစ်ခွန်းက တော်တော် သတိပြုစရာကောင်းတယ်"

"ပြောပြပါဆရာ"

"ဆရာကြီးက ရေးဖူးတယ်။ 'မြန်မာတို့သည် ကဗျာလင်္ကာများတွင် ယစ်မူးနေသည့်အတွက် စကားပြေအရေးအသား နှစ်တစ်ရာလောက်နောက်ကျသွားသည်' တဲ့"

"မြန်မာတွေက စကားပြေထက် ကဗျာကို အလေးထားကြောင်း ဆရာကြီးဦးဖေမောင်တင် ပြောခဲ့တာမျိုးပေါ့နော်ဆရာ"

"ဟုတ်ပါတယ်။ ကဗျာကို အလေးထားသလောက် စကားပြေကို အလေးမထားတဲ့ မြန်မာ့စရိုက်ကို ထောက်ပြတာပါပဲ။ အားမရတာလည်း ပါမှာပေါ့။ ဒါကြောင့် 'ကဗျာလင်္ကာတွင် ယစ်မူးနေသည့်အတွက်'လို့ သုံးတာဖြစ်ပါလိမ့်မယ်"

"ဟုတ်ကဲ့ပါဆရာ"

"ခေတ်ရဲ့လိုအပ်ချက်နဲ့အညီ စကားပြေအရေးအသားပြောင်းလာပုံကို ဆရာကြီးက 'တိကျပြတ်သားသော စကားပြေ'ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးဖူးတယ်"

"ပြောပြပါဆရာ"

"ဆရာကြီးကရေးတယ်။ ဒီနေ့ခေတ်က 'ခေတ်မြန်'တဲ့ ဂြိုဟ်တုခေတ်၊ ဒုံးပျံခေတ်တဲ့ ။ အရင်ခေတ်တွေကတော့ 'ခေတ်နှေး၊ လှည်းခေတ်၊ လှေခေတ်'တဲ့"

"ဩော်. . . အရင်ခေတ်တွေက 'ခေတ်နှေး'မို့လို့ စာပေကို ဇိမ်နဲ့ရေးပြီး ဇိမ်နဲ့ဖတ်နိုင်ကြတယ်တဲ့။ စိတ်ကူးကောင်းဖို့ထက် 'နားသာ'ဖို့ အလေးထားတယ်တဲ့။ စိတ်ကူးကို စကားအလှအပတွေနဲ့ တန်ဆာဆင်ပြီး ဝေဝေဆာဆာရေးတယ်တဲ့"

"ဟုတ်ကဲ့ပါ"

"အဲ. . . ခုခေတ်ကတော့ ခေတ်မြန်မို့လို့ စာပေကို အပြေးအလွှားရေးကြဖတ်ကြရတယ်တဲ့။ ဒါကြောင့် ခေတ်နဲ့အညီ တိကျပြတ်သားတဲ့စကားပြေမျိုး ကို တိုတိုတုတ်တုတ်ရေးရတယ်တဲ့။ ဆရာကြီးက ရှေးခေတ်က တွင်ကျယ်ခဲ့တဲ့ အရေးအသားမျိုးကို ထောက်ပြပြီး 'ထိုခေတ်တို့ကုန်ပြီ'လို့ ပြတ်ပြတ်သားသား မိန့်ဆိုထားတာလေ"

"မှတ်သားစရာပါပဲဆရာ"

"ဩော်. . . ဆရာကြီးမောင်ထင်လည်း စကားပြေအကြောင်း တော်တော်များများ ရေးဖူးတယ်။ ဆရာမှတ်မိနေတာက ၁၉၆၀ ကျော်လောက်က ဆရာကြီးရေးတဲ့ ဆောင်းပါးနှစ်ပုဒ်ရှိတယ်။ တစ်ပုဒ်က 'စာရေးလိုသော်' တဲ့၊ တစ်ပုဒ်က 'စာရေးဆရာဖြစ်လိုသော်' တဲ့"

"ကျွန်တော်တို့မဖတ်ဖူးပါဘူး ဆရာ"

"ဆရာကြီးက ဘယ်လိုရေးသလဲဆိုရင် စာရေးတဲ့အခါ လိုရင်းမရောက်ဘဲ အဆာကျယ်သွားတာမျိုးဟာ အကြောင်းနှစ်ခုကြောင့် ဖြစ်နိုင်တယ်. . . တဲ့။

"အဲဒီအကြောင်းနှစ်ခုက စကားအသုံးအနှုန်း မနိုင်နင်းလို့ရယ် နိုင်နင်းလွန်းလို့ရယ်တဲ့"

"ဩော် . . . တစ်မျိုးပဲနော်"

"အေး. . . ဆရာကြီးကရှင်းပြတယ်။ စကားမနိုင်နင်းတဲ့သူဟာ ဘယ်စကားသုံးရမှန်းမသိတော့ နီးစပ်ရာ စကားလုံးတွေ စုပြုံသုံးလိုက်မိတတ်တယ်။ အဲဒီအခါ စကားဖောင်းပွပြီး အသံကျယ်သွားရောတဲ့"

"ဟုတ်ကဲ့ပါ"

"အဲ. . . စကားနိုင်နင်းလွန်းတဲ့ သူကျတော့လည်း စကားတစ်လုံးသုံးတော့မယ်ဆိုရင် အဲဒီအခါ စကားနဲ့ အဓိပ္ပာယ်တူတဲ့ စကားတွေအများကြီး ခေါင်းထဲပေါ်လာပြီး စုပြုံသုံးလိုက်တော့ အဆာကျယ်သွားပြန်ရောတဲ့"

"စိတ်ဝင်စားစရာပဲနော်ဆရာ"

"ပြီးတော့ ဆရာကြီး မောင်ထင်ပြောတာတစ်ခုရှိသေးတယ်။ စကားလုံး မနိုင်တဲ့သူတွေစာရေးရင် စကားလုံးကစာရေးတဲ့သူကို နှပ်ချတတ်တယ်တဲ့။ စက်ရုံမှာ မန်နေဂျာမလုပ်တတ်ဘဲ တက်လုပ်ရင် အလုပ်သမားတွေ နှပ်ချတာခံရသလို စကားမနိုင်ဘဲ စာရေးရင်လည်း စကားလုံးတွေက ကိုယ့်ကို နှပ်ချတာ ခံရတတ်တယ်တဲ့။ အဲဒီအခါမှာ မုန့်ပျားသလက်အကြောင်းရေးပေမယ့် မုန်လာဥဖြစ်သွားနိုင်တယ်တဲ့။ ရေးချင်တာတစ်မျိုး ရေးမိတာတစ်မျိုး ဖြစ်တတ်ပုံကို ဥပမာပေးတာလေ"

"မှတ်လောက်သားလောက်ပဲနော်ဆရာ"

"ဆရာကြီးကရေးသေးတယ်။ တကယ်စာရေးကောင်းတဲ့သူတွေဟာ. . တဲ့၊ ကျွန်တော်တို့ ဆယ်လုံးရေးမှ အဓိပ္ပာယ်ရေးရေးထင်တဲ့အကြောင်းကို စာတစ်လုံးတည်းနဲ့ ထင်းခနဲ့အဓိပ္ပာယ်ပေါ်အောင် ရေးတတ်ကြတယ်. . တဲ့"

"မှတ်သားစရာသိပ်ကောင်းတာပဲနော် ဆရာ"

"ဆရာကြီးတွေက အတွေ့အကြုံကရတဲ့ စာရေးနည်းတွေ၊ သဘောတရားတွေကို ညွှန်ပြထားတာမို့ မှတ်သားစရာတွေပါ။ ဒါပေမယ့် ကဗျာဖွဲ့နည်းတွေလို စကားပြေရေးနည်းကို တစ်စုတစ်စည်းတည်းရေးထားတဲ့ စာအုပ်စာတမ်းမျိုးတော့ အဲဒီအချိန်အထိ မပေါ်သေးဘူးလို့ဆိုရမယ်။ ကဲ. . . နားကြဦးစို့"

"ဟုတ်ကဲ့ပါ ဆရာ"

---

# နမ့်ပေါ့ချောင်းတံတား အသစ်တည်ဆောက်ပြီးစီး



**ကျောက်မဲ ဩဂုတ် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့တွင် ဇူလိုင်လနောက်ဆုံးပတ်က မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ တောင်ကျချောင်းရေများကြောင့် ဒုဋ္ဌဝတီမြစ်နှင့် နမ့်ပေါ့ချောင်းတို့ရေလျှံကာ သီပေါ၊ နမ့်ဆန်၊ နမ္မတူ၊ မန်တုံမြို့နယ်များသို့ ဆက်သွယ်သည့် လမ်းပိုင်းမှ နမ့်ပေါ့ချောင်းတံတားကျိုးကျသွားပြီး လူနှင့်ယာဉ်များသွားလာမှု အခက်အခဲဖြစ်ခဲ့သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပျက်စီးသွားသော တံတားဘေးတွင် ယာယီဘေလီသံပေါင်တံတားကို တည်ဆောက်လျက်ရှိရာ ယခုအခါ တံတားကို အပြီးသတ်တည်ဆောက်နိုင်ခဲ့၍ သံဃာတော်များပင့်ဆောင်ကာ အန္တရာယ်ကင်းပရိတ်များရွတ်ဖတ်ကြပြီး တံတားပေါ်သို့ လူနှင့်ယာဉ်များ ဖြတ်သန်းသွားလာခွင့် ပြုလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမရပူရ၊ စဉ့်ကိုင်နှင့် မြစ်သားမြို့များ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ




**နေပြည်တော် ဩဂုတ် ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက ယခုကဲ့သို့ တွေ့ဆုံခြင်းဖြင့် ဒေသအကျိုးကို ပိုမိုဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ ယခုအခါ ဒေသအချို့၌ မိုးရွာသွန်းမှုများပြားပြီး လမ်း၊ တံတားများနှင့် လူနေအိမ်များ ပျက်စီးခြင်း၊ ကျွဲ၊ နွားများ ရေလွှတ်ရာသို့ ရွှေ့ပြောင်းရခြင်းများအပေါ် ယခုကဲ့သို့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ရေဘေးကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်ပြောကြားရာတွင် လာမည့်(၉၉)ရက်အကြာတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ပါကြောင်း။

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် အားလုံးပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ထည့်သွင်းပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **(ဓာတ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေး-စစ်ကိုင်းလမ်း ဝဲယာတစ်လျှောက်၌ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဧရာဝတီမြစ်ရေဝင်ရောက်သော ရွှေကြက်ယက်ကျေးရွာအုပ်စုမှ အိမ်ထောင်စုဝင်များအား တွေ့ဆုံပြီး လိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နှင့် မြစ်သားမြို့များသို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမများ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကော်မတီ(၃)ရပ်မှ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်ပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ နံနက် ၉ နာရီခွဲတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခံခဲ့ရသည့် မှော်ဘီမြို့နယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မှော်ဘီမြို့ အမှတ်(၂)ရပ်ကွက် ရွှေမော်တင်ဘုရား ဓမ္မာရုံအတွင်း ရေလွှမ်းမိုးခံရသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး **(ယာပုံ)** ရေကြီးမှု နောက်ဆက်တွဲဖြစ်စဉ်များဖြစ်သည့် ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ် ပွားစေရေးအတွက် ရေကို ကျိုချက်၍ သောက်သုံးရန်၊ ရောဂါဖြစ်ပွားပါက ဆေးရုံသို့လျင်မြန်စွာ သွားရောက်ကုသခြင်း ဆောင်ရွက်ရန်နှင့် မြွေအန္တရာယ်ကင်းရှင်းရေး သတိထားကြရန် အားပေးမှာကြားပြီး ဆန် ၁၀ အိတ်၊ ဆီငါးပိသာနှင့် ရေသန့်ဘူးများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အမှတ်(၄)ရပ်ကွက်ရှိ ရေလွှမ်းမိုးခံရသော ပြည်သူများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် မှော်ဘီမြို့ အမှတ်(၂)ရပ်ကွက်မှ အိမ်ထောင်စု ၃၉ စု ရေဘေးသင့်ပြည်သူ ၁၃၉ ဦး၊ အမှတ်(၃)ရပ်ကွက်မှ အိမ်ထောင်စုငါးစု လူဦးရေ ၁၈ ဦး၊ အမှတ်(၄)ရပ်ကွက်မှ အိမ်ထောင်စု သုံးစု လူဦးရေ ၁၅ ဦးနှင့် အိမ်ထောင်စုသုံးစုနှင့် လူဦးရေ ၁၀ ဦးတို့အား သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းများ၌ ထားရှိကြောင်း၊ ရေဘေးသင့်ပြည်သူ ၄၀၀၀ ခန့်အား မှော်ဘီတပ်နယ်မှူးရုံးနှင့် လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ထမင်းထုပ်နှင့် သောက်ရေသန့်များ ဖြန့်ဝေပေးခဲ့ပြီး မှော်ဘီဗဟိုဆေးတပ်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မြို့နယ်အရန် မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရေကြီးနစ်မြုပ် ရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

မြန်မာ့မီးရထား တိုင်းအမှတ် (၁၀) ဂန့်ဂေါ-ကလေးရထားလမ်းပိုင်း၊ နတ်ချောင်းနှင့် ကလေးဘူတာကြား မိုင်တိုင် (၇၁၀/၂၂-၂၃)ရှိ တံတားအမှတ် (၁၂၃၀)၏ ကလေးဘက်၊ ကမ်းကပ်ခုံ၊ ဂန့်ဂေါဘက်သို့ ယိုင်လဲပြီး မိုင်တိုင် (၇၁၀/၂၃) မှ (၇၁၁/၇)အထိ ရထားလမ်းရေတိုက်စားနေခြင်း၊ ရေ တစ်ပေနှင့် ခြောက်လက်မခန့် သံလမ်းပေါ်ရေကျော်နေခြင်း၊ တာပခုံးများပျက်စီးနေခြင်းများကြောင့် နတ်ချောင်း-ကလေးလမ်းပိုင်းကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ပိတ်ထားခဲ့ရပြီး အမှတ်(၁/၁၀၀၃) အဆန်နှင့် အမှတ်(၁၀၀၁) အဆန် ခရီးတိုရထား နှစ်စီးကို နတ်ချောင်းဘူတာ၌ ဆိုင်းငံ့ရပ်ထားခဲ့သည်။

အလားတူ ကလေး-ဂန့်ဂေါလမ်းပိုင်း၊ စည်းဟောင်-မှန်တော ဘူတာကြား မိုင်တိုင်(၆၈၇/၁၀-၁၁)ရှိ မြောင်းချောင်းတံတား(၁၁၁၇)၊ PR(2)၊ (3) ရေလယ်တိုင် ရေတိုက်စားမျောပါခြင်း၊ ဂါဒါများရေထဲပြုတ်ကျမျောပါခြင်း၊ ဂန့်ဂေါဘက် တာပေါင်ရေတိုက်စားမှုဖြစ်ခြင်းများကြောင့် စည်းဟောင်-မှန်တော ရထားလမ်းပိုင်းကို ဇူလိုင် ၃၁ ရက် ညနေ ၄ နာရီခွဲတွင် ပိတ်ထားခဲ့သည်။

ထို့အပြင် ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီခွဲတွင် မင်းဘူး-သရက်လမ်းပိုင်း၊ လက်ပန်နှင့် ကြာကန်ဘူတာကြား မိုင်တိုင်(၂၉၅/၁၃-၁၂) ၌ အလျား ပေ ၆၀၊ အနံ ခြောက်ပေ၊ အနက် ခြောက်ပေခန့် တာပေါင်မြေသားများ မရှိခြင်း၊ သံလမ်းနှင့် ကွန်ကရစ်ဇလီဖားများ တွဲလောင်းကျနေခြင်းကို မြန်မာ့မီးရထားလမ်းပိုင်း စစ်ဆေးရေးအဖွဲ့က အချိန်မီသိရှိခဲ့ပြီး မင်းဘူး(၂) အစုန်ရထားကို အန္တရာယ်ကင်းစွာရပ်တန့်စေနိုင်ခဲ့သည်။ အဆိုပါရထားကို တူလူရပ်စခန်းသို့ နောက်ပြန်ဆုတ်ခဲ့ရပြီး ရထားပေါ်ပါခရီးသည်များအား အမှတ်(၁၉၉/၂၀၀) RBE ရထားသို့ ကူးပြောင်းပို့ဆောင်ရန် စီစဉ်ပေးခဲ့သည်။

အလားတူ မိုင်တိုင် (၂၉၁/၁၂-၁၃)ကြားနှင့် (၂၉၅/၁၁-၁၃)ကြားနေရာများ၌ တောင်ကျချောင်းရေတိုက်စားပြီး အလျား ပေ ၄၀၊ အနံ ပေ ၄၀၊ အနက် ပေ ၂၀ ခန့် ရေတိုက်စားမှုဖြစ်ပွားခြင်းကို အင်ဂျင်နီယာ(သံလမ်း/မင်းဘူး)နှင့် လုပ်သား ၂၀ တို့က ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

တောင်တွင်းကြီး-မကွေးလမ်းပိုင်း၊ ယင်းသာစည်နှင့် ထန်းပင်စမ်းကြား၊ မိုင်တိုင်(၃၀၈/၁၃-၁၇)ရှိ တံတားအမှတ်(၆၂)၌ ဇူလိုင် ၃၁ ရက် နံနက်က တာပေါင်ရေတိုက်စားမှုဖြစ်ပေါ်ခြင်းကို အင်ဂျင်နီယာ (သံလမ်း/မကွေး) နှင့်အဖွဲ့က အချိန်မီပြုပြင်ပြီးစီးခဲ့သဖြင့် ရထားလမ်းပိုင်းပိတ်ရခြင်းမရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းနစ်မြုပ်မှုများကြောင့် ပျက်စီးသွားခဲ့သော ရထားလမ်းပိုင်းများ၊ တံတားများကို မြန်မာ့မီးရထား တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထား၊ တိုင်းအမှတ်(၂)နယ်မြေ ရေဦး-ချမ်းသာကြား မိုင်တိုင် (၅၁၂/၃-၄) ရှိ တံတားအမှတ်(၂၅၉)၌ ဇလီဖားထပ်ခွေလုပ်ငန်းနှင့် ၃၈ ပေ Wain Bean နှင့် Rail Girder ကို ပြန်လည်စစ်ဆေးခြင်း၊ ချဉ်းကပ်လမ်းနှစ်ဖက်ကို ကြံ့ခိုင်အောင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး အမှတ်(၅၉) အဆန်ရထား စက်ခေါင်း DD 949 နှင့် တွဲ သုံးတွဲဖြင့် စမ်းသပ်မောင်းနှင်ခဲ့ရာ အဆင်ပြေစွာ ဖြတ်သန်းမောင်းနှင်နိုင်ပြီဖြစ်သဖြင့် ရေဦး-ချမ်းသာ ရထားလမ်းပိုင်းကို ဇူလိုင် ၃၁ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ပခုက္ကူ-ကျောသာလမ်းပိုင်း ကျောသာ-ခေါင်းပေါင်းဘူတာကြား၌ ကျောက်ရောမြေနှင့် ကျောက်တုံးကြီးများပြိုကျခြင်းကို အင်ဂျင်နီယာ (သံလမ်း)နှင့် လုပ်သားများအဖွဲ့က ဘက်ဟိုးဖြင့် ဖယ်ရှားရှင်းလင်းခဲ့ရာ ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီ ၂၀ မိနစ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ရထားများ ပုံမှန် ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကနီမြို့တွင် ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆန်များထောက်ပံ့

**ကနီ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့ရှိ မြို့ပေါ်ရပ်ကွက်နှစ်ခုမှ မြေနိမ့်ပိုင်းနေရာများတွင် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းမှစတင်၍ မြစ်ရေဝင်ရောက်သဖြင့် ယနေ့ နံနက်ပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များသည် ရေဘေးသင့်အိမ်ထောင်စုများသို့ စက်လှေများဖြင့်သွားရောက်ပြီး တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်နှုန်းဖြင့် အိမ်ထောင်စု ၂၉၇ စုအတွက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ကနီမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ရပ်ကွက်နှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉ အုပ်စုမှ ကျေးရွာ ၄၆ ရွာရှိ အိမ်ထောင်စု ၄၁၂၄ စုသည် ရေများဝင်ရောက်လျက်ရှိသဖြင့် အဆိုပါကျေးရွာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများက သက်ဆိုင်ရာကျေးရွာအုပ်စုများအလိုက် လုပ်ငန်းတာဝန်များ ခွဲဝေကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကနီမြို့၏ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်မှာ ၁၂၃၃ စင်တီမီတာဖြစ်ပြီး ယနေ့တွင် ၁၃၁၆ စင်တီမီတာအထိ ရောက်ရှိနေကာ စိုးရိမ်ရေအမှတ်အထက် ၈၃ စင်တီမီတာ ရောက်ရှိနေကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

**ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ်နားထောင်ပါ**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ အမှတ်(၁) ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအား ကြည့်ရှုအားပေးစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

* ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ကလေး) အောင်ဇေယျရိပ်သာ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇော်ဦး၊ ကလေးခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် မြို့မိမြို့ဖတစ်ဦးတို့က ကလေးခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုအခြေအနေများနှင့် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ အမှတ်(၁)ရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ အမှတ်(၂) ရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ အမှတ်(၃) ရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းအတွင်းရှိ အမှတ်(၄) ရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းအတွင်းရှိ အမှတ်(၅) ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် ပြည်သူများအား ကြည့်ရှုအားပေးပြီး ကလေးမြို့ ကလေးဝလမ်းရှိ အထွေထွေရောဂါကုဆေးရုံကြီးအနီး ရေကြီးရေလျှံနေမှုအား ကြည့်ရှုသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာတွင်လည်းကောင်း၊ ကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးရာတွင် လည်းကောင်း၊ နိုင်ငံတော်သမ္မတက ပြောကြားရာတွင် ကလေးခရိုင်အတွင်း နှစ်ပေါင်း ၁၀၀ ကျော်အတွင်း မကြုံစဖူး ရေလွှမ်းမိုးမှုဖြစ်စဉ် ပေါ်ပေါက်ခဲ့ခြင်းကြောင့် မိမိကိုယ်တိုင် လာရောက်ကူညီအားပေးခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်ရက်တွင် ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်၊ ရဟတ်ယာဉ်များ ဆင်းသက်နိုင်ခြင်းမရှိကြောင်း၊ ယနေ့ ရာသီဥတုကောင်းမွန်သည်နှင့် မိမိတို့ကိုယ်တိုင် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်ချိန်တွင် ပထမဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းမှာ အသက်ရှင်နိုင်ရေးအတွက် ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးရန် ဖြစ်ကြောင်း၊ ထိုလုပ်ငန်းကို အတိုင်းအတာတစ်ခုထိ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် ကျန်ရှိနေသောသူများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရမည် ဖြစ်ကြောင်း၊ ကလေးဒေသတွင် လှေလုံလောက်စွာ မရှိသည့်အတွက် တပ်မတော်မှ လှေများ ပို့ဆောင်ပေးနေသကဲ့သို့ အခြားဒေသများမှ လှေများလည်း ပို့ဆောင်ပေးမည်ဖြစ်ကြောင်း။

ဒုတိယလုပ်ငန်းစဉ်အဖြစ် ဘေးလွတ်ရာ ဒုက္ခသည်စခန်းများသို့ ရောက်ရှိနေသူများကို စားဝတ်နေရေး၊ ကျန်းမာရေးအဆင်ပြေအောင် ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ မြို့ပေါ်ရှိ စေတနာရှင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာများက ကူညီပံ့ပိုးဆောင်ရွက်ပေးရန်လိုကြောင်း၊ စခန်းများသို့မရောက်ဘဲ နီးစပ်ရာနေရာများတွင် ခိုလှုံနေသူများကိုလည်း စာရင်းကောက်ယူ ထောက်ပံ့ပေးရန်လိုကြောင်း၊ ကလေးဒေသတွင် တပ်မတော်မှ အရန်ဆန်စပါးတင်း တစ်သိန်းသုံးသောင်းကျော် ရှိသဖြင့် ကြိတ်ခွဲပြီး ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် မုံရွာမှလေယာဉ်ဖြင့်လည်း တင်ပို့ပေးမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ဒေသတွင်ဝယ်ယူရရှိနိုင်သည့် အဝတ်အထည်များကို ဝယ်ယူထောက်ပံ့ပေးရန်နှင့် နိုင်ငံတော်မှလိုအပ်သည့် ငွေကြေးများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း။



ကလေးမြို့အတွင်း ရေဝင်ရောက်နေရာ ဒေသခံပြည်သူများ လှေများဖြင့်သွားလာနေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

တတိယလုပ်ငန်းစဉ်အဖြစ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရေတိုဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ခွဲခြားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နေအိမ်များ ပြန်လည်ဆောက်လုပ်နိုင်ရန်၊ ဆက်သွယ်ရေး လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်၊ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော စာအုပ်စာတမ်းများ ပြန်လည် ဖြည့်ဆည်းပေးရန်၊ နောက်ဆက်တွဲရောဂါများ မဖြစ်ပေါ်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်တို့ကို ဦးစားပေးဆောင်ရွက် လိုကြောင်း၊ ပျက်စီးသွားသောလယ်ယာမြေများ ပြန်လည်ဖော်ထုတ်ရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း။

ရေကျပြီးနောက် မိမိတို့ကျေးရွာများသို့ ပြန်သွားချိန်တွင် လိုအပ်မည့် ရိက္ခာ၊ မျိုးစပါးစသည်များကို တွက်ချက် ထောက်ပံ့ပေးရန်လိုကြောင်း၊ တိုင်းဒေသကြီး အစိုးရအနေဖြင့် လိုအပ်သည့် ငွေကြေးပမာဏကို တွက်ချက်တင်ပြရန်နှင့် ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သမျှပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် ချင်းပြည်နယ်တွင်လည်း တောင်ပြိုမှုများဖြစ်နေသဖြင့် ဆက်သွယ်ရေးလမ်းကြောင်းပွင့်အောင် အမြန်ဆောင်ရွက်ပြီး ဆန်နှင့် ရိက္ခာများ အမြန်ပေးပို့ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကလေးခရိုင်အတွက်သာမက နိုင်ငံတစ်ဝန်းရှိ သဘာဝဘေးဒဏ် ခံစားနေရသည့် ပြည်သူများကို အစွမ်းကုန် ကူညီသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းငါးခု၌ ရေဘေးသင့်ပြည်သူ ၈၁၈၇ ဦး ခိုလှုံလျက်ရှိပြီး နိုင်ငံတော်သမ္မတ ရောက်ရှိစဉ် ရေဘေးသင့်ပြည်သူများအတွက် ကျားလုံချည်အထည် ၁၁၂၀၊ မလုံချည်အထည် ၁၅၀၀ ၊ တီရှပ်အထည် ၁၅၀၀ ၊ မျက်နှာသုတ်ပဝါအထည် ၁၁၅၀ ၊ စောင်အထည် ၁၀၀၀ ၊ ခေါက်ဆွဲခြောက်ဖာ ၅၀၀ ၊ ရေသန့်ဘူး ၁၁၁၀ နှင့် ဆေးမျိုးစုံ သေတ္တာ ၂၀ တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



ကလေးမြို့အတွင်း ရေဝင်နစ်မြုပ်သည့်နေရာများကို တွေ့ရစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂယာမြို့ မြန်မာဘုန်းတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်

**နေပြည်တော် ဩဂုတ် ၁**

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဇူလိုင် ၃၁ ရက် ဒေသ စံတော်ချိန် နံနက် ၅ နာရီက ဂယာမြို့ရှိ မဟာဗောဓိစေတီတော်အား ဖူးမြော်ကြည်ညိုပြီး မဟာဗောဓိညောင်ပင်၌ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဗုဒ္ဓဂယာမြန်မာကျောင်းမှ သံဃာတော်များက အနေကဇာတင်ပူဇော်ကြကာ မဟာဗောဓိညောင်ပင်ကို ရေချမ်းသွန်းလောင်း ကုသိုလ်ပြုကြသည်။

ဆက်လက်၍ နံနက် ၈ နာရီခွဲတွင် စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓဂယာဥယျာဉ်တော်အတွင်းရှိ သတ္တဌာနဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဗုဒ္ဓဂယာထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီရုံးခန်း၌ မဟာဗောဓိစေတီတော်မြတ်အတွက် အလှူငွေများ စုပေါင်းလှူဒါန်းကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် ဂယာမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြပြီး ဆရာတော်များကို ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် ဗာရာဏသီမြို့ရှိ ဓမ္မရာဇိက စေတီတော်နေရာသို့ ရောက်ရှိပြီး မိဂဒါဝုန်ဆေးဝက်ဘာ မြန်မာဘုန်းတော်ကြီးကျောင်းဆရာတော် ဒေါက်တာအရှင်မဏ္ဍလနှင့်အတူ စေတီတော်ကို ဖူးမြော်ခြင်း၊ စေတီတော်၏ ပိန္နဲတိုင်နေရာတွင် ရွှေသင်္ကန်းကပ်လှူခြင်း၊ မိဂဒါဝုန် ရခိုင်ကျောင်းတိုက်အတွက် ကြေးဆင်းတုတော်တစ်ဆူ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပြီး ဓမ္မေခစေတီတော်ကို ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မူလဂန္ဓကုဋီစာတ်တော်တိုက်၌ မိဂဒါဝုန် မြန်မာဘုန်းတော်ကြီးကျောင်းမှ ဆရာတော် သံဃာတော်များကို ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

(မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

နေပြည်တော် ဩဂုတ် ၁

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဂယာမြို့ Officer Training Academy သို့ ယနေ့ နံနက်ပိုင်းတွင်ရောက်ရှိရာ ကျောင်းအုပ်ကြီး Lt.General R K Sharma SM နှင့် တာဝန်ရှိသူများက ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။**




ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗိုလ်သင်တန်းကျောင်း Sport Medicine Centre၊ စစ်ရေးပြကွင်း၊ ဗိုလ်လောင်းအိပ်ဆောင်၊ စားရိပ်သာဆောင်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဂယာမြို့မှ ကိုးလ်ကတ္တားမြို့သို့ ဆက်လက်ထွက်ခွာသည်။

ဆက်လက်၍ ကိုးလ်ကတ္တားမြို့မှတစ်ဆင့်ထွက်ခွာရာ မြန်မာနိုင်ငံ စစ်တွေမြို့ လေဆိပ်သို့ ညနေပိုင်းတွင် ရောက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူ ၄၀၀ ကို တွေ့ဆုံအားပေးစကား ပြောကြားကာ တပ်မတော်နှင့်အစိုးရဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်ပြည်သူများက ထောက်ပံ့လှူဒါန်းသော အလှူငွေကျပ်သိန်း ၂၅၀၀၊ ဆန်အိတ် ၇၀၀၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် အခြားထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ **(ဝဲပုံ)**

ဩဂုတ် ၂ ရက်တွင် တပ်မတော်လေယာဉ်ဖြင့် ရော်ဘာစက်လှေများနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများ၊ နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ဆေးဝါးများထပ်မံပို့ဆောင်သွားမည်ဖြစ်ပြီး ကယ်ဆယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် တပ်မတော်ရဟတ်ယာဉ်နှစ်စင်းကိုလည်း ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြဝတီ)

## မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

**နေပြည်တော် ဩဂုတ် ၁**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**(မိုး/ဇလ)**

# တမူးခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး နေအိမ်များရေနစ်မြုပ်၊ လမ်းတံတားများ ထိခိုက်ပျက်စီး

**နေပြည်တော် ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်အထိ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် လမ်းတံတားများ ထိခိုက်ပျက်စီးခဲ့ပြီး လူနေအိမ်များ ရေနစ်မြုပ် ခဲ့၍ ကူညီကယ်ဆယ်၊ ရွှေ့ပြောင်းနေရာချထားရေးနှင့် ထောက်ပံ့ပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တံတားများပျက်စီးမှုအခြေအနေမှာ တမူး-ကလေး ကားလမ်းမိုင်တိုင်(၆၀/၁)နှင့် (၆၀/၂) အကြားရှိ အရှည် ပေ ၃၁၀ ကမကြီးဘေလီတံတား ရေလယ်အောက်ခံ ကွန်ကရစ်တိုင် သုံးတိုင် ငါးလုံးတန်းပါ သစ်သားရေလယ်ဒေါက်တိုင် သုံးတိုင်မှာ ရေစီးဖြင့်မျောပါသွားခဲ့သဖြင့် ယာဉ်များဖြတ်သန်း၍ မရတော့ကြောင်း၊ တမူး-ကလေး ကားလမ်းတွင် မိုင်တိုင်(၅၇/၅)နှင့် (၅၇/၆)အကြားရှိ ခမ်းပါတ်မြို့အဝင် ကနန်ကျေးရွာ ဘေလီသစ်သားတံတား အရှည် ပေ ၂၉၀ သည် ကနန်ကျေးရွာဘက်ခြမ်း တံတားချဉ်းကပ်လမ်းရေတိုက်စား၍ ပေ ၄၀ ခန့် ရေစီးဖြင့် မျောပါတိုက်စားပျက်စီးခဲ့ပြီး ယာဉ်များဖြတ်သန်းသွားလာ၍မရကြောင်း၊ တမူး-ကလေးလမ်းမပေါ်ရှိ ခမ်းပါတ်မြို့ အမှတ်(၂)ရပ်ကွက် မိုင်တိုင်(၅၆/၆)နှင့် (၅၆/၇)ကြားရှိ ဘေလီသံတံတား အမှတ် (၇/၅၇) အရှည်ပေ ၂၈၀ ၏ သစ်သားရေလယ်တိုင် တစ်တိုင်နှင့် အောက်ခံတိုင်တစ်တိုင်မှာ ရေစီးဖြင့်မျောပါသွား၍ ယာဉ်များဖြတ်သန်း၍ မရကြောင်း၊ တမူးမြို့ မြို့မရပ်ကွက်ရှိ ပါဟဲချောင်းကွန်ကရစ်တံတား၏ ချဉ်းကပ်လမ်း ပေ ၅၀ ရှိ နန်းဖာလုံဘက်ခြမ်း ချဉ်းကပ်လမ်း ပေ ၃၀ ခန့်မှာ ရေတိုက်စားခဲ့ကြောင်း။

တမူးမြို့နယ် တီးတိန်ယံကျေးရွာနှင့် ရန်လင်းဖိုင်ကျေးရွာကြား မိုင်တိုင် (၇၃/၅)နှင့် (၇၃/၆) ကြား ပေ၂၁၀ ရှိ ဘေလီတံတားအမှတ်(၁/၇၄)၏ ရေလယ်တိုင်တစ်တိုင်မှာ ရေစီးနှင့်အတူ မျောပါသွားခဲ့သဖြင့် ယာဉ်များဖြတ်သန်း၍မရကြောင်း၊ တမူး-ကလေးကားလမ်းမပေါ်ရှိ မိုင်တိုင် အမှတ်(၇၁/၃)နှင့်(၇၁/၄)ကြား တံတားအမှတ်(၄/၇၂) တွီဗန်တံတားအရှည် ပေ ၂၁၀ ဘေလီတံတား၏ ကွန်ကရစ်ရေလယ်တိုင် ပြိုကျပျက်စီးပြီး ကမ်းပါးပြိုကျမှုကြောင့် ယာဉ်များ သွားလာ၍ မရကြောင်း။

တမူး-စေတီလမ်း(မင်းသာကျေးရွာအနီး) မိုင်တိုင်အမှတ်(၁၈/၀)နှင့် (၁၈/၁)အကြား အရှည် ပေ ၁၈၀ ရှိ နန်းတီဆင်းဘေလီသစ်သားတံတားအမှတ် (၂/၁၉)သည် ရေလယ်အောက်ခံ ကွန်ကရစ်တိုင်တစ်တိုင်မှာ ရေထဲမျောပါသွားခဲ့သဖြင့် ယာဉ်များဖြတ်သန်းသွားလာ၍ မရကြောင်း၊ တမူး-စေတီလမ်း(တမူးမြို့ပေါ် မြို့မရပ်ကွက်) မိုင်တိုင်အမှတ်(၀/၃)နှင့် (၀/၄)အကြား တံတားအမှတ်(၂/၁) အရှည် ၁၇ ပေရှိ သံကူကွန်ကရစ်တံတားသည် ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားပြီး ယာဉ်ကြီး ယာဉ်ငယ်များသွားလာ၍ မရကြောင်း။

လူနေအဆောက်အအုံများ ရေစီးဖြင့်မျောပါခြင်း၊ ရေနစ်မြုပ်ခြင်းအခြေအနေမှာ တမူးမြို့ မြို့မရပ်ကွက်ရှိ ပါဟဲချောင်းရေကြီးရေလျှံမှုကြောင့် အနီးပတ်ဝန်းကျင်ရှိ အိမ်ခြေ ၅၉ လုံး၊ လူဦးရေ ၃၀၀ ခန့်ကို မြို့မဘုန်းတော်ကြီးကျောင်းနှင့် ပတ်ဝန်းကျင်ရှိ နေအိမ်တို့တွင် ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊ တမူးမြို့နယ်ရှိ အိမ်ခြေ ၂၀၀ ကျော်ရှိသော ခမိတ်ကျေးရွာအတွင်း ရေကြီးရေလျှံမှုကြောင့် အိမ်ခြေ ၉၀ ကျော် ရေနစ်မြုပ်ခဲ့သော်လည်း လူနှင့်တိရစ္ဆာန်အသေအပျောက်မရှိကြောင်း၊ တမူးမြို့နယ်ရှိ အိမ်ခြေ ၁၀၁ လုံးရှိသော ပွတ်သာကျေးရွာတွင် တစ်ရွာလုံးရေနစ်မြုပ်ခဲ့ပြီး လူအသေအပျောက်မရှိကြောင်း၊ ကနန်ကျေးရွာရှိ နေအိမ် ၁၁ လုံးမှာ ရေစီးဖြင့်မျောပါသွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိခဲ့ကြောင်း၊ ကနန်ကျေးရွာဘက်ခြမ်းတွင် လူနေအိမ် ၈၂ လုံး အိမ်ထောင်စု ၉၅ စု လူဦးရေ ၄၈၇ ဦးအား ကနန်ကျေးရွာ လူငယ်ခန်းမဆောင်နှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းနေအိမ်တို့၌ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပွင့်ဖြူမြို့၌ မုန်းချောင်းရေကျ ရေဘေးသင့်ပြည်သူများ နေထိုင်ရေးအဆင်ပြေ

**မင်းဘူး ဩဂုတ် ၁** - မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေး အဖွဲ့အစည်းများမှ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက် ညနေ ၃ နာရီခန့်က ပွင့်ဖြူမြို့ပေါ်ရှိ ကျန်ရှိနေသောရေဘေးသင့် ပြည်သူများအား လိုက်လံရှာဖွေ၍ စက်တပ်ရေယာဉ်များ၊ လှေများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ပွင့်ဖြူမြို့ပေါ်ရှိ အချို့နှစ်ထပ်အိမ်များတွင် ပြောင်းရွှေ့ခြင်းမရှိသည့် အိမ်ထောင်စုများထဲမှ အနောက်ပိုင်းရပ်ကွက်နေ ရေဘေးသင့်ပြည်သူတစ်ဦးဖြစ်သည့် ဒေါ်သီတာမိုးက **“မုန်းချောင်းရေကျသွားတဲ့အတွက် မြို့ပေါ်ရေလွတ်ရာ အိမ်အပေါ်ထပ်မှာ နေထိုင်တယ်။ ဒီနေ့မြို့ပေါ်မှာလည်း ရေကျနေတယ်”** ဟု ပြောသည်။

ပွင့်ဖြူမြို့နယ်စက်မှုလယ်ယာဦးစီးဌာန ကယ်ဆယ်ရေးစခန်းတွင်ရှိသော ရေဘေးသင့်ပြည်သူတစ်ဦးဖြစ်သူ ဒေါ်ချိုက **“မိသားစုတွေ ပျောက်ဆုံးမှုမရှိပါဘူး။ စားသောက်နေထိုင်ရေးလည်း အဆင်ပြေပါတယ်။ နောက်ရက်ဆိုရင် သောက်ရေသန့်တွေ လိုမယ်လို့ ထင်ပါတယ်”** ဟု ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေဘေးသင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အဝတ်အထည်များ နေ့စဉ်ထောက်ပံ့ပေးဝေလျက်ရှိသည့်အပြင် ပွင့်ဖြူမြို့နယ် လွမ်းတောင်ကယ်ဆယ်ရေးစခန်းတွင် အလှူရှင်များက ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ ပေါင်မုန့်၊ ကိတ်မုန့်များ၊ မြန်မာနိုင်ငံကြက်ခြေနီကြီးကြပ်မှုကော်မတီမှ မိသားစုသုံး Hygiene Kit ဘူးများ၊ ရေသန့်နှင့် မိုးကာများ လှူဒါန်းခဲ့ပြီး သီးခြားအလှူရှင်များကလည်း လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(မင်းဘူး ခရိုင်ပြန်/ဆက်)**

# မြင်းမူတွင် ရေဘေးသင့်အိမ်ထောင်စုများအား စားသောက်ဖွယ်ရာများထောက်ပံ့

**မြင်းမူ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ မူးမြစ်ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စုများထံသို့ ဇူလိုင် ၃၁ ရက်က စက်လှေများဖြင့် သွားရောက်ပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်ဘူးများ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ ရေဘေးသင့်ကျေးရွာများဖြစ်သော သပြေသာ၊ ပုံညာ၊ ညောင်မြစ်၊ မေဂျာနှင့် မခုရကျေးရွာ များမှ အိမ်ထောင်စု ၈၂၆ စု အိမ်ထောင်စုဝင်ပေါင်း ၃၅၄၅ ဦးတို့အတွက် စားသောက်ဖွယ်ရာများ၊ ထမင်းထုပ်များ၊ အသင့်စားခေါက်ဆွဲ ခြောက်ထုပ်များနှင့် သောက်ရေသန့်ဘူးများကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ထောက်ပံ့ပေးမှုကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ စက်လှေများဖြင့် သွားရောက် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြင်းမူ ပြန်/ဆက်)**



စလင်းမြို့ ရွှေတန်ဆာဘုရားတွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌ အလှူရှင်များလှူဒါန်းသည့် စားသောက်ဖွယ်ရာများအား ပြင်ဆင်နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ကိုလင်း(စလင်း)



# ဆိပ်ဖြူမြို့နယ်ရှိ လမ်းပိုင်းပျက်စီးမှုများ ပြင်ဆင်ထိန်းသိမ်းလျက်ရှိ

**ဆိပ်ဖြူ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆိပ်ဖြူ-ဆော-ကန်ပက်လက် ကားလမ်း၊ ဆိပ်ဖြူမြို့နှင့် ခုနစ်မိုင်အကွာ မြေကြမ်းတောကျေးရွာနှင့် ဂျုပ်ချောင်ကြီးကျေးရွာအကြားတွင် မိုးရေတိုက်စားမှုကြောင့် လမ်းပခုံးများ ပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးမှုဖြစ်ပွားသည့်နေရာသို့ မြို့နယ်တာဝန်ရှိသူများက ချက်ချင်းသွားရောက်ပြီး လမ်းလွှဲပြုလုပ်၍ တစ်လမ်းမောင်းစနစ်ပြုလုပ်ခြင်း၊ ရေစားသွားသည့် ချောက်နေရာကို မြေဖို့ခြင်း၊ သဲအိတ်များချထားခြင်း၊ ရေစီးလမ်းလွှဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ရေကြီးရေလျှံဒေသများတွင် ရဟတ်ယာဉ်ဖြင့် ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မင်းဘူး ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များတွင် မန်းချောင်းနှင့် မုန်းချောင်းများ ရေကြီးရေလျှံမှုကြောင့် မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာ မြို့နယ်များတွင် ဇူလိုင် ၂၉ ရက်မှစ၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

မင်းဘူးမြို့နယ်ရှိ လက်ပံတောကျေးရွာနှင့် လေးအိမ်တန်းကျေးရွာများမှ ဧရာဝတီမြစ်လယ်ကျွန်းများပေါ်တွင် နေထိုင်လုပ်ကိုင်လျက်ရှိသော တောင်သူများအား မင်းဘူးမန်းရေနံမြေပိုင် မုတ္တမ(၆)ရေယာဉ်ဖြင့် ဇူလိုင် ၃၁ ရက် ညနေ ၅ နာရီက ရေဘေးကင်းလွတ်ရာသို့ ပို့ဆောင်ပေးခဲ့သည်။

ထို့ပြင် မင်းဘူးမြို့နယ် ဓာတ်တော်ကုန်းစေတီဝန်းကျင် မြစ်ကမ်းပါးရှိ ရပ်ကွက်များနှင့် မန်းချောင်းဝန်းကျင်ဝဲယာရှိ ကျေးရွာများသို့ ဩဂုတ် ၁ ရက် နံနက် ၆ နာရီမှစ၍ မြစ်ရေများ ဝင်ရောက်လျက်ရှိသည်။

ထို့အတူ ပွင့်ဖြူမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများသို့ မုန်းချောင်းရေများ ဝင်ရောက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ဝန်ကြီးများ ဦးဆောင်၍ မကွေးတပ်နယ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ စက်လှေနှင့် အမြန်ရေယာဉ်များအသုံးပြုပြီး ကယ်ဆယ်ရေးနှင့် ရွှေ့ပြောင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့ ရေဘေးသင့် ပြည်သူများကို မြို့နယ်၏တောင်ဘက် ကုန်းမြင့်ပိုင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကံသာကြီးကျေးရွာ၊ စံပြကျေးရွာများရှိ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများတွင်လည်း ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စံပြကျေးရွာတွင် အခြေပြု၍ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းမှစ၍ ရဟတ်ယာဉ်ဖြင့် မင်းဘူး(စကု)မြို့နယ်နှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများ၊ ကြီးအုံ ကြီးဝရေလှောင်တမံ၊ စေတုတ္တရာမြို့နှင့် ရပ်ကွက်ကျေးရွာများ၊ မုန်းချောင်းရေလှောင်တမံ၊ စလင်းမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့အား လှည့်လည်ကြည့်ရှု၍ ကူညီကယ်ဆယ်ရေး အမြန်လိုအပ်သည့် နေရာများသို့ ဦးစားပေးအစီအစဉ်အရ ကူညီဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မကွေးမြို့နှင့် မင်းဘူးမြို့တို့မှ စေတနာရှင်/အလှူရှင်ပြည်သူများ လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းများနှင့် အစားအသောက်များကို ရေဘေးသင့်ပြည်သူများရှိရာ ကယ်ဆယ်ရေးစခန်းများအရောက် သွားရောက်ပို့ဆောင်လှူဒါန်းခြင်း၊ ဆေးကုသမှုခံယူရန် လိုအပ်သော ရေဘေးသင့်ပြည်သူများအား ရဟတ်ယာဉ်ဖြင့် မကွေးမြို့ပြည်သူ့ဆေးရုံကြီးနှင့် ဆေးတက္ကသိုလ်ဆေးရုံများသို့ အမြန်ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မိုးရွာသွန်းမှုများကြောင့် မုန်းချောင်းရေနှင့် ဆီးမီးချောင်းရေများ ဆက်လက်မြင့်တက်လျက်ရှိရာ စေတုတ္တရာ မြို့ပေါ်ရပ်ကွက်အားလုံးတွင် ရေကြီးနစ်မြုပ်လျက်ရှိပြီး ကုန်းမြင့်နေရာရှိ ပြည်သူ့ဆေးရုံ ကုန်းထက်ဝက်တွင် ရေဖုံးလွှမ်းလျက်ရှိကြောင်း၊ ယာယီကယ်ဆယ်ရေးစခန်းဖွင့်ထားသော ပိတောက်မြိုင်ရပ်ကွက်မှာ ရေလွှမ်းနေသဖြင့် လေယာဉ်ကွင်းနှင့် အထကကျောင်းနေရာများသို့ ပြောင်းရွှေ့လျက်ရှိကြောင်း၊ ရေကြီးနေမှုများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကန့်သတ်ချက်ရှိနေသည်။ **(ခရိုင် ပြန်/ဆက်)**

# အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း တာဝါတိုင်များပြုပြင် ဆည်တာတမံနှင့် လယ်သမားတာများ ယာယီပြင်ဆင်

**နေပြည်တော် ဩဂုတ် ၁**

ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပုဏ္ဏားကျွန်းမြို့ရှိ ကေဗွီ ၂၃၀၊ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း ပင်မဓာတ်အားခွဲရုံအဝင် တာဝါတိုင်အမှတ် (MP-96) သည် ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီ ၃၃ မိနစ်တွင်လည်းကောင်း၊ အောင်ဖြူပင်ရွာအနီးရှိ ကေဗွီ ၂၃၀ အမ်း-မြောက်ဦး- ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းတိုင်အမှတ်(MP-60)နှင့် (MP-61) တာဝါတိုင်နှစ်တိုင်သည် ဇူလိုင် ၃၁ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း ပြိုလဲပျက်စီးခဲ့သည်။

အဆိုပါ တာဝါတိုင်များ ပြိုလဲပျက်စီးမှုကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့နှင့် ပုဏ္ဏားကျွန်းမြို့များ ဓာတ်အားပြတ်တောက်လျက်ရှိသည်။

အဆိုပါ တာဝါတိုင်များအား မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးအောင်ကျော်ဦးက ကြီးကြပ်ကွပ်ကဲ၍ ဌာနဝန်ထမ်းများဖြင့် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး တာဝါတိုင်များ အစားထိုးတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စစ်တွေမြို့အား အရေးပေါ် ဓာတ်အားပေးစက်များဖြင့် အချိန်ပိုင်းလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ဆည်၊ ရေပိုလွှဲ၊ တာတမံ၊ တာပေါင်၊ ကာရီနှင့် လယ်သမားတာများကို ယာယီပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အခိုင်အမာ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း လာမည့်အောက်တိုဘာလမှစ၍ ဒီဇင်ဘာလအပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ပြုပြင်မှုအခြေအနေမှာ မြောက်ဦးမြို့နယ်၌ ဘောင်းဒွတ်လျှိုပိတ်ဆည်မှာ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ရမ်းဗြဲမြို့နယ်ရှိ လောင်းချောင်းလျှိုပိတ်ဆည် ရေပိုလွှဲမှာ ၈၀ ရာခိုင်နှုန်း၊ အမ်းမြို့နယ်ရှိ သရဲရခိုင်ရွာကာရီ(၁)မှာ ၂၂ ရာခိုင်နှုန်း၊ မဟွန်းချောင်းဆည် တာပေါင်မှာ ၂၂ ရာခိုင်နှုန်း၊ သရွှဲချင်းရေတားတမံမှာ ၂၀ ရာခိုင်နှုန်း၊ ငစွေချောင်းကာရီမှာ ၄၃ ရာခိုင်နှုန်း၊ ဇီးချောင်းကာရီမှာ ၄၃ ရာခိုင်နှုန်း၊ သရွှဲလယ်ကာရီမှာ ၃၂ ရာခိုင်နှုန်း၊ ထဘီဆည်(ကာရီ)မှာ ၂၃ ရာခိုင်နှုန်း၊ ချောင်းနီကျွန်းကာရီမှာ ၁၇ ရာခိုင်နှုန်း၊ ပြင်မကြီးလယ်ကာရီမှာ ၃၂ ရာခိုင်နှုန်း၊ တည်ချောင်းကာရီမှာ ၁၀၀ ရာခိုင်နှုန်း၊ ရှုးချောင်းရေတားတာပေါင်မှာ ၅၃ ရာခိုင်နှုန်း၊ ဒုက္ကံကျေးရွာ ရေတားတမံမှာ ၂၂ ရာခိုင်နှုန်း၊ သံတွဲမြို့နယ်ရှိ ကျက်သရေကျွန်းနှင့် ပုဇွန်ဖြူမော် လယ်သမားတာတို့မှာ ၆၂ ရာခိုင်နှုန်းစီနှင့် ဂျီပြွန်၊ ငအုပ်ခွ၊ တူးမြောင်းနှင့် ကယုသောင် လယ်သမားတာတို့မှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(MP-96) မိုးသက်လေပြင်းတိုက်ခတ်၍ ပြိုလဲနေသည်ကို တွေ့ရစဉ်။

# မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အဆောင်နေအလုပ်သမများနှင့်တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၁**

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ နေအိမ်၌ တွေ့ဆုံခဲ့သည်။ ထိုမှတစ်ဆင့် မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် လှိုင်သာယာမြို့နယ်ရှိ အမျိုးသမီးဆောင်များသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်၊ အမှတ် (၅) ရပ်ကွက် သီရိဇေယျာလမ်းရှိ ကံ့ကော်စံ အမျိုးသမီးသီးသန့်အဆောင်သို့ရောက်ရှိရာ အဆောင်နေ စက်ရုံဆင်း အမျိုးသမီးတို့နှင့် ဂျိုလီပစ်က တွေ့ဆုံကာ နေထိုင်စားသောက်မှု၊ ရရှိသော လစာ လုံလောက်မှုရှိ မရှိ၊ စက်ရုံဆင်းချိန်နှင့် အခြားသွားလာသောအချိန်တို့တွင် အမျိုးသမီးတို့အတွက် လုံခြုံမှုရှိ မရှိ၊ အချိန်ပိုဆင်းရာတွင်အဆင်ပြေမှုရှိ မရှိ၊ တက္ကသိုလ်ဆက်တက်ချင်သောဆန္ဒ ရှိ မရှိနှင့်အမျိုးသမီးတို့အတွက် အခွင့်အလမ်းများပေါ်ခဲ့ပါက အဖြစ်ချင်ဆုံးဆန္ဒတို့ကိုမေးမြန်းခဲ့ပြီး အနယ်နယ်အရပ်ရပ်မှနေထိုင်လျက်ရှိသော အဆောင်သူများကလည်းမေးမြန်းချက်တို့ကို ပြန်လည်ဖြေကြားခဲ့သည်။

ယင်းမှတစ်ဆင့် နံနက် ၉ နာရီ မိနစ် ၄၀ တွင် အမှတ် (၅)ရပ်ကွက် ရွှေရိုးနွယ်လမ်းရှိ အမျိုးသမီးသီးသန့်ဆောင်ဖြစ်သော လှိုင်ထိပ်ထား အဆောင်သို့ ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိပြီး စက်ရုံဆင်းအမျိုးသမီးများနှင့် ဆက်လက်တွေ့ဆုံသည်။

အဆိုပါ လှိုင်ထိပ်ထားအဆောင် ဖွင့်လှစ်သည်မှာ ၁၅ နှစ်ကျော်ရှိပြီဖြစ်ပြီးအလုပ်သမ ၄၀ နေထိုင်ကာ တစ်ဦးလျှင် တစ်လငွေကျပ် ၁၂၅၀၀ ဖြင့် နှစ်ယောက် တစ်ခန်းနေရသော အဆောင်ဖြစ်သည်။ မစ္စ အင်ဂျလီနာ ဂျိုလီပစ်က စက်ရုံဆင်းအလုပ်သမတို့၏လုံခြုံမှု၊ လုပ်ငန်းခွင်နှင့်လစာရရှိမှုအခြေအနေတို့ကို မေးမြန်းခဲ့ပြီး အဆောင်မှူးမမေရတီက "အခုလို မထင်မှတ်ဘဲတွေ့ရတော့ ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ အခုလို ဆင်းရဲသားပြည်သူတွေကို အလေးထားပြီး မေးတဲ့အတွက် ဝမ်းသာတယ်။ အမျိုးသမီးထုကို ကိုယ်စားပြုပြီးရောက်လာတဲ့အတွက် ကျေးဇူးလည်းတင်တယ်။ ဒီမှာ အခက်အခဲတွေက အများကြီးပဲ။ စီးပွားရေးအခက်အခဲကို မိန်းကလေးတွေက ပိုရင်ဆိုင်နေရတဲ့အတွက် ဆိုးကျိုးကို အမျိုးသားတွေလိုခံနိုင်ရည်မရှိကြဘူး။ အလုပ်မရှိလို့ မဟုတ်ဘူး။ အလုပ်ရှိပါရဲ့နဲ့ အခက်အခဲတွေ ရင်ဆိုင်နေရတာကို မေးမြန်းပေး၊အသိအမှတ်ပြုပေးတာကိုပဲ ဝမ်းသာလှပါပြီ"ဟု ဂျိုလီပစ်နှင့်တွေ့ဆုံခဲ့မှုကို ပြောသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် အမှတ်(၁၄) ရပ်ကွက် မန္တလေးလမ်း၊ အမှတ်(၇၇၂) AKM တစ်ပိုင်တစ်နိုင် အမျိုးသမီးပုဂ္ဂလိကအထည်ချုပ်လုပ်ငန်းသို့ ရောက်ရှိပြီးလုပ်ငန်းလည်ပတ်ပုံ၊ လက်ရှိအခက်အခဲများကို မေးမြန်းရာ အထည်ချုပ်ဦးစီးခေါင်းဆောင်ဖြစ်သူ မသဲသူသူအောင်က လုပ်ငန်းလည်ပတ်ရာတွင် တွေ့ကြုံနေရသော အခက်အခဲများကို ပြောပြခဲ့သည်။



**မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အဆောင်နေအလုပ်သမများ၏ အခက်အခဲများ မေးမြန်းစဉ်။** (ဓာတ်ပုံ-ရဲထွဋ်)

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် မန္တလေးလမ်းမှတစ်ဆင့် ရန်ကုန်-ညောင်တုန်းလမ်းပေါ်တက်ကာ ရုံးရှေ့ဘုရားလမ်းမှ တစ်ဆင့် ရန်ကုန်-ပုသိမ်လမ်းအတိုင်း နံနက် ၁၁ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

မစ္စ အင်ဂျလီနာ ဂျိုလီပစ်သည် ညနေ ၆ နာရီ ၁၅ မိနစ်တွင် မြန်မာနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

---

❒ *ကျောဖုံးမှ*

ပါနေတာမို့ အခမဲ့ပို့ဆောင်ပေးဖို့ စီစဉ်ရခြင်းဖြစ်ပါတယ်"ဟု ကမ္ဘောဇဘဏ်၏ အထွေထွေမန်နေဂျာ ဦးစိုးတင်မောင်ဇော်ကပြောသည်။

ယနေ့တွင် အလှူရှင်အဖွဲ့ပေါင်း ၂၀ ကျော်က Air KBZ လေကြောင်းလိုင်းကို အသုံးပြုကာ ရေဘေးကယ်ဆယ်ရေးစခန်းများအတွက် အလှူငွေများ၊ ဆေးဝါးများ၊ အစားအသောက်နှင့် အဝတ်အထည်များကို တင်ပို့လှူဒါန်းခဲ့ကြပြီး ယင်းအစီအစဉ်ကို နေ့စဉ် လိုအပ်နေသည့်ကာလပတ်လုံး အခမဲ့တင်ပို့လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကမ္ဘောဇကနေ လှူလို့ရတယ်လို့ကြားတဲ့အတွက် လာရောက် တင်ပို့ရခြင်းဖြစ်ပါတယ်။ ကလေးမြို့တောင်ဘက်က တောင်ဖီလာတောရကျောင်းမှာရှိတဲ့ ရေဘေးကယ်ဆယ်ရေးစခန်းအတွက် ငွေသား ကျပ် ၁၅ သိန်းနဲ့ အလှူပစ္စည်းတွေပါတယ်။ ခေါက်ဆွဲခြောက်နဲ့ ဆေးဝါးတွေ၊ သံဃာတော်တွေအတွက် သင်္ကန်းနဲ့ အခြား အသုံးအဆောင်တွေ၊ စောင်၊ ခြင်ထောင်တွေနဲ့ ဓာတ်မီးတွေလည်းပါတယ်။ မဟာဝိသုဒ္ဓါရုံကျောင်းက သံဃာတော်တွေနဲ့ ဓမ္မမိတ်ဆွေတွေရဲ့ စုပေါင်းကောင်းမှုဖြစ်ပါတယ်။ လူတော့မလိုက်နိုင်တဲ့အတွက် ကယ်ဆယ်ရေးပစ္စည်းတွေကို တင်ပို့လိုက်ရခြင်းဖြစ်ပါတယ်"ဟု လာရောက်တင်ပို့သူ မခင်အေးမော်ကပြောသည်။

KBZ ဘဏ်နှင့် KBZ လုပ်ငန်းစု၊ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ စတင်မတည်ငွေကျပ်သိန်းပေါင်း ၄၃၀၀ အပါအဝင် UMFCCI နှင့် အဖွဲ့အစည်းများ၏ လှူဒါန်းမှုစုစုပေါင်း ငွေကျပ် ၁၂၁၂၈သိန်းတို့ကိုလည်း ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းလိုင်းများဖြင့် ကယ်ဆယ်ရေး လိုအပ်သည့် ဒေသများသို့ သွားရောက်လှူဒါန်းပေးသွားမည်ဖြစ်သည်။

"ကျွန်တော်က ကိုဝေဇွန်ကျော်တို့ ပါမယ်ဆိုလို့ လာစောင့်ပြီးလှူဒါန်းတာပါ။ ကျွန်တော်တို့ရဲ့ Youth Social Association ရန်ပုံငွေလေးတွေထဲကရော၊ မိတ်ဆွေနဲ့ ဆွေမျိုးသူငယ်ချင်းတွေဆီကပါ အလှူခံပြီး ဝေဇွန်ကျော် ဖောင်ဒေးရှင်းကို လိုအပ်သလို အသုံးပြုကူညီပေးဖို့ ငွေကျပ် ၁၂သိန်းငါးသောင်းကို လှူဒါန်းဖြစ်ခဲ့တယ်။ နောက်ရက်မှာလည်း volunteer အနေနဲ့ လိုက်ဖို့ အများကြီး လိုအပ်တယ်ဆိုတာကြားလို့ လိုက်သွားဖို့ ဆုံးဖြတ်လိုက်တယ်"ဟု အလှူရှင် ကိုတိုးတိုးကပြောသည်။

အလှူရှင်များကပေးအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများကို ကူညီရန်လိုအပ်နေသည့် ဒေသခံများလက်သို့ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိနိုင်ရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေ့စဉ် မွန်းလွဲ ၁၂နာရီနှင့် ၁၂နာရီခွဲတို့တွင် ကလေးမြို့သို့ ထွက်ခွာပြေးဆွဲသွားမည်ဖြစ်သည့်အပြင် ကုန်းလမ်းနှင့် ရေလမ်းခရီးတိုများဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းလာရောက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

"အလှူပစ္စည်းလက်ခံတဲ့စင်တာတွေဖွင့်ထားပါတယ်။ ရန်ကုန်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းနဲ့ ပွင့်ဖြူ ကလေးတို့မှာ ဖြစ်ပါတယ်။ နီးစပ်ရာ ဘဏ်ခွဲတိုင်းမှာ လှူနိုင်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းချင်တာဖြစ်ဖြစ်၊ ကယ်ဆယ်ရေးဒေသတွေမှာ သွားရောက်ပြီး လုပ်အားဒါနပေးလိုတာဖြစ်ဖြစ် ဆက်သွယ်လိုက်ပါနိုင်ပါတယ်။ မီဒီယာတွေလည်း သတင်းလိုက်ပါယူနိုင်တယ်"ဟု ဦးစိုးတင်မောင်ဇော်က ပြောသည်။

ချင်းပြည်နယ်ရှိရေဘေးသင့်ပြည်သူအများစုသည်အဝတ်အစားထက် ဆန်၊ဆီနှင့်ဆားတို့ကို အဓိကလိုအပ်လျက်ရှိရာ လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ခွဲခြားလှူဒါန်းပေးရန် လိုအပ်နေသည့်အပြင် ယနေ့တွင် မိုးရွာနှုန်းနည်းပါးသဖြင့် လေယာဉ်နှင့် ရဟတ်ယာဉ်များ အဆင်ပြေစွာ ဆင်းသက်နိုင်ခဲ့သဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပိုမိုဖြည့်တင်းနိုင်မည်ဟု ယုံကြည်ကြောင်း လေယာဉ်ပေါ်သို့ လိုက်ပါကာ ကလေးမြို့သို့ သွားရောက်လှူဒါန်းသော အောင်မြင်သူလုပ်ငန်းစုမှ ကိုကိုနိုင်ကပြောသည်။

"ကျွန်တော်တို့ဆီကို တိုက်ရိုက် ဒါမှမဟုတ် ကယ်ဆယ်ရေးလုပ်နေတဲ့သူ ဘယ်သူ့ကိုမဆို လှူဒါန်းပေးကြပါလို့ ပြောချင်ပါတယ်။ ရင်ဘတ်လောက်ရှိတဲ့ ရေတွေထဲမှာ ကျွန်တော်တို့ခေါ်ရာနောက်ကိုမလိုက်ဘဲ အိမ်ကိုနောက်ဆံတင်းတင်းနဲ့လှည့်ကြည့်နေကြတဲ့ ကျွန်တော်တို့ တိုင်းရင်းသားမောင်နှမတွေကို အနည်းဆုံးတော့ စိတ်ဓာတ်ခွန်အားလေးဖြစ်ဖြစ်ပေးကြဖို့ မျှော်လင့်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကယ်ဆယ်ရေးလှုပ်ရှားနေတဲ့ ပရဟိတမောင်နှမတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အတူတူ လက်တွဲပြီး သဘာဝဘေးကို တိုက်ထုတ်မယ်"ဟု ရုပ်ရှင်သရုပ်ဆောင်တစ်ဖြစ်လဲ ပရဟိတလုပ်ငန်းလုပ်ဆောင်သူ ကိုဝေဇွန်ကျော်က ကလေးမြို့သို့ ကယ်ဆယ်ရေးပစ္စည်းများတင်ပို့ရန်အသွားတွင် အပြေးအလွှားဖြေကြားပေးခဲ့သည်။ **(မြန်မာ့အလင်း)**

---

# မကွေးတိုင်းဒေသကြီးအတွင်းမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်

**စလင်း ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများကြောင့် ပွင့်ဖြူမြို့နယ်၊ စကုမြို့နယ်နှင့် စေတုတ္တရာမြို့နယ်များမှ ပြည်သူများမှာ ရေဘေးဒုက္ခများကြုံတွေ့ရလျက်ရှိရာ စလင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့နှင့် ဘုန်းကြီးကျောင်းများ၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များက ယာယီ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ် ကူညီပေးလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၁ ရက် ညနေပိုင်းက စလင်းမြို့တွင်ရောက်ရှိပြည်သူ ဦးရေနှင့် ပတ်သက်ပြီး ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေသူ စလင်းမြို့မှ ကိုမင်းက "စလင်းမှာ



၁၇၀၀ ကျော်တယ်၊ လက်မဲရွာမှာ ၅၀၀ ကျော်၊ အုတ်ဖိုကန်ရွာမှာ ၅၀၀ ကျော်၊ တောစိမ့်ရွာမှာ ၃၀၀ လောက် ရောက်ရှိနေပါတယ်။ အကူအညီတွေ အများကြီး လိုအပ်နေပါတယ်။ လူရော ပစ္စည်းပါလိုအပ်နေပါတယ်။ ပွင့်ဖြူအနောက်ဘက်တစ်ခြမ်းလုံး ရွာတွေအကုန်ပါ။ ရွှေဘို၊ ရှောက်တော၊ ပွင့်ဖြူ မင်းကုန်း၊ လက်ပံနွယ်၊ ဒေးဒရဲ၊ မုန်းချောင်းဘေးက ရွာတွေအကုန်ပါ။ အခုညနေပိုင်း ရွှေဘိုမှာ ၃၀၀၀ ကျော်၊ လက်မဲ ၃၅၈ ဦး၊ ဘုန်းကြီးကျောင်းတွေမှာပဲ နေကြရတယ်။ ပွင့်ဖြူမှမဟုတ်ဘူး ရေဘေးဒုက္ခခံစားနေရသူမှန်သမျှကို ပြည်သူအများ ဝိုင်းဝန်းကူညီကြပါလို့ ပြည်သူကပြည်သူကို ကူညီစောင့်ရှောက်ကြပါ နွေးထွေးမှု ပေးစေချင်ပါတယ်"ဟု ပြောသည်။

"စေတုတ္တရာကိုတော့ ဒီနေ့မနက်ပိုင်း မကျီးစုရွာကနေ စက်လှေတွေထွက်ခွာမှာဖြစ်ပါတယ်။ စေတုတ္တရာမြို့ပေါ်မှာ လူ ၄၀၀၀၊ သံဆည်ရွာမှာ ၈၆၀၊ ငမရွာမှာ ၃၄၀၊ ကြီးအုံရွာမှာ ၁၇၉ ဦး၊ ခိုဝင်ရွာမှာက ၂၀၀ ကျော်၊ တောင်မြေနီ၊ ခြစ်ပြစ်ကိုင်းနဲ့ ညောင်အိုင်ရွာတွေမှာ စုစုပေါင်း လူ ၅၄၀ လောက်နဲ့ တိရစ္ဆာန်တွေလည်း အကုန်ပိတ်မိနေပါတယ်။ နောက်ပြီး မုန်းတမံ အထက်ဘက်ကိုတော့ ဆက်သွယ်လို့ မရသေးပါဘူး"ဟု မကျီးစုကျေးရွာရှိ ဒေသခံများက ပြောသည်။

ယခုလက်ရှိ စလင်းမြို့ပေါ်နှင့် ယာယီကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား ထမင်းထုပ်များ၊ ရေသန့်၊ အဝတ်အထည်နှင့် ဆေးဝါးများကို လူမှုအဖွဲ့အစည်းများက ကူညီဆောင်ရွက်မှုများပြုလုပ်လျက်ရှိပြီး ဆက်သွယ်လှူဒါန်းလိုပါက ကိုမင်း ပေါင်းပင်ဇင်းရပ် စလင်းမြို့ ဖုန်း-၀၉-၉၇၆၀၆၀၅၆၈ နှင့် ၀၉-၇၉၆၈-၉၅၉၁၁ သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ကိုမင်း**

# ရေဝင်ရောက်မှုကြောင့် ပွင့်ဖြူမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံများ၊ တိရစ္ဆာန်များ ဘေးလွတ်ရာသို့ပြောင်းရွှေ့

**မုန်းတမံနှင့် ကြီးအုံကြီးဝတမံများ၌ ယနေ့ ၁၁ နာရီအချိန် တိုင်းထွာမှုများအရ ရေပိုလွှဲအထက် ပေ ၃၀ နှင့် ရေပိုလွှဲအထက် ၃၂ ဒသမ ၅ ပေအထိ အသီးသီး ရေကျော်မှုဖြစ်ပေါ်လျက်ရှိသည်ဟု သိရှိရသည်။**

**ဟန်နီဝင်း**

ထိုသို့ ရေကျော်ကာ ရေဝင်ရောက်မှုများကြောင့် ပွင့်ဖြူမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက် ၄ ရပ်ကွက်နှင့် ကျေးရွာ ၃၆ ရွာ၊ စေတုတ္တရာမြို့ပေါ်ရပ်ကွက် ၂ ရပ်ကွက်နှင့် ကျေးရွာ ၁၄ ရွာတို့မှ ဒေသခံများနှင့် တိရစ္ဆာန်များကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အစားအစာ၊ သောက်ရေသန့်များနှင့် လိုအပ်သော အကူအညီများ ထောက်ပံ့ပေးသကဲ့သို့ အလှူရှင်များကလည်း မိမိတို့တတ်နိုင်သမျှ လာရောက်လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည်။ ထိုသို့ ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသော ရေဘေးသင့်ပြည်သူများနှင့် ကယ်ဆယ်ကူညီထောက်ပံ့မှု ပြုလုပ်သူများ၏ ပြောစကားများကို ဖော်ပြလိုက်ပါသည်။

**ဦးတင်ညွန့်**
**ပွင့်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်**

မနေ့က ကျွန်တော်တို့ ကံသာကြီးကယ်ဆယ်ရေးစခန်းကို ရောက်တာပါ။ ကျွန်တော်တို့ ရပ်ကွက်မှာ ရေက တဖြည်းဖြည်းတိုးလာတာ နောက်ဆုံးကျတော့ နေလို့မဖြစ်နိုင်လောက်တော့ဘူးဆိုပြီး ထွက်လာခဲ့ကြတာပါ။ အခု ကယ်ဆယ်ရေးစခန်းမှာ အဆင်ပြေပါတယ်။ မနက်စာဆိုလည်း ၈ နာရီလောက်ဆို ကျွန်တော်တို့ဆီ ရောက်တယ်။ နေ့လယ်စာဆိုလည်း ၁၁ နာရီနဲ့ ညစာဆိုလည်း ညနေဆိုရောက်တယ်။ လာပြီး လှူဒါန်းကြတဲ့သူတွေလည်းရှိတယ်။ ကျန်းမာရေးအတွက်လည်း ဒီမှာ ကြည့်ရှုစောင့်ရှောက်ပေးပါတယ်။

**ကိုသန်းဝင်းအောင်**
**ပွင့်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်**

ကျွန်တော်တို့ မိသားစု ၄ ယောက်က ကံသာကြီးကယ်ဆယ်ရေးစခန်းကို မနေ့ကမှရောက်တာ။ အခုလို ရေတွေမြုပ်တော့ တခြားသူတွေကတော့ လယ်ယာတွေမြုပ်ပြီး ဆုံးရှုံးတာရှိတယ်။ ကျွန်တော်တို့ကတော့ ယာမြေမရှိတော့ အိမ်ကပစ္စည်းတွေ မြုပ်တာပဲရှိပါတယ်။ ကျွန်တော်တို့ကဆိုင်ကယ်ကအစ အိမ်တွေမှာ ဒီအတိုင်း မြုပ်မြုပ်ဆို ပစ်ထားခဲ့ရတာ။ လူချည်းပဲလွတ်အောင် ထွက်လာခဲ့ရတာပါ။



ဦးတင်ညွန့်



ဒေါ်နီလာမြင့်



ဒေါ်အေးအေးမြင့်



ဒုတိယရဲမှူးကြီး ဦးသက်ထွန်း

**ဒေါ်နီလာမြင့်**
**အနာဂတ်အလင်းတန်းဖောင်ဒေးရှင်း**

ကျွန်မတို့ ဖောင်ဒေးရှင်းက အုပ်စု သုံးခုခွဲပြီး မန္တလေး၊ ကလေးနဲ့ မကွေး စတဲ့နေရာသုံးခုမှာ ကူညီလှူဒါန်းမှုတွေ လုပ်သွားမှာပါ။ ဒီ ပွင့်ဖြူက ရေဘေးသင့်ပြည်သူတွေအတွက် ဆန်အိတ် ၂၀၀၀၊ ရေသန့်ဘူး ၂၀၀၀၀၊ စောင်တွေ၊ အင်္ကျီတွေ လှူဒါန်းသွားမယ်။ ဒီမှာက ဒီနေ့အတွက်ကို လူဦးရေ ၆၀၀ စာအတွက် ထမင်းဘူးတွေလည်း လှူဒါန်းသွားမှာပါ။ ကျွန်မတို့ ပွင့်ဖြူအဖွဲ့မှာ လူအင်အား ၈၀ နဲ့ ကူညီဆောင်ရွက်သွားပါ့မယ်။

**ဒေါ်အေးအေးမြင့်**
**ပွင့်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်။**

မနေ့က အိမ်ကနေ ရေတွေတက်လာတယ်ဆိုပြီး လမ်းထိပ်ထွက်တော့ကို ရေတွေတော်တော်များနေပြီ။ ကယ်ဆယ်ရေးတွေက အားလုံးကူညီပေးတယ်။ ပစ္စည်းတွေကိုလည်း သူတို့က ကူညီသယ်ပေးတယ်။ ကယ်ဆယ်ရေးတွေက အန်တီဆို ကိုယ်ဘာသာသွားရင် ရေထဲမြုပ်နေလို့ ချိုင်းကမပြီး ဘေးလွတ်ရာ ပို့ပေးခဲ့တယ်။ အန်တီတို့ကတော့ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ထွက်လာတာ။ ကယ်ဆယ်ရေးတွေက အဆက်မပြတ်လုပ်နေကြတယ်။ သမုန်းကုန်းဘက်က အန်တီတပည့်လေးတွေ ရေကြီးတယ်ဆို ကုန်းပေါ်က ဘုန်းကြီးကျောင်းပေါ်မှာ သွားနေလိုက်တာ ဘုန်းကြီးကျောင်းက ရွာအပြင်မှာဆိုတော့ သူတို့ချည်း သီးသန့်လိုဖြစ်နေပြီး ပိတ်မိနေတယ်။ သူတို့က အန်တီဆီ ဖုန်းနဲ့ဆက်သွယ်လို့ အန်တီ ကယ်ဆယ်ရေးအဖွဲ့ကို သွားပြီး အကြောင်းကြားထားတယ်။ သူတို့သွားရောက်ကယ်ဆယ်မယ်လို့ ပြောတယ်။

**ဦးတင်**
**ပွင့်ဖြူမြို့နယ်၊ လက်ခုတ်ပင်ကျေးရွာ**

အဘရွာက လူတွေကို တပ်မတော်သားတွေ၊ ကြက်ခြေနီအဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ အားလုံးပဲ လာရောက်ကယ်ဆယ်ကြတယ်။ အဘတို့ရွာမှာ အိမ်ခြေ ၂၃၀ လောက်ရှိတယ်။ အဘတို့ဆို လူကြီးတွေဆိုတော့ အန္တရာယ်မဖြစ်အောင် ကယ်ဆယ်ရေးအဖွဲ့တွေက ကုန်းပိုးပြီး ဘေးလွတ်ရာအထိ ပို့ဆောင်ပေးခဲ့ကြတယ်။ ရွာကလူတွေ သုံးပုံ နှစ်ပုံလောက်တော့ ကယ်ဆယ်ရေးစခန်းမှာ ရောက်ကုန်ကြပြီ။ အိမ်စိတ်မချလို့ ကျန်တဲ့သူတွေလည်း ကျန်နေသေးတယ်။ ကျန်တဲ့သူတွေကိုလည်း ကယ်ဆယ်ရေးအဖွဲ့ဝင်တွေက သွားပြီး ခေါ်နေတယ်လို့ သိရတယ်။ အားလုံး အဆင်ပြေကြပါစေလို့ ဆုတောင်းပါတယ်။

**ဒုတိယရဲမှူးကြီး ဦးသက်ထွန်း**
**မင်းဘူးခရိုင်၊ ရဲတပ်ဖွဲ့မှူး**

ဒီမှာ နယ်မြေခံတပ်ရင်းရယ်၊ ကံသာကြီးကျေးရွာ အထက်တန်းကျောင်းနဲ့ ဘုန်းကြီးကျောင်းမှာရယ် ကယ်ဆယ်ရေးစခန်း သုံးနေရာဖွင့်ထားတယ်။ ဒီစခန်း သုံးခုထဲမှာ တပ်ရင်းမှာက လူဦးရေပိုများတယ်။ ဒါကြောင့် ကျွန်တော်တို့ အဖွဲ့တွေခွဲပြီး ထမင်းထုပ်တွေ ဖြန့်ဝေတာမျိုးတွေက အစ ဆောင်ရွက်ကြတယ်။ ပြီးတော့ အိမ်တွေပိတ်ပြီး ထားခဲ့ရတော့ ပြည်သူတွေက အိမ်စိတ်မချတာမျိုးတွေရှိတယ်။ ဒါ့ကြောင့် လုံခြုံရေးအတွက် ရေကင်းတွေလှည့်ပြီး ဆောင်ရွက်တယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီး ညဘက်ဆိုလည်း အမြင့်ပိုင်းနေရာမျိုးက တစ်ဆင့် ဒါမှမဟုတ် လမ်းထောင့်တွေက တစ်ဆင့် လက်နှိပ်ဓာတ်မီးတွေနဲ့ အချက်ပြပြီး ကင်းလှည့်တာမျိုးတွေ ဆောင်ရွက်ကြပါတယ်။

ဒီမှာ မီးလည်းပျက်နေတဲ့အတွက် ဖုန်းတွေလည်းအားမရှိဘဲ ဆက်သွယ်ရေး ပြတ်တောက်နေတာတော့ရှိတယ်။ ဒါပေမယ့် ကယ်ဆယ်ရေးလုပ်ငန်းကတော့ အဆက်မပြတ်ဆောင်ရွက်နေတယ်။ ကယ်ဆယ်ရေးအတွက် ဆက်သွယ်လာတာမှန်သမျှကို သွားရောက်ကယ်ဆယ်မှုတွေ လုပ်နေတယ်။ ကယ်ဆယ်ရေးအတွက် အသုံးပြုမယ့် တပ်မတော်က speed boat တွေလည်း ရောက်နေပါပြီ။ ပြီးတော့ ပဲ့ထောင်တွေနဲ့လည်း ကယ်ဆယ်ရေးအတွက် ဆောင်ရွက်နေပါတယ်။

**ဒုတပ်ကြပ် အောင်သဲပိုင်**
**တိုင်းအကူရဲတပ်ဖွဲ့၊ မကွေးမြို့**

ကယ်ဆယ်ရေးလုပ်တဲ့နေရာမှာ ပြည်သူတွေ အန္တရာယ်မဖြစ်အောင် ရေကျော်ရဲ့ ဟိုဘက်ကမ်းက သစ်ပင်နဲ့ ဒီဘက်ကမ်းက သစ်ပင်ကို ကြိုးနဲ့ချည်ပြီး ကြိုးကနေတစ်ဆင့် ကဲ့ပြီး ဆောင်ရွက်တယ်။ မနေ့က အဲလို ဆောင်ရွက်နေတုန်း သစ်ပင်က လဲသွားတော့ ကျွန်တော်တို့အဖွဲ့တွေ ချက်ချင်း ရေထဲမြန်မြန်ဆင်းပြီး ကြိုးကို ပြန်ချည်ဖို့ ဆောင်ရွက်ခဲ့ရတယ်။ အဲဒါလေးက ကယ်ဆယ်ရေးလုပ်နေရင်းဖြစ်သွားတဲ့ အခက်အခဲလေးတစ်ခုပါ။

ဇူလိုင် ၃၁ ရက်ထိ စာရင်းကောက်ယူမှုအရ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပွင့်ဖြူမြို့နယ်ရှိ ကျောင်းကုန်းကြီးကျေးရွာ အုပ်စုမှ လူဦးရေ ၁၄၀၊ မုန်းဇလဲကျေးရွာမှ လူဦးရေ ၂၁၃ ဦးနှင့် မကျီးကုန်း၊ သမန်းရင်း၊ ဥယျာဉ်ကျစ်၊ ရှောက်တောကျေးရွာများ၌ ရေဝင်ရောက်မှုကြောင့် ဘေးလွတ်ရာ စလင်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ပြောင်းရွှေ့ခဲ့ရသော လူဦးရေ ၁၀၃၂ ဦးရှိပြီး စေတုတ္တရာမြို့နယ်၌လည်း ဩဂုတ် ၁ ရက် နံနက်ပိုင်းအထိ စာရင်းကောက်ယူမှုအရ ကျေးရွာနေ အိမ်ထောင်စု ၅၄၂ စုမှ လူဦးရေ ၂၈၄၄ ဦးတို့အား ဘေးလွတ်ရာ နေရာများသို့ ပြောင်းရွှေ့ထားရကြောင်း သိရသည်။

## ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်လူနာလေးဦးကို တပ်မတော်ရဟတ်ယာဉ်ဖြင့် မကွေးမြို့ရှိ ဆေးရုံသို့ ပို့ဆောင်ကုသ

**မကွေး ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရေဘေးသင့်ဒေသ ဝါးစိုက်ပျိုးတပ်မှ မမြင့်မိုရ်ဦး (၁၃ နှစ်)၊ ရွာသစ်ကျေးရွာမှ မောင်ဝင်းမင်းစိုး(၃၂ နှစ်) အသည်းရောဂါ၊ အနောက်ပိုင်းရပ်မှ ဒေါ်တင်ဥ (၇၈ နှစ်) ဝဲဖက်ခြေသလုံးကျိုးနှင့် ကျောင်းကုန်းကြီးကျေးရွာမှ မခင်နှင်းဦး(၂၂ နှစ်) အမျိုးသမီးရောဂါ (မစိုးရိမ်ရ)တို့အား ယနေ့မွန်းလွဲ ၁ နာရီခွဲက ပွင့်ဖြူမြို့မှ မကွေးမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ရာ မကွေးလေဆိပ်တွင် မကွေးခရိုင်ရဲတပ်ဖွဲ့မှူး၊ မကွေးမြို့နယ် အုပ်ချုပ်ရေးမှူး၊ တပ်မတော်ဆေးရုံနှင့် ကျန်းမာရေးဌာနမှ ဆရာဝန်များ၊ သူနာပြုများ၊ မီးသတ်ရဲဘော်များက အရေးပေါ်လူနာတင်ယာဉ် လေးစီးဖြင့် မကွေးမြို့ သင်ကြားရေးဆေးရုံသို့ ပို့ဆောင်ကြပြီး သင်ကြားရေးဆေးရုံမှ ဆရာဝန် ဆရာမများနှင့် သူနာပြုများက ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။



**ခင်မာလာ(မကွေး)**

## ဟားခါးမြို့နယ်ရှိ ရုန်းတောင်မြေပြိုမှုဖြစ်ပွား

**ဟားခါး ဩဂုတ် ၁**

ဟားခါးမြို့ အပေါ်ဘက်ရှိ ပေ ၇၀၀၀ ကျော်မြင့်သော ရုန်းတောင်သည် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီမှစတင်ပြီး မြေပြိုမှုများဖြစ်ပွားခဲ့ရာ ဩဂုတ် ၁ ရက် နံနက် ၉ နာရီ အထိ ပြိုကျမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

ထိုကဲ့သို့ ရုန်းတောင်မှ မြေသားများပြိုကျမှုကြောင့် ဟားခါးမြို့ရှိ စျေးဟောင်းရပ်ကွက်၊ မြို့ဟောင်းရပ်ကွက်၊ ပြည်တော်သာရပ်ကွက်၊ စျေးသစ်ရပ်ကွက်နှင့် ကျောဘုတ်ရပ်ကွက်နေ ပြည်သူများအတွက် အန္တရာယ်ရှိနိုင်သဖြင့် အဆိုပါ ရပ်ကွက်များမှ ပြည်သူများကို ဘေးလွတ်ရာ မြို့သစ်ရပ်ကွက်ရှိ အထက(၂)ခန်းမသို့ လည်းကောင်း၊ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးကို အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းသို့ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများအား ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ လည်းကောင်း၊ မြို့မကျောင်းရှိ ကျောင်းထိုင်ဘုန်းကြီးကျောင်းနှင့် သံဃာတော်များ၊ သီလရှင်များကို ဝန်ကြီးများအိမ်ရာသို့လည်းကောင်း၊ ကျောဘုတ်ရပ်ကွက်နေ ပြည်သူများကို ဓမ္မတက္ကသိုလ်သို့ လည်းကောင်း စုစုပေါင်း အိမ်ထောင်စု ၂၇၀၀ ခန့်၊ လူဦးရေ ၂၀၀၀၀ ကျော်တို့ကို ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ညောင်ဦး၌ ရေဘေးသင့်ကျေးရွာများတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**ညောင်ဦး ဩဂုတ် ၁**

မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်သို့ နီးကပ်လာသဖြင့် ရေဘေးအန္တရာယ် ကြုံတင်ကာကွယ်သည့်အနေဖြင့် မြစ်လယ်ကျွန်းဖြစ်သော တောင်ဘီကျေးရွာအုပ်စု ဆယ်လံကျေးရွာရှိ ကျေးရွာနေပြည်သူများ၊ နွား၊ ဝက် စသည့်တိရစ္ဆာန်များကို ယမန်နေ့ နံနက်ပိုင်းက ရေဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့ပေးခဲ့သည်။

အဆိုပါ ရွှေ့ပြောင်းမှုကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့မှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၀၀ ခန့်သည် စက်လှေခြောက်စီးနှင့် ကားနှစ်စီးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေဘေးဒုက္ခသည်များအတွက် ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာရှိ ဘုန်းကြီးကျောင်း လေးကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသော ရွှေကျောင်းဘုန်းကြီးကျောင်း၌ အမျိုးသား ၇၅ ဦး၊ အမျိုးသမီး ၁၁၀ ပေါင်း ၁၈၅ ဦးနှင့် နွား ၆၃ ကောင်၊ ကမ္မဘုန်းကြီးကျောင်း၌ အမျိုးသား ၂၈၂ ဦး၊ အမျိုးသမီး ၂၉၂ ဦး ပေါင်း ၅၇၄ ဦးနှင့် နွား ၂၁၂ ကောင်၊ မြင်း သုံးကောင်၊ မြသီတာဘုန်းကြီးကျောင်း၌ အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၁၀၂ ဦးနှင့် နွား ၂၃ ကောင်၊ မြို့ထောင့်ဘုန်းကြီးကျောင်း၌ အမျိုးသား ၅၉ ဦး၊ အမျိုးသမီး ၆၉ ဦး စုစုပေါင်း ၁၂၈ ဦးနှင့် နွား ၃၅ ကောင် စုစုပေါင်း အမျိုးသား ၄၆၇ ဦး၊ အမျိုးသမီး ၅၂၂ ဦး စုစုပေါင်း ၉၈၉ ဦးနှင့် နွား ၃၃၃ ကောင်၊ မြင်းသုံးကောင်တို့ကို ပြောင်းရွှေ့နေရာချထားပေးပြီးဖြစ်သည်။

ထို့အပြင် မြစ်လယ်ကျွန်းကျေးရွာဖြစ်သော မီးလောင်ပြားကျေးရွာအုပ်စု ပခုက္ကူကျွန်းကျေးရွာ၌ ရေဘေးသင့်ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကြောင်း၊ ယာယီကယ်ဆယ်ရေးစခန်းများ၌ ရေဘေးသင့်ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ၂၀၁၅ ခုနှစ် ဇွန်လနှင့်ဇူလိုင်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | စုစုပေါင်း | |
| | **ဇွန်လ(၂၄)ရက်နေ့မှ(၂၈)ရက်နေ့ထိ** | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင် | - | ၇၂ | ၃၈၉ | - | | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | - | ၁၈၃၇၃၈၄ | |
| ၅။ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၆၀၀၀၀၀** | **၆၃၉၄၅၇၁၀** | |
| | **ဇူလိုင်လ(၁၆)ရက်နေ့မှ(၃၁)ရက်နေ့ထိ** | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၇၆၄၄ | ၁၀၀၅၄၁ | ၇ | ၁၈၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၉၃၆၅၇၂၀ | ၆၀၀၀၀၀ | ၃၀၂၄၈၄၇၀ | |
| ၂။ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၃ | ၅ | ၄၄၇၂ | ၅ | - | - | - | ၁၄၇၂၆၈၈ | - | ၁၄၇၂၆၈၈ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၈၈ | - | ၄၂၀ | ၇ | - | - | ၂၈၅၀၀၀၀ | ၁၂၅၇၇၆၂ | - | ၄၁၀၇၇၆၂ | (၄)ဦးပျောက်ဆုံး |
| ၅။ | ချင်းပြည်နယ် | ၄ | ၆၂ | ၂၁၄ | - | - | - | - | - | - | - | |
| ၆။ | ရခိုင်ပြည်နယ် | - | ၂၇၁ | ၁၂၃ | - | - | - | - | - | - | - | |
| ၇။ | ကရင်ပြည်နယ် | - | ၃၄၈ | ၁၈၀၉ | - | - | ၁၄၀၉၁၀၀ | - | - | - | ၁၄၀၉၁၀၀ | |
| ၈။ | မွန်ပြည်နယ် | - | ၂၈၉ | ၁၃၀၂ | - | - | ၁၁၀၀၄၀၀ | - | ၂၃၄၉၅၇၀ | - | ၃၄၄၉၉၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | - | ၂၈၉၃ | ၁၃၂၅၆ | - | - | - | - | - | - | - | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | - | ၆၀ | ၂၂၄ | - | - | - | - | - | - | - | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | - | ၅၃ | ၂၆၉ | - | - | - | - | ၄၃၀၈၉၀ | - | ၄၃၀၈၉၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၅၈ | ၂၆၇ | - | - | - | - | - | - | - | |
| | **ပေါင်း** | **၁၃၂** | **၁၂၇၇၈** | **၁၂၈၉၆၀** | **၂၀** | **၃၁၂၃၆၀၀၀** | **၂၅၀၉၅၀၀** | **၄၆၀၀၀၀၀** | **၁၇၇၈၇၁၇၀** | **၇၀၀၀၀၀** | **၅၆၈၃၂၆၇၀** | |
| | **ဇွန်လနှင့်ဇူလိုင်လစုစုပေါင်း** | **၅၃၇** | **၁၄၉၂၄** | **၁၄၃၈၇၁** | **၂၇** | **၃၄၇၈၃၃၅၀** | **၆၃၀၂၂၈၀** | **၄၄၉၀၀၀၀၀** | **၃၃၄၉၂၇၅၀** | **၁၃၀၀၀၀၀** | **၁၂၀၇၇၈၃၈၀** | |

# လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

၂၀၁၅ ခုနှစ် ဩဂုတ်(၁)ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးဖြန့်ဖြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၂၉၅၂၀ | ၂၅၁၀၇ | ၉၉၂၀ | ၇၈၀၀ | - | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကရင်ပြည်နယ် | ၁၁၃၂ | - | - | - | - | ၅၀၀ | - | - | - |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၄၃၄၇ | ၇၃၂၃၆ | ၅၆၄၀၆ | ၃၃၁၉၅ | ၁၇ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၂၁၇၁၂၄ | ၂၆၀၅၄ | ၁၆၇၇ | ၁၃၂၇ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၆။ | မကွေးတိုင်းဒေသကြီး | ၆၇၂၄၁ | - | ၆၇၂၄၁ | - | - | ၇၅၀၀ | - | - | - |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၃၃၅၈ | ၈၃ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၈။ | မွန်ပြည်နယ် | ၈၅၅၃ | ၁၄၈၁ | - | - | - | ၁၆၃၂၀ | - | - | - |
| ၉။ | ရခိုင်ပြည်နယ် | ၂၆၀၅၀၄ | ၂၉၁၅ | ၄၇၇၃၄ | ၁၄၄၀ | - | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၃၅၇၀၀ | ၇၇၆ | - | - | - | ၅၅၀၀ | - | - | - |
| ၁၁။ | ရှမ်းပြည်နယ် | ၉၀၉၈ | ၈၀၃၀ | ၁၀၅၃ | ၂၅၉ | ၅၅ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ၈၀၂၃၄ | ၉၉၅၅ | ၆၁၇ | ၁၈၀ | - | ၃၀၁၀၀ | - | - | - |
| | **စုစုပေါင်း** | **၈၅၆၈၃၅** | **၁၅၀၉၄၅** | **၁၈၄၅၇၁** | **၄၄၂၁၀** | **၇၂** | **၁၇၂၈၇၇** | **၈၁၈၁၅** | **၆၁၀၀၀** | **၁၃၈၀** |

## အမ်းချောင်းရေမြင့်တက်မှုကြောင့် ကျေးရွာနေအိမ်အချို့ ရေကြီးနစ်မြုပ်

**အမ်း ဩဂုတ် ၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ဇူလိုင် ၃၀ ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ယင်းနေ့ညနေ ၄ နာရီမှစတင်၍ အမ်းချောင်းရေမြင့်တက်ခဲ့ရာ ယင်းနေ့ည ၁၂ နာရီတွင် ချောင်းရေမြင့်တက်မှုမှာ ချောင်းကမ်းပါးနှုတ်ခမ်းတစ်ပေခန့်အထိ မြင့်တက်ခဲ့ပြီး ဇူလိုင် ၃၁ ရက်တွင် မိုးဆက်လက်ရွာသွန်းမှုမရှိသဖြင့် ရေများလျော့ကျလျက်ရှိသည်။

အဆိုပါအမ်းချောင်းရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်အထိ ရေလျှံတက်လာခြင်းမရှိသော်လည်း အမ်းမြို့နယ်နှင့် လေးမိုင်ခန့်ရှိ အောက်ရွာကျေးရွာနှင့် ချောင်းအောက်ပိုင်းကမ်းနားတစ်လျှောက် ကျေးရွာအချို့ရှိ လူနေအိမ်များမှာ သုံးပေမှ ခုနစ်ပေ ခန့်ထိ ရေနစ်မြုပ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခဲ့စဉ် တောင်ကျရေများကြောင့် အမ်းမြို့နယ်အပိုင်း ရန်ကုန်-စစ်တွေ ကားလမ်းမကြီးရှိ မြေနိမ့်ပိုင်းနေရာအချို့တွင် ကားလမ်းများမှာ ငါးပေမှ ခုနစ်ပေခန့်အထိ ရေနစ်မြုပ်လျက်ရှိသဖြင့် ကားများဖြတ်သန်းသွားလာနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာများသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးနှင့် အစားအသောက်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဩဂုတ် ၁**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် စလင်းမြို့နယ် ဘုန်းတော်ကြီး ကျောင်းများရှိ ကူညီကယ်ဆယ်ရေး စခန်းများသို့ သွားရောက်၍ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရေနစ်မြုပ်ကျေးရွာများမှ ရေဘေးသင့် အိမ်ထောင်စုဝင်များကို နိုင်ငံတော်အစိုးရက ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ကုလားပဲများကို ပေးအပ်ပြီး အားပေးစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် စလင်းမြို့နယ် ဓမ္မသုခရိပ်သာစာစီကျောင်း၊ ရွှေကျောင်း၊ လက်ပံပင်နှင့် လက်မဲ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ပွင့်ဖြူမြို့နယ်မှ ရေဘေးသင့်ဒေသများ ဖြစ်သည့် ကျောင်းကုန်းကြီး၊ မကျီးကုန်းနှင့် ဒေးဒရဲ၊ မုန်းဇလဲ၊ သမန်းရင်း၊ ဥယျာဉ်စု၊ ရှောက်တောကျေးရွာအုပ်စုများမှ ရေဘေးသင့် အိမ်ထောင်စုပေါင်း ၂၄၅ စု၊ လူဦးရေ စုစုပေါင်း ၁၀၃၂ ဦးတို့အတွက် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှူဒါန်းသည့် အိမ်ထောင်စုတစ်စုလျှင် ဆန်ငါးပြည်အိတ်တစ်အိတ်၊ ကုလားပဲတစ်ပြည်၊ ကြက်သွန်နီ တစ်ပိဿာ၊ ဆီ ၄၅ ကျပ်သားနှင့် ဆား ၂၅ ကျပ်သားပါ ထောက်ပံ့ပစ္စည်းများအား ပေးအပ်ခဲ့သည်။ **(အောက်ဝဲပုံ)**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သ ည် ပွင့်ဖြူမြို့နယ် ဥယျာဉ်စုကျေးရွာအုပ်စု ရှောက်တောကျေးရွာရှိ ရွှေဘိုရွာသစ်ဘုန်းတော်ကြီးကျောင်း၌ ယာယီဖွင့်လှစ်ထားသည့် အရေးပေါ်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ရေဘေးသင့်အိမ်ထောင်စု ၂၀၀၀ ခန့်၊ လူဦးရေ ၁၄၀၀၀ ခန့်အား ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လုံခြုံရေးတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် အရေးပေါ် စားသောက်နေထိုင်ရေးတို့ကို ဆက်လက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် စလင်းမြို့နယ်ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အစည်းအဝေးခေါ်ယူ၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကလေးမြို့သို့ လေကြောင်းလိုင်းများ တိုးမြှင့်ပြေးဆွဲကာ လှူဒါန်းမည့်ပစ္စည်းများ အခမဲ့သယ်ပေးမည်

**ရန်ကုန် ဩဂုတ် ၁**

ရေဘေးသင့် ပြည်သူများနှင့် အဆက်အသွယ်များ ပြတ်တောက်မှု မရှိစေရေးနှင့် သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် မန္တလေးမြို့နှင့် ကလေးမြို့များသို့ ယနေ့မှစတင်ကာ ပုံမှန်နေ့စဉ်လေကြောင်း ခရီးစဉ်များကို မြန်မာ့အမျိုးသားလေကြောင်းလိုင်းက ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး အချိန်ကာလအားဖြင့် လိုအပ်ချက်အရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအခက်အခဲမရှိသည့် အချိန်အထိ ရည်ရွယ်ထားကြောင်း သိရသည်။

ယခင်က မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှာ ရန်ကုန်-မန္တလေး-ကလေးခရီးစဉ်များကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်-ကလေးခရီးစဉ်ကိုမူ တစ်ပတ်လျှင် သုံးရက်ခန့် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် ပုံမှန်ပြေးဆွဲပေးလျက်ရှိသော်လည်း ယခုအခါ ရေဘေးဒဏ် ခံစားနေကြသူများအတွက် အရေးပေါ်သွားလာနိုင်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီတင်ပို့နိုင်ရန်အတွက် လိုအပ်ပါက တစ်နေ့လျှင် တစ်ကြိမ်ထက်ပိုမို ပျံသန်းပေးမည်ဟု မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အပြင် သဘာဝဘေးဒဏ် ခံစားနေကြရပြီး နေအိမ်များကိုစွန့်ခွာကာ ကယ်ဆယ်ရေးစခန်းများနှင့် စုရပ်များသို့ ရောက်ရှိနေကြသည့် ပြည်သူများအတွက် အဓိကထားကာ တင်ပို့လှူဒါန်းလိုကြသူများအတွက် လှူဒါန်းမည့် ပစ္စည်းများဖြစ်သော စားနပ်ရိက္ခာများ၊ ဆေးဝါးနှင့် အသုံးအဆောင်များအားလုံးကို အခမဲ့သယ်ယူပို့ဆောင်ပေးမည် ဖြစ်သည်။

"လှူဒါန်းလိုသူတွေ အနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်စည်ဌာန တာဝန်ကျဝန်ထမ်းတွေဖြစ်တဲ့ ကိုအောင်ကျော်စိုး ဖုန်း-၀၉-၅၀၇၆၉၁၀နဲ့ ကိုဌေးလွင် ၀၉-၄၅၈၀၄၁၀၈၂တို့ကို ဆက်သွယ်နိုင်သလို မန္တလေးလေဆိပ်မှာ ကိုအောင်မင်းဆွေ ၀၉-၂၀၂၂၉၈၉ တို့ဆီကို ဆက်သွယ်နိုင်ပါတယ်။ မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်နဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်နှစ်ခုလုံးကနေလည်း တင်ပို့လို့ရတယ်"ဟု မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁**

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၉ စင်တီမီတာ (၁-ပေခန့်) ကျော်လွန်နေပါသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ခုနစ်စင်တီမီတာ(၃-လက်မခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၁ စင်တီမီတာ (ပေဝက်ခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ဇူလိုင် ၃၁ ရက် ည ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၃ စင်တီမီတာ (၁-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက်တည်ရှိ နိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မြန်မာစံတော် ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာ ချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ၁၉ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေ သည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**(မိုး/ဇလ)**

# အိန္ဒိယကောင်စစ်ဝန်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့ ကန့်ဘလူရေဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**ကန့်ဘလူ ဩဂုတ် ၁**

အိန္ဒိယနိုင်ငံ ကောင်စစ်ဝန် Dr.N.Nanda Kumar သည် ဩဂုတ် ၁ ရက် ညနေ ၃ နာရီက ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကန့်ဘလူမြို့နယ်မှ ရေဘေးသင့် ပြည်သူများအားတွေ့ဆုံပြီး အားပေး စကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်က နှုတ်ခွန်းဆက်ပြောကြားပြီး ကန့်ဘလူမြို့နယ် ရေဘေးကယ်ဆယ်ရေး ပစ္စည်းအလှူလက်ခံဌာန ပိတောက်သိဂ်ီခန်းမ၌ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ဆန်၊ ရေသန့်ဘူး၊ အဝတ်အိတ်၊ အဝတ်ဖာ၊ ဖိနပ်အိတ်၊ မုန့်ဖာ၊ မိုးကာလိပ်၊ ဒန်အိုး၊ မုန့်ဖာသေးနှင့် ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး မိသားစုက ငွေကျပ် သုံးသိန်းကိုလည်းကောင်း ထောက်ပံ့လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**


သတင်းအချက်အလက်များ သိရှိဖို့
1883
MOI Call Center
သို့ ဆက်သွယ်စို့


## ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို (၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ရက်) ၁၆-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၂ နာရီအထိ အမှတ် ၂၀-၂၁(ဃ)'ပ' သုံးလုံးဝိပဿနာ ပြန့်ပွားရေး အဖွဲ့ချုပ်ဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်း(ရွှေတိဂုံ ဘုရားအရှေ့ဘက်မုခ်)တွင် ပဓာန နာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာစရိယ ဘဒ္ဒန္တဇောတိက(အိမ်တော်ရာဝင်း ရွှေတည်ကျောင်းဆရာတော်)နှင့် ဒဂုံမြို့နယ် အိမ်တော်ရာဝင်း ညောင်ရိပ်သာကျောင်း ဒိုက်ဦးဆရာတော် ဦးပညာစက္ကတို့အား အမှူးပြု၍ သံဃာတော်အရှင် သူမြတ်များအား ဝါဆိုသင်္ကန်းနှင့်ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းပြီး ကြွရောက်အားပေးလှူဒါန်းနိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကွယ်လွန်သူဦးဆောင်နာယကကြီး ဦးဘစောအား ရည်စူး၍ ကျန်ရစ်သူမိသားစုမှ သံဃာတော်များအား နေ့ဆွမ်းကပ်လှူပူဇော်၍ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးပါမည်။

**ဆက်သွယ်လှူဒါန်းရန် - ဦးမောင်မောင်ဌေး ဖုန်း-၀၁-၃၇၃၉၇၇၊ ဦးတင်နု ဖုန်း-၀၉-၂၅၃၂၄၁၄၈၉၊ ဦးကျော်ဝင်း ဖုန်း-၀၉-၇၃၀၅၇၆၇၉၊ ဒေါ်တင်တင်အုန်း ဖုန်း-၀၉-၄၂၈၀၄၄၅၆၇၊ ဒေါ်အုံးမြင့် ဖုန်း-၀၉-၂၅၄၅၄၈၉၄၆၊ ဒေါ်သန်းသန်းထွေး ဖုန်း-၀၉-၅၁၆၆၄၅၄၊ ဦးလှမြင့် ဖုန်း-၀၉-၄၅၀၀၃၉၃၄၃၊ ဦးဝင်းမြင့် ဖုန်း-၀၉-၄၉၂၀၆၇၄၆၊ ဒေါ်ခင်အေးသန်း ဖုန်း-၀၉-၅၁၆၁၆၈၇၊ ဒေါ်ကြွယ်ကြွယ် ဖုန်း-၀၉-၄၉၂၅၅၇၃၂**

## ရခိုင်ဒေသတွင် (ကိုမန်)မုန်တိုင်းကြောင့် ရေဘေးသင့်ပြည်သူများအတွက် အလှူထည့်ဝင်ကြပါရန်

၂၉၊ ၃၀၊ ၃၁ ဇူလိုင် ၂၀၁၅ တွင် ကိုမန်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တော၊ မြေပုံမြို့နယ်များတွင် ရေကြီး၊ ရေလျှံခြင်းကြောင့် စိုက်ပြီးလယ်များ ရေနစ်မြုပ်ပျက်စီးခြင်း၊ အဆောက်အအုံများပြိုပျက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခြင်း၊ အစားအသောက်နှင့်နေထိုင်ရေးခက်ခဲခြင်းစသည့် အရေးပေါ် ရေဘေးဒုက္ခကြုံတွေ့နေရပါသည်။

ရခိုင်သဟာယအသင်း(ရန်ကုန်)နှင့် ရခိုင်လူမှုရေးအသင်းအဖွဲ့အစည်းများ ပူးပေါင်းလျက် ရခိုင်သဟာယအသင်းရုံးခန်း၌ အလှူခံဌာနဖွင့်လှစ်လျက်ရှိပါသည်။

အလှူငွေ၊ အစားအသောက်နှင့်ဆေးဝါးပစ္စည်းများကို စေတနာရှင်များအနေဖြင့် ပါဝင်ကူညီလှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

**အောက်ဖော်ပြပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

ရခိုင်သဟာယအသင်း ကယ်ဆယ်ရေးရန်ပုံငွေ ငွေစာရင်းအမှတ် ၂၀၉-၃၀၂-၁၂၇၀၀၁၈၆၁၀၁ ကျောက်မြောင်းဈေး၊ ကမ္ဘောဇဘဏ်ခွဲသို့ တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

**ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀၊ ဦးကျော်ဇောလှ ဖုန်း-၀၉-၇၃၂၅၇၆၂၈၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁၀၄၉၀၁၊ ရုံးဖုန်း-၀၁-၄၃၀၁၇၂၊**
**ရုံးလိပ်စာ - အမှတ် ၄၈၁၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**


technoland
the electronic expert
Computer, Mobile, Tablet & Accessories Sales
ONLINE SHOPPING
https://www.facebook.com/Technoland
ကွန်ပျူတာ၊ မိုဘိုင်းနှင့် ဆက်စပ်ပစ္စည်းများအား
Facebook မှငင်း၊ ဖုန်းဖြင့်သော်ငင်း မှာယူပါက
အိမ်တိုင်ရာရောက် ပို့ဆောင်ပေးနေပါသည်။
Customer Hotline
09-970035101~10


## လူပျောက်ကြော်ငြာ



လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ ပါရမီလမ်း၊ တိုက် ၁၊ ပထမထပ်၊ အခန်း ၆၊ တက္ကသိုလ်ဆရာများ ရိပ်သာနေ ဦးသီဟကျော်-ဒေါ်စုစုတို့၏ သမီးငယ်လေး ဖော်ပြပါဓာတ်ပုံရှင် မနွေးနုနုထွန်း(ခ)မအိအိအောင် အသက်(၁၆)နှစ်သည် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ လူကြီးများ စိတ်ပူနေသည်။ ဖေဖေရဲ့ ကျန်းမာရေး စိုးရိမ်နေရသည်။ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ အပြစ်အားလုံးခွင့်လွှတ်သည်။ တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၅၄၀၁၂၊ ၀၉-၇၃၀၁၅၃၄၄**
**၀၉-၇၃၀၅၉၉၂၉၊ ၀၉-၇၃၀၇၅၈၅၆**
**၀၉-၄၄၈၀၅၀၆၉၆၊ ၀၉-၇၃၁၀၉၃၄၆**
**၀၉-၄၂၀၁၅၈၃၃၄၊ ၀၉-၂၅၀၁၈၆၆၉၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏ သား မောင်မင်းမင်းထွန်း ၁၂/မဂတ(နိုင်)၀၁၀၀၂၀သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးလှထွန်းဦး-ဒေါ်မိုးဆွေဝင်း**


အသုံးမလိုတော့သော
လေအေးပေးစက်များ
ဝယ်ယူလိုပါသည်။
09 253582510


## မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၇)နေ ဦးဂျိုးဇက်စိန်ခန့်ပုံမှ ၄/တတန(နိုင်)၀၀၄၀၂၇ ၏သမီး မခင်မွန်းဝုန် ၁၃/လရန(နိုင်)၁၇၆၀၃၀ ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၆-၄-၁၉၉၆) ဖြစ်ပါသည်။

မခင်မွန်းဝုန်

အပြာရောင်ကမ္ပည်းများရဲ့ရာဇဝင်

သတင်းဆောင်းပါး
ခင်ရတနာ
ဓာတ်ပုံ-YGH






# ရန်ကုန်မြို့တော်ခန်းမ (သို့မဟုတ်) သမိုင်းဖြစ်ရပ်များစွာတို့ ကြုံတွေ့ဖြတ်ကျော်ခဲ့သည့် အထင်ကရနေရာ

**ရန်ကုန်ဟုဆိုလိုက်သည်နှင့် စိတ်အာရုံမျက်စိတွင် တွဲလျက်မြင်နိုင်သော အဆောက်အအုံများအနက် မပါမဖြစ်သည့် အဆောက်အအုံကြီးတစ်ခုမှာ မြို့တော်ခန်းမပင်ဖြစ်သည်။ မြို့သူ မြို့သားများအတွက် မြို့တော်ခန်းမဟူသည် ရှိစမြဲ။ အုပ်ချုပ်သူများနှင့် ပြည်သူများအကြား ထိတွေ့ဆက်ဆံရာ၊ အခမ်းအနားများ ကျင်းပရာနှင့် ထိုမြို့သို့ လာရောက်ကြသူများအားလုံးအတွက် မြို့တော်ခန်းမသည် အဓိပ္ပာယ်များစွာပေးအပ်နိုင်သည်ဖြစ်ရာ သက်တမ်း ၁၂၇ နှစ်ရှိ မြို့တော်ခန်းမကြီးအကြောင်းကို ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ စာရင်းမှတ်တမ်းများအရ လေ့လာကြည့်ရှုနိုင်ပါသည်။**

"မြန်မာနိုင်ငံရဲ့ ပထမဆုံးသော မြန်မာဗိသုကာဟန်နဲ့ အနောက်တိုင်းလက်ရာနှစ်ခုကို ပေါင်းစပ်ထားတာဖြစ်ပါတယ်။ မြို့တော်ခန်းမဆိုပြီး အခုမြင်ရတဲ့ပုံနဲ့ ချက်ချင်းပေါ်ထွက်လာတာတော့မဟုတ်ပါဘူး။ သမိုင်းကာလတစ်ခုကနေတစ်ခု ကူးပြောင်းပြီး အခုမြင်ရတဲ့ပုံကို ရရှိလာတာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၁၉၂၅ မှ ၁၉၄၀ ခုနှစ်အတွင်း မြန်မာနိုင်ငံ အောက်ပိုင်းဒေသကို ဗြိတိသျှတို့ အဆင့်ဆင့်သိမ်းပိုက်နေခဲ့သည့် ကာလအစောပိုင်းကတည်းက စတင်တည်ဆောက်ခဲ့သည့် ရန်ကုန်မြို့တော်ခန်းမကြီးသည် ဗိသုကာအဆင့်အတန်းမြင့်မားသော ဥရောပနှင့် အနောက်တိုင်းလက်ရာများကို မြန်မာ့ရိုးရာ ဗိသုကာလက်ရာနှင့် အချိုးညီစွာ ပေါင်းစပ်ထုတ်ဖော်ထားသည့် ပထမဆုံးသမိုင်းဝင်ပြယုဂ်တစ်ခုဖြစ်သည်။

သမိုင်းမှတ်တမ်းများအရ အဆိုပါနေရာသည် မြို့တော်ခန်းမ မတည်ဆောက်မီက ကပွဲခန်းမတစ်ခုအဖြစ်သာတည်ရှိခဲ့ပြီး အမည်မှာ Rippon Hall ဟု ခေါ်ဆိုခဲ့ဖူးကြောင်း သိရှိရသည်။

၁၉၁၀ ပြည့်လွန်ကာလများတွင် ရန်ကုန်မြို့၏ အရေးပါမှုသည် ပိုမိုမြင့်မားလာပြီး ဗြိတိသျှတို့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်အတွက် ရန်ကုန်ကို အဆင့်မြှင့်တင်ကာ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ ဝင်ရောက်ရန် တိုးချဲ့မှုများကို အားပေးလုပ်ဆောင်လာခဲ့သည်။

မြို့တော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြူနီစပယ်ဟု ခေါ်ဆိုခဲ့သည့် မြို့ပြအုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်တာများသည်လည်း ပိုမိုများပြားလာခဲ့ရာ ယင်းတို့ကိုဆောင်ရွက်ရန်အတွက် မြို့တော်ခန်းမတစ်ခုကို ခမ်းနားစွာ တည်ဆောက်ရန်အတွက် အကြံဉာဏ်များ စုဆောင်းခြင်းနှင့် အကောင်အထည် ဖော်ခြင်းတို့ကို ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ပထမကမ္ဘာစစ်ကြီး၏ အငွေ့အသက်များသည် ရန်ကုန်မြို့သို့လည်း ရိုက်ခတ်လာခဲ့သည့်အတွက် ဘဏ္ဍာငွေ အကျပ်အတည်းများကြောင့် မြို့တော်ခန်းမအသစ်ကြီးကို ၁၉၂၅ ခုနှစ်အထိ အကောင်အထည်ဖော်ရန် နှောင့်နှေးခဲ့ရသည်။

ပထမကမ္ဘာစစ်ပွဲကြီး ပြီးဆုံးပြီးသကာလ မြို့တော်ခန်းမတည်ဆောက်ရေးစီမံကိန်း ပြန်လည်အသက်သွင်းသည့်အခါ အမျိုးသားရေးလှုပ်ရှားမှုများ ခိုင်မာအားကောင်းလာသည့် အခြေအနေများကြောင့် အဆောက်အအုံကြီး၏ဒီဇိုင်းကို မြန်မာ့ရိုးရာ ဗိသုကာလက်ရာများ ထည့်သွင်းတည်ဆောက်ခွင့်ရရှိရန် တောင်းဆိုမှုများ မြို့တော်တစ်ဝန်း ပေါ်ပေါက်လာခဲ့သည့်အလျောက် ခေတ်ဦး မြန်မာ့ဗိသုကာပညာရှင် စည်သူဦးတင်က ယခင်ရေးဆွဲထားသည့် အနောက်တိုင်း ဥရောပလက်ရာ ဒီဇိုင်းအပေါ်တွင် မြန်မာ့ရိုးရာ ဗိသုကာလက်ရာများ ပေါင်းစပ်ကာ ခံ့ညားထည်ဝါသည့် အရှေ့နှင့် အနောက်တိုင်းဟန် မြို့တော်ခန်းမ ဒီဇိုင်းတစ်ခုကို ပြုပြင်ရေးဆွဲတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

စည်သူဦးတင်၏ အဘိုးဦးကြင်မှာ မင်းတုန်းမင်းလက်ထက်က အင်ဂျင်နီယာစက်မှု ဝန်ထမ်းတစ်ဦးဖြစ်ပြီး အဘွား ဒေါ်ခင်မိမိမှာ မင်းတုန်းမင်းလက်ထက်က အထိန်းတော်ကြီးတစ်ဦးဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

၁၉၄၅ ခုနှစ်တွင် မြန်မာနိုင်ငံကို ဗြိတိသျှတို့လက်အောက်မှ ဖက်ဆစ်ဂျပန်တို့ သိမ်းပိုက်လိုက်သည့် အချိန်ကာလတွင် ဂျပန်တို့က မြို့တော်ခန်းမကြီးကို ရန်ကုန်စစ်ခုံရုံးအဖြစ် အသုံးပြုခဲ့ခြင်းကြောင့် မြို့တော်ခန်းမသည် သမိုင်းဖြစ်ရပ်ပေါင်းများစွာ ဖြစ်ပွားခဲ့ဖူးသည့် နေရာတစ်ခုဟု ဆိုရမည်ဖြစ်သည်။ ၁၉၄၆ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် မြို့တော်ခန်းမကြီးသည် ရန်ကုန်စစ်ခုံရုံး၏ တရားခွင်အဖြစ်သို့ ရောက်ရှိခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် မျိုးချစ်နိုင်ငံရေး ခေါင်းဆောင်များ၏ ကြိုးပမ်းမှုကြောင့် တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ဆိုရန်နှင့် တောင်တန်းပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးရရှိရန် လက်တစ်ကမ်းအလို ကာလများတွင်လည်း မြို့တော်ခန်းမကြီးသည် သမိုင်းဝင် ဖြစ်ရပ်များစွာကို လက်ဆင့်ကမ်းကာ လွတ်လပ်ရေးအတွက် အားဖြည့်ကူညီသည့် အဆောက်အအုံကြီး တစ်ခုလည်းဖြစ်သည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်နေ့သည် မြို့တော်ခန်းမကြီး၏အရှေ့ ပြည်သူလူထု ထောင်ပေါင်းများစွာ အဖို့ မမေ့နိုင်သော နေ့တစ်နေ့ ဖြစ်ခဲ့ရသည်။ ထိုနေ့တွင် လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူများအတွက် လွတ်လပ်ရေးတိုက်ပွဲဝင်သည့် ရဲရဲတောက်မိန့်ခွန်းတစ်ခုကို မြို့တော်ခန်းမ၏ ဆင်ဝင်ပေါ်မှ တစ်ဆင့် ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုမိန့်ခွန်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ အလွန်ကျော်ကြားသော မိန့်ခွန်းများထဲမှ တစ်ခုဖြစ်ခဲ့သည့်အပြင် ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်ခွန်းလည်းဖြစ်ခဲ့သည်။ ထိုနေ့အပြီး ခြောက်ရက်အကြာ ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည်။

"ရန်ကုန်က မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးရဲ့ သမိုင်းအတွက် အရေးပါတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။

"အင်္ဂလိပ်-မြန်မာ စစ်ပွဲနှစ်ကြိမ်၊ ဒုတိယကမ္ဘာစစ်၊ အင်္ဂလိပ်နဲ့ ဂျပန် အုပ်ချုပ်ရေးကာလ၊ ပြည်တွင်းစစ်၊ အာဏာသိမ်းမှုနဲ့ အရေးအခင်းတွေကို ကြုံတွေ့ခဲ့ရာမြို့ ဖြစ်ပါတယ်။ မြန်မာ့ထိပ်တန်းခေါင်းဆောင်တွေ၊ အတွေးအခေါ်ပညာရှင်တွေ၊ စာရေးဆရာတွေ၊ အနုပညာရှင်တွေ နေထိုင်ခဲ့ရုံမျှမက မဂိုမင်းဆက်ရဲ့ နောက်ဆုံးဘုရင်ကနေ နိုဘယ်ဆုရှင် ကဗျာဆရာ ပါဘလိုနီရူဒါတို့လို ကမ္ဘာကျော်ပုဂ္ဂိုလ်တွေနေထိုင်ခဲ့ရာဖြစ်ပါတယ်။ မဟတ္တမဂန္ဒီကနေ နီကီတာခရူးရှက်ဖ်တို့လို ပုဂ္ဂိုလ်တွေလည်း လာရောက်လည်ပတ်ခဲ့ဖူးပါတယ်။ ဒါ့အပြင် ကိုးကွယ်ယုံကြည်ရာ နောက်ခံအမျိုးမျိုးရှိတဲ့ လူပေါင်းသန်းနဲ့ချီပြီး နေထိုင်ခဲ့တဲ့မြို့လည်း ဖြစ်ပါတယ်။ ရန်ကုန်ဆိုတာ ထူးခြားတဲ့မြို့၊ တစ်မူထူးခြားတဲ့မြို့ ဖြစ်တယ်ဆိုတာကို မြို့ပေါ်မှာရှိနေတဲ့ ဗိသုကာအမွေအနှစ်တွေက အထင်အရှားပြနေပါတယ်"ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက ပြောကြားသည်။

ထို့နောက်ပိုင်း မြို့တော်ခန်းမသည် ၁၉၅၀ ပြည့်လွန်ကာလများတွင် ရန်ကုန်မြို့၏ အကြီးမားဆုံးသော ခန်းမကြီးအဖြစ် ရပ်တည်လာခဲ့ပြီး မင်္ဂလာဆောင်များ၊ ညည့်ခံပွဲများ၊ တေးဂီတဖျော်ဖြေပွဲများနှင့် အခမ်းအနားများအတွက် ရေပန်းစားသည့် ခန်းမကြီးတစ်ခုအဖြစ် နေရာရလာသည်။

၁၉၇၀ ပြည့်လွန်ကာလများအတွင်း မြို့တော်ခန်းမကြီး၏ ဒုတိယထပ်တွင် အမျိုးသားစာကြည့်တိုက်ကို ဖွင့်လှစ်ထားခဲ့သည်။

ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ အခြေခံရုံးစိုက်ရာ အဆောက်အအုံတစ်ခုအဖြစ်သတ်မှတ်ကာ ရန်ကုန်မြို့၏ လုပ်ငန်းဆောင်တာများကို မြို့တော်ခန်းမအတွင်းတွင် ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့နှင့် သက်ဆိုင်သည့် အခမ်းအနားများ၊ မြန်မာ့ရိုးရာ ပွဲတော်များနှင့် နေ့ထူးနေ့မြတ်များတွင် အခမ်းအနားများ ကျင်းပလျက်ရှိသည်ကို မြင်တွေ့ရသည်။

ကမ္ပည်းမော်ကွန်း ရေးထိုးထားသည့် အပြာရောင်သတ္တုပြားများကို ရန်ကုန်မြို့သမိုင်းကြောင်း၌ အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ခဲ့သော အဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များအား အထိမ်းအမှတ်ပြုရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး မြို့၏ သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်မည့် နည်းလမ်းတစ်ခုဖြစ်သည်။

"ဒီကမ္ပည်းတွေကို ဗိသုကာလက်ရာ ဒါမှမဟုတ် သမိုင်းအချက်အလက်အရ အရေးပါတဲ့အဆောက်အအုံတွေ၊ အမွေအနှစ်နေရာတွေမှာ တပ်ဆင်သွားမှာဖြစ်ပါတယ်။ နာမည်ကျော်ကြားတဲ့သူတွေ နေထိုင်သွားတဲ့အိမ်တွေ၊ အလုပ်နေရာတွေလည်း ပါဝင်မှာပါ"ဟု ဒေါက်တာသန့်မြင့်ဦးက ပြောသည်။

ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့သည် ၂၀၁၂ ခုနှစ်က ပေါ်ပေါက်လာသည့် အဖွဲ့တစ်ခုဖြစ်ပြီး မြို့ပြဆိုင်ရာ စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းကျောင်းခြင်းမခံခဲ့ရသဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကြောင့် ဆယ်စုနှစ်နှစ်ခုအတွင်း သမိုင်းဝင်အဆောက်အအုံများ ပျက်စီးလာခြင်းနှင့် လက်ကျန်အဆောက်အအုံများနှင့် မြို့ပြရှုခင်းကိုပါ ခြိမ်းခြောက်ခြင်းခံရသည်ကို အချိန်မီ ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းသည် ရန်ကုန်မြို့၏ သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်မည်ဟု ယုံကြည်ကာ လူအများနှင့် သက်ဆိုင်သော နေရာများတွင် အဆိုပါနေရာနှင့် ဆက်စပ်နေသည့် သမိုင်းဝင် လူပုဂ္ဂိုလ်များနှင့် သမိုင်းအဖြစ်အပျက်များအကြောင်း ထုတ်ဖော်ကာ မြို့အမှတ်အသားတစ်ခုအဖြစ် ကမ္ပည်းပြားများကို တပ်ဆင်

စာမျက်နှာ ၁၇ သို့


သမိုင်းမှတ်တမ်းများအရ အဆိုပါနေရာသည် မြို့တော်ခန်းမ မတည်ဆောက်မီက ကပွဲခန်းမတစ်ခုအဖြစ်သာတည်ရှိခဲ့။

ခရီးသွားဆောင်းပါး



# သံလွင်မြစ်ကိုဖြတ် ဘီလူးကျွန်းကိုပတ်ခဲ့ရာဝယ်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

*မော်လမြိုင်မြို့ကိုရောက်တော့ မွန်းလွဲ ၁ နာရီရှိပြီး မိုးအုံ့နေသဖြင့် မှိုင်းပျပျဖြစ်နေသည်။ မိုးနံ့ပါသောလေကြောင့် အေးမြမြဖြစ်နေရာ မော်လမြိုင်မြို့ရာသီဥတုက နှစ်လိုဖွယ် သာသာယာယာရှိသည်။ မော်လမြိုင်မြို့ကမ်းနားလမ်းအတိုင်း မော်တော်ယာဉ်ဖြင့်လာခဲ့ရာ သန့်ရှင်းသပ်ရပ်ပြီး စည်ကားနေသောကမ်းနားလမ်းမြင်ကွင်းကား တိုက်တာအိမ်ခြေများ၊ အဆင့်မြင့်ဟိုတယ်များဖြင့် နိုင်ငံတကာမှ ကမ်းခြေမြို့များကဲ့သို့ တည်ရှိနေသည်။ စတီးလ်လက်ရန်းများ၊ ကွန်ကရစ်ဖြင့်ပြုလုပ်ထားသော ကမ်းခြေလူလျှောက်လမ်းနှင့် ရေတမာပင်လေးများ အစီအရီစိုက်ထားသော ကမ်းနားလမ်းက သံလွင်မြစ်အလှကို လမ်းလျှောက်ရင်းခံစားလေ့လာနိုင်အောင် စီမံထားသည်။ ကျွန်တော်တို့ခရီးစဉ်ကား မော်လမြိုင်မြို့မှ သံလွင်မြစ်ကိုဖြတ်ပြီး ဘီလူးကျွန်းမြို့ရွာများကို လေ့လာရန်ဖြစ်သည်။ ယခုမော်လမြိုင်မြို့ ကမ်းနားလမ်းကို ရောက်ခဲ့ပြီ။*

ဘီလူးကျွန်းကိုအခြေပြုပြီး ရောင်းဝယ်ဖောက်ကားသော မော်လမြိုင်ကမ်းနားလမ်းရှိ ကုန်စုံဆိုင်များ၊ ပွဲရုံများနှင့် ဈေးတို့ကြောင့် ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားနေသည်။ မော်လမြိုင်သည် တစ်ချိန်က မှောင်ခိုပစ္စည်းများသယ်ယူရာတွင် အဓိကစခန်းချမြို့ဖြစ်ပြီး မော်လမြိုင်-ရန်ကုန်ရထားသည် မှောင်ခိုရထားအဖြစ် နာမည်ကျော်ခဲ့သည်။ အိမ်နီးချင်း ထိုင်းနိုင်ငံ မဲဆောက်နှင့်ကပ်လျက်တည်ရှိရာ ဘုရားသုံးဆူ နယ်စပ်လမ်းမှ ကုန်ပစ္စည်းများလည်း တရားမဝင်လမ်းကြောင်းမှဝင်ရောက်ခဲ့သဖြင့် ရောင်းဝယ်ဖောက်ကားမှု ဖွံ့ဖြိုးခဲ့သည့် မြို့လည်းဖြစ်ခဲ့သည်။ ယခု နယ်စပ်ဂိတ်များ တရားဝင်ဖွင့်ပြီး ကုန်သွယ်ရေးလမ်းကြောင်းများ ပွင့်ခဲ့သဖြင့် မော်လမြိုင်သည် မှောင်ခိုပစ္စည်းများ ရောင်းဝယ်သော မြို့မဟုတ်တော့၊ သန့်ရှင်းသာယာလှပသောမြို့၊ သံလွင်တံတား(မော်လမြိုင်)ကို တည်ဆောက်နိုင်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောမြို့ ဖြစ်ခဲ့ပြီ။

"ကျိုက်မုပွန်ဘုရားအနီးမှာရှိတဲ့ စက်လှေဆိပ်ကနေပြီး စက်လှေနဲ့ ဘီလူးကျွန်းရှိ ကညော်ရွာဆိပ်ကမ်းကိုသွားရင်နီးတယ်။ အဲဒီကတစ်ဆင့် ဘီလူးကျွန်း(ချောင်းဆုံမြို့နယ်)ကို ကားနဲ့သွားလို့ရတယ်" ဟု ဒေသခံတစ်ဦးက လမ်းညွှန်သဖြင့် မော်လမြိုင်ကမ်းနားလမ်းမှ ကျိုက်မုပွန်စက်လှေဆိပ်သို့ ဆက်လက်ထွက်ခွာခဲ့သည်။ မော်လမြိုင်မြို့ကားလမ်းဘေးဝဲယာတစ်လျှောက် အိုးအိမ်တိုက်တာများဖြင့် ပြည့်ကျပ်နေအောင် လူနေထိုင်မှုများပြားနေပြီဖြစ်သည်။ ကားအသွားအလာများပြီး မြို့တွင်းလမ်း မီးပွိုင့်များတွင် စောင့်ဆိုင်းရပ်တန့်နေသော ယာဉ်များကိုလည်း တွေ့ရသဖြင့် ယာဉ်ကြောပိတ်ဆို့မှုသည် ရန်ကုန်တွင်သာမက နယ်မြို့ကြီးများတွင်လည်း ကူးစက်လာတော့မည်ဟု တွေးမိသည်။

ကျိုက်မုပွန်စက်လှေဆိပ်သို့ ရောက်ရှိလာခဲ့ရာ စက်လှေဆိပ်သို့ မဆင်းမီ အနီးရှိထမင်းဆိုင်အတွင်း နံနက်စာထမင်းစားပြီး ခေတ္တနားကာ စက်လှေဆိပ်ဆင်းခဲ့သည်။ ယခင်က စက်လှေဆိပ်ဟောင်းနှင့် ကျိုက်မုပွန်ဘုရားသာခြားပြီး စက်လှေဆိပ် အသစ်ပြောင်းရွှေ့ထားခြင်းဖြစ်သည်။ ယခင် စက်လှေဆိပ်ဟောင်းနေရာ၌ မော်လမြိုင်နှင့် ဘီလူးကျွန်းကိုဆက်သွယ်မည့် သံလွင်တံတား (ချောင်းဆုံ)ကို တည်ဆောက်နေရာ မော်လမြိုင်မြို့ဘက်အခြမ်း၌ တံတားကမ်းကပ်တိုင်နှင့် တံတားချဉ်းကပ်လမ်းများ စတင်ပြုလုပ်နေသဖြင့် စက်လှေဆိပ်နေရာ ရွှေ့ထားပေးခြင်းဖြစ်သည်။ သံလွင်တံတား (ချောင်းဆုံ) သည် မော်လမြိုင်မြို့ဘက် ကျိုက်မုပွန်အရပ်မှ ဘီလူးကျွန်းဘက်ခြမ်းရှိ ကညော်ကျေးရွာသို့ တံတားတည်ဆောက်နေခြင်းဖြစ်သည်။

စက်လှေဆိပ်တွင် လှေလေးစင်းခန့်ရှိနေပြီး တစ်ဦး ငွေကျပ် ၃၀၀ ကိုလက်ငင်းပေးဆောင်ရသလို စင်းလုံးငှားလျှင် ငွေကျပ် ၂၀၀၀ ဖြင့် ပို့ဆောင်ပေးသည်ဖြစ်ရာ လူပြည့်အောင် စောင့်ဆိုင်းစရာမလိုချေ။ ဟိုဘက်ကမ်း ဒီဘက်ကမ်းပြေးဆွဲနေသာ စက်လှေ ၁၅ စင်းခန့်ရှိနေပြီး အလှည့်ကျစနစ်ဖြင့် တစ်စင်းပြီးတစ်စင်း ထွက်နေရာစီးသူပြတ်သည်ဟူ၍မရှိ၊ ညဘက် ၁၀ နာရီခန့်အထိ စက်လှေဖြင့် သွားလာနေကြဆဲဖြစ်သည်။

စက်လှေကို စင်းလုံးငှားပြီး သံလွင်မြစ်ကိုဖြတ်ရန် စတင်ရာစက်လှေမောင်းသူက လူငယ်လေးတစ်ဦးဖြစ်နေသဖြင့် အသက်မေးကြည့်ရာ ၁၇ နှစ်ဟုဖြေ၍ အံ့သြမိသည်။ ရေစီးသန်သောသံလွင်မြစ်ကိုဖြတ်ကာ စက်လှေမောင်းနှင်ရသည်မှာ မလွယ်ကူဟုထင်သော်လည်း ထိုလူငယ်က စက်လှေမောင်းနေသည်မှာ နှစ်နှစ်ခန့်ရှိပြီဟုဆိုက ကျွမ်းကျင်စွာစက်နှိုးပြီး ကမ်းစပ်ကခွာလေသည်။ ဖခင်ဆုံးပါးသွားပြီဖြစ်၍ ရှစ်တန်းကျောင်းထွက်ကာ မိခင်နှင့်ညီမလေးတို့ကို ရှာဖွေကျွေးမွေးနေသော စက်လှေမောင်းလူငယ်လေးကိုကြည့်ကာ ရုန်းကန်လှုပ်ရှားနေသော နေ့စဉ်ဘဝကို ရင်မောနေမိသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေရသည့် လူငယ်တွေ မြန်မာနိုင်ငံတစ်ဝန်းတွင် အများအပြားရှိနေကြသည်။

စက်လှေအင်ဂျင်ကြောင့် တုန်ခါနေသော စက်လှေနံရံကို ကိုင်ကာရေစီးသန်လှသော နာမည်ကျော်သံလွင်မြစ်ကို နီးနီးကပ်ကပ်မြင်တွေ့၊ ထိတွေ့ခွင့်ရလေသည်။ တသွင်သွင်စီးဆင်းနေသော သံလွင်မြစ်ကား အချို့နေရာများတွင် သောင်ထွန်းနေပြီး၊ အချို့နေရာများတွင် ရေတိမ်နေကာ၊ အချို့နေရာများတွင် သောင်ခုံများကို မြင်တွေ့နေရသည်။ မြစ်လယ်တွင် ကုန်တင်သင်္ဘောများ ကျောက်ချရပ်နားထားသလို စက်လှေကြီးငယ်တို့ မောင်းနှင်သွားလာကြသည်။

သံလွင်မြစ်သည် သောင်များထွန်းနေသလို နုန်းကျမှုများသဖြင့် ယခင်ကလို ရေစီးသန်မှုမရှိဘဲ လျော့ကျသွားခဲ့ပြီ၊ သံလွင်မြစ်သည် ကမ္ဘာပေါ်တွင် အရှည်ဆုံးမြစ်တစ်မြစ်ဖြစ်ရာ တရုတ်၊ မြန်မာ၊ ထိုင်းနိုင်ငံများကို ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိရာ သံလွင်မြစ်၏မြန်မာနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းမှုအနေအထားမှာ ၄၂ ရာခိုင်နှုန်းရှိပြီး တရုတ်နိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းမှုမှာ ၅၃ ရာခိုင်နှုန်းရှိကာ ထိုင်းနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းမှုမှာ ငါးရာခိုင်နှုန်းရှိကြောင်း သိရသည်။

"ဟိုမှာမြင်ရတာ မော်လမြိုင်နဲ့ ဘီလူးကျွန်းကို ဆက်သွယ်မယ့် သံလွင်တံတား(ချောင်းဆုံ)ရဲ့ ဆောက်လုပ်လက်စ ရေလယ်တံတားတိုင်တွေပေါ့၊ လာမယ့်နွေဆိုရင် ရုပ်လုံးတော်တော်ပေါ်ပါပြီ"ဟု စက်လှေပေါ်လိုက်ပါလာသည့် ဒေသခံတစ်ဦးက ညွှန်ပြသည်။ သံလွင်မြစ်၏ ကျဉ်းမြောင်းသည့်နေရာကို ရွေးချယ်တည်ဆောက်နေသည့်အပြင် မြစ်အတွင်းသောင်ခုံကို ဖြတ်သန်းတည်ဆောက်နေသည်ကို တွေ့ရသည်။ မြစ်လယ်ရေပြင်ပေါ်တွင် ထိုးထိုးထောင်ထောင်ပေါ်ထွက်နေပြီဖြစ်သော တံတားရေလယ်တိုင်များ၊ စက်ယန္တရားများနှင့် အထောက်အကူပြုရေယာဉ်များကို လှမ်းမြင်ရသည်။ သံလွင်တံတား (ချောင်းဆုံ)ကို ၂၀၁၄-၂၀၁၅ တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ တွင် အပြီးတည်ဆောက်ရန် ကြိုးစားနေကြောင်း သိရသည်။

နှစ်လမ်းသွားတံတားဖြစ်ရာ တံတားပြီးစီးသွားပါက ဘီလူးကျွန်းပေါ်ရှိ ကျေးရွာများ မိနစ်ပိုင်းအတွင်း မော်လမြိုင်မြို့သို့ လာရောက်နိုင်ကြမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သွားသဖြင့် တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်သွားမည့် အလားအလာကောင်းများလည်း ရှိနေပြီဖြစ်သည်။ မွန်ပြည်နယ်တွင် ဘီလူးကျွန်းနှင့် ကုလားကုတ်ကျွန်းတို့က အဓိကကျွန်းကြီးများအဖြစ် တည်ရှိနေရာ သံလွင်မြစ်ခြားထားမှုကြောင့် ဘီလူးကျွန်းပေါ်ရှိ ကျေးရွာများ ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရာ တံတားပြီးခဲ့ပါက ပြောင်းလဲဖြစ်ထွန်းမှုများ ထွက်ပေါ်လာတော့မည်။

စက်လှေက ကညော်ရွာကမ်းစပ်ကို ဆိုက်ကပ်လေသည်။ ရွာဆိပ်ကမ်းဖြစ်သည့်အလျောက် စက်လှေစီးရန်ဆင်းလာသူများ၊ ရော်ဘာပြားများကို ဝါးလုံးဖြင့်လျှိုပြီး ထမ်းဆင်းလာသူများ၊ ကျောင်းသား ကျောင်းသူအရွယ်များ၊ လူငယ်များက စက်လှေစီးရန်လာနေကြရာ မော်လမြိုင်မြို့သို့သွားရန် သံလွင်မြစ်ကိုဖြတ်သန်းသည့် အခက်အခဲကြုံနေရသည်မှာ နှစ်ပေါင်းများစွာကြာ ခဲ့ပြီဖြစ်သည်။ မကြာမီကာလတွင် သံလွင်မြစ်ကို မော်တော်ယာဉ်များဖြင့် ကျော်ဖြတ်နိုင်တော့မည်။

ကညော်ရွာကား ဘီလူးကျွန်း(ချောင်းဆုံမြို့နယ်)တွင် ရွာကြီးလေးရွာအနက် တစ်ရွာဖြစ်သည်။ ဘီလူးကျွန်းပေါ်တွင် ကျေးရွာပေါင်း ၇၈ ရွာရှိသည့်အနက် ကညော်၊ ရွာလွတ်၊ မုရစ်ကယေးနှင့် မုဒူးကျေးရွာများမှာ အိမ်ခြေထောင်ကျော်ရှိသော ရွာကြီးများဖြစ်သည်။ ကညော်ရွာမှာ တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ ဈေး၊ အထက်တန်းကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတည်ရှိနေရာ သံလွင်တံတား(ချောင်းဆုံ)ပြီးစီးပါက မြို့တစ်မြို့အသွင် ပီပြင်စွာထွက်ပေါ်လာမည့် အခြေအနေရှိနေသည်။ ကညော်ရွာတွင် ကျိုက်ကော့ရွှေ ဆံတော်ရှင်စေတီတည်ရှိပြီး ကတောင်စိန် ရေပူတွင်းကလည်းခရီးသွားဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်ရာ နေရာတစ်ခုဖြစ်လာမည်မှာ မလွဲပင်။

ရွာလယ်တွင် ထီးထီးကြီးတည်ရှိနေသော အဆောက်အအုံတစ်ခုကိုတွေ့၍ မေးကြည့်ရာ သင်္ဂြိုဟ်စက်ဖြစ်ကြောင်းသိရသဖြင့် အံ့သြမိသည်။ ယခင်ကရွာပြင်၌တည်ရှိခဲ့သော်လည်း ယခုအခါ လူနေအိမ်များ တိုးချဲ့လာမှုကြောင့် တဖြည်းဖြည်းရွာအတွင်း ပိုင်းသို့ရောက်ရှိလာခြင်းဖြစ်ရာ တစ်ချိန်တွင် ရွှေ့ပြောင်းရန်စီစဉ်နေကြောင်း သိရသည်။

စာမျက်နှာ ၁၇ သို့

**မွန်ပြည်နယ်တွင် ဘီလူးကျွန်းနှင့် ကုလားကုတ်ကျွန်းတို့က အဓိကကျွန်းကြီးများအဖြစ် တည်ရှိနေရာ သံလွင်မြစ်ခြားထားမှုကြောင့် ဘီလူးကျွန်းပေါ်ရှိ ကျေးရွာများ ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရာ တံတားပြီးခဲ့ပါက ပြောင်းလဲဖြစ်ထွန်းမှုများ ထွက်ပေါ်လာတော့မည်**





ဘီလူးကျွန်း(ချောင်းဆုံမြို့နယ်)တွင် ရွာကြီးလေးရွာအနက် တစ်ရွာဖြစ်သည့် ကညော်ရွာအဝင်ကို မြင်တွေ့ရစဉ်။

မုဒူးရွာမှ ကျောက်သင်ပုန်းလုပ်ငန်း လုပ်ကိုင်မှုကို တွေ့ရစဉ်။



*စာမျက်နှာ ၁၆ မှ*

ကျွန်တော်တို့ ကညော်ရွာမှ နာမည်ကျော်ရွာလွတ်ရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ မော်တော်ကားလမ်းက တစ်ချို့နေရာတွင် ကတ္တရာ၊ တချို့နေရာတွင် ကွန်ကရစ်၊ တချို့နေရာတွင် မြေနီလမ်းများဖြစ်သဖြင့် မော်တော်ယာဉ်ကို ဖြည်းဖြည်းမှန်မှန်သာ မောင်းနှင်ရသည်။ လမ်းဘေးဝဲယာတွင် လယ်ကွင်းများ၊ ရော်ဘာပင်များ၊ ဥယျာဉ်ခြံများကို မပြတ်တမ်းမြင်တွေ့ရသည်။ မြင်ကွင်းအားလုံးစိမ်းစိုလန်းဆန်းနေရာ ဘီလူးကျွန်းသည် ရာသီဥတုမျှတပြီး ဘင်္ဂလားပင်လယ်အော်ဘက်မှ ပင်လယ်လေများလည်း မပြတ်တမ်းရရှိနေသည့်အတွက် သန့်ရှင်းလတ်ဆတ်သောလေများက တစ်ကျွန်းလုံး လွှမ်းခြုံလျက်ရှိသည်။

တစ်နာရီခန့် ဖြည်းဖြည်းမှန်မှန် မော်တော်ယာဉ်ဖြင့်လာခဲ့ရာ ရွာလွတ်ရွာသို့ ရောက်ရှိလာသည်။ လက်လုပ်ဆေးတံများထွက်ရှိရာ ရွာလွတ်ရွာကား အိမ်ခြေ ၁၁၈၇ လုံးရှိသည့်ရွာကြီးဖြစ်ပြီး အိမ်ကြီးအိမ်ကောင်းများစွာကို မြင်တွေ့ရသည်။ နှစ်ထပ်တိုက်၊ တစ်ထပ်တိုက်များ၊ သစ်သားအိမ်များဖြင့် ဖွံ့ဖြိုးမှုရှိသောရွာလည်းဖြစ်သည်။ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ပုဂ္ဂလိကဆေးခန်း၊ ရဲစခန်း၊ ဈေး၊ အထကကျောင်းများဖြင့် ပြည့်စုံစွာတည်ရှိနေသည့် ရွာလွတ်ရွာကား စပါး၊ ရော်ဘာ၊ ဆေးတံ၊ တုတ်ကောက်နှင့် သားရေကွင်းများထွက်ရှိသည့်ရွာလည်း ဖြစ်သည်။ ရွာလယ်၌ ရွာလွတ်ရွာ၏ သင်္ကေတဖြစ် အလွန်ကြီးမားသော သစ်သားဆေးတံကြီး ပြုလုပ်ထားသည်ကို တွေ့ရသည်။

နှစ်ပေါင်းရာချီကာ ဆေးတံလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းနေသည့် ဦးရင်ဖေ၏ နေအိမ်သို့ရောက်ရှိခဲ့ရာ ဆေးတံလုပ်နေသော ဦးရင်ဖေကိုတွေ့ရသည်။ "အဖိုးဖြစ်တဲ့ ဦးရစ်လက်ထက်ကတည်းက ဆေးတံလုပ်ငန်းလုပ်ခဲ့တာပါ၊ အဖေဖြစ်တဲ့ ဦးချစ်လည်း ဒီလုပ်ငန်းလုပ်ကိုင်ခဲ့ပြီး အဖေဆုံးတော့ ကျွန်တော်က ဆက်လုပ်နေတာ အခုအချိန်အထိပါပဲ" ဟု ဆေးတံကို ပွတ်လုံးလိုက်ရင်း ပြောပြသည်။ အသက် ၆၀ ကျော်နေပြီဖြစ်သော ဦးရင်ဖေက တစ်နေ့ ဆေးတံရှစ်ချောင်းခန့်သာ လုပ်နိုင်တော့သည်။

ရွာလွတ်ရွာတွင် တစ်ချိန်က ဆေးတံလုပ်ငန်း ကောင်းမွန်ခဲ့သော်လည်း ယခုအချိန်၌ အရောင်းအဝယ်ပါးသွားခဲ့ပြီး လုပ်ငန်းမကောင်းမွန်တော့ တစ်ချိန်က "Made In Ywalut" ဟူသော ကမ္ဘာကျော် တံဆိပ်သစ်သားဆေးတံထွက်ရှိရာ ရွာလွတ်တွင် လက်ရှိအချိန်၌ ဆေးတံလုပ်ငန်းလုပ်ကိုင်သူ ငါးဦးခန့်သာရှိတော့သည်။ ကမ္ဘာ့တစ်ဝန်းဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုကို ကန့်ကွက်တားဆီးပိတ်ပင်မှုများ၊ ဆေးတံပြုလုပ်ရာတွင် အသုံးပြုသည့် အဓိကကုန်ကြမ်းဖြစ်သည့် သစ်ရှားပါးလာမှုနှင့် အခက်အခဲအမျိုးမျိုးတို့ကြောင့် ဆေးတံလုပ်ငန်းတဖြည်းဖြည်း မှေးမှိန်လာ ခဲ့ခြင်းဖြစ်သည်။

ရွာလွတ်ဆေးတံအမှတ်တံဆိပ်ကို မပျောက်ပျက်ရန် ငွေကြေး၊ နည်းပညာ၊ နည်းလမ်းများ ထောက်ပံ့ဖြည့်ဆည်းပေးသင့်သည်က အမှန်ပင်၊ နေအိမ်များ၊ ရုံးခန်းများတွင် အမှတ်တရ အထိမ်းအမှတ်ပစ္စည်း၊ လက်ဆောင်ပစ္စည်း အသွင်ထားရှိသည့် ဈေးကွက်ပုံစံမျိုး ဖော်ဆောင်သင့်သည်ဟုလည်း တွေးမိသည်။ ရွာလွတ်ရွာတွင် ဆေးတံလုပ်ငန်း၊ တုတ်ကောက်လုပ်ငန်း၊ သားရေကွင်းလုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိရာ လက်မှုပစ္စည်းထုတ်ကုန်များထွက်ရှိရာ ရွာလည်းဖြစ်သဖြင့် ကမ္ဘာလှည့်ခရီးသွားများ နေ့စဉ်လာရောက်လေ့လာကြသည်ဟု ရွာခံများက ပြောသည်။

ရွာလွတ်ရွာမှ ဆက်လက်ထွက်ခွာခဲ့ရာ မုဒူးရွာကို ရောက်တော့ ညနေ ၃ နာရီခန့်ရှိနေပြီး ကားလမ်းဘေးဝဲယာတွင် အိုးအိမ်တိုက်တာများ စီတန်းတည်ဆောက်ထားသည့် ရွာဖြစ်ပြီး နှစ်ထပ်တိုက်နှင့် တစ်ထပ်တိုက် ၇၀ ကျော်ရှိသော ရွာလည်းဖြစ်ရာ အိုးအိမ်ကောင်းများဖြင့် စီးပွားရေး ကောင်းမွန်သည့်ရွာအဖြစ် မြင်တွေ့ရသည်။ မွန်တိုင်းရင်းသားအများစု နေထိုင်ပြီး ဘီလူးကျွန်းပေါ်ရှိ ကျောက်သင်ပုန်းတောင်ခြေအနီး ကျေးရွာလည်းဖြစ်ရာ ကျောက်သင်ပုန်းထွက်ရှိရာ နာမည်ကျော်ရွာလည်း ဖြစ်သည်။

ကျောက်သင်ပုန်း ပြုလုပ်ရာရွာဖြစ်သည့်အလျောက် အိမ်အချို့တွင် ကျောက်သင်ပုန်းများပြုလုပ်နေသည်ကို တွေ့ရသော်လည်း အိမ်တွင်းမှုလုပ်ငန်းငယ်တစ်ခု ပုံစံမျိုးများသာ တွေ့မြင်ရသဖြင့် ကျောက်သင်ပုန်းလုပ်ငန်းကို မှီခိုအားထားမှုမျိုး မရနိုင်သည်ကို ဖော်ပြနေသည်ဟု ခံစားမိသည်။ ကျောက်သင်ပုန်းကို မြင်တွေ့ရသဖြင့် ငယ်စဉ်က ကျောက်သင်ပုန်းပေါ်တွင် ကျောက်တံဖြင့်ရေးကာ ပညာသင်ခဲ့ရသော မူလတန်းကျောင်းသားဘဝကို ပြန်မြင်ယောင်မိသည်။ ကျောက်သင်ပုန်းပေါ် ဆရာမက မြေဖြူဖြင့် အမှန်ခြစ်ပြီး "တော်" "ကောင်း"ဟူ၍ ရေးလိုက်သောနေ့တွင် အိမ်ပြန်ချိန် မိဘများကိုပြသရသည့် အပျော်များကို ပြန်တွေးကာ ဝမ်းနည်း၊ ဝမ်းသာဖြစ်နေမိသည်။ ယနေ့အချိန်တွင် မိမိသားသမီးများ ကျောက်သင်ပုန်းကို မမြင်ဖူးကြတော့။ အပြန်တွင် ကျောက်သင်ပုန်း နှစ်ချပ်လောက်တော့ သမီးတွေပြဖို့ ဝယ်သွားရဦးမည်။

မုဒူးရွာတွင် ကျောက်သင်ပုန်းလုပ်ငန်းကို အဓိကပြုလုပ်သူ ဦးသိန်းကြည်အိမ်သို့ ရောက်ရှိခဲ့သည်။ သပ်ရပ်ကောင်းမွန်သော တိုက်ခံအိမ်ဖြစ်ပြီး အိမ်အောက်ထပ်၌ ကျောက်သင်ပုန်းများ အထပ်လိုက်ထားရှိသလို အိမ်ဘေး အဆောင်အောက်ထပ်၌ ကျောက်သင်ပုန်းလုပ်ငန်းကို အလုပ်သမားနှစ်ဦးနှင့် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရသည်။ ယခင်ကတစ်နေ့လျှင် ကျောက်သင်ပုန်း အချပ် ၁၀၀ ကျော် ပြုလုပ်ခဲ့ရသော်လည်း ယခုအချိန်၌ အရေအတွက် အနည်းငယ်သာလုပ်ရတော့ကြောင်း၊ ကျောက်သင်ပုန်းလုပ်ငန်းလုပ်ကိုင်သူ မုဒူးရွာ၌ ၂၀ ခန့်ရှိသော်လည်း စီးပွားဖြစ်လုပ်ငန်းမဟုတ်တော့ဘဲ တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြတော့သည့် အနေအထားဖြစ်နေကြောင်း ဦးသိန်းကြည်က စိတ်မကောင်းစွာ ပြောသည်။

နှစ်ပေါင်း ၁၀၀ ခန့်ကတည်းက ပြုလုပ်ခဲ့သော ကျောက်သင်ပုန်းမှာလည်း တိုးတက်ပြောင်းလဲမှုခေတ်ရေစီးကြောင်းနှင့်အတူ မျက်နှာဖုံးလှလှ၊ စာရွက်သားချောချော၊ ဖောင်တိန်၊ ဘောပင်တို့က နေရာယူခဲ့ကြပြီးဖြစ်သည်။ ကျောက်သင်ပုန်းသည် ယနေ့မူလတန်းကလေးသူငယ်များအဖို့ သမိုင်းမှာကျန်ရစ်ခဲ့သည့် အမွေခံပစ္စည်းဖြစ်ခဲ့ပြီ။ သို့သော် ကျောက်သင်ပုန်းသည် ကလေးငယ်များအတွက် မူလတန်းပညာသင်ကြားမှုတွင် အရေးမပါတော့သည့် ပစ္စည်းဖြစ်သော်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် လေ့လာစရာ၊ စိတ်ဝင်စားစရာအဖြစ် ပြသကာငွေရှာနိုင်သည့် လုပ်ငန်းဖြစ်လာရန် ကြိုးစားသင့်သည်။

မုဒူးရွာသည် အိမ်ခြေထောင်ကျော်သောရွာကြီးဖြစ်ပြီး ကျောက်သင်ပုန်းလုပ်ငန်းအပြင် စတီးလ်သံပန်းလုပ်ငန်းများလည်း လုပ်ကိုင်သည်ကို တွေ့ရသည်။ လယ်ယာနှင့် ဥယျာဉ်ခြံလုပ်ငန်းများလည်း လုပ်ကိုင်ပြီး ဈေးအရောင်းအဝယ်အဖြစ် အိမ်ဆိုင်များလည်း ဖွင့်လှစ်ရောင်းချသည့် အေးချမ်းသော ရွာတစ်ရွာဖြစ်သည်။ ကျောက်သင်ပုန်းထွက်ရှိရာကျေးရွာဖြစ်ပြီး ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်သည့်ရွာအဖြစ် အနာဂတ်ကို လှမ်းမျှော်ကြည့်သည့်စိတ်ဖြစ်နေမိသည်။

မုဒူးရွာမှ မော်တော်ယာဉ်ဖြင့်ချောင်းဆုံမြို့သို့ထွက်လာခဲ့သည်။ ကတ္တရာလမ်းကကျဉ်းသော်လည်း ကောင်းမွန်သဖြင့် ခရီးတွင်သည်။ လမ်းဘေးတစ်လျှောက်အုပ်ဆိုင်းညို့မှိုင်းနေသော ရော်ဘာပင်များကို မပြတ်တမ်းတွေ့မြင်ရသည်။ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသည့် ရေမြေဖြစ်ရာ နေရာတိုင်းတွင် ရော်ဘာပင်များက နေရာများများယူထားသည်။ လမ်းဘေးဝဲယာ၌ ရွာငယ်များကိုလည်း တွေ့မြင်ရရာ ဘီလူးကျွန်းပေါ်တွင် ကျေးရွာပေါင်း ၇၈ ရွာတည်ရှိနေသည်ကို သတိရမိသည်။

ချောင်းဆုံမြို့ကိုရောက်ချိန်၌ ညနေ ၄ နာရီခွဲခန့်ရှိပြီ။ ဘီလူးကျွန်းပေါ်တွင် တစ်ခုတည်းသောမြို့ဖြစ်ပြီး စည်ကားသောမြို့လည်း ဖြစ်သည်။ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများရှိနေသဖြင့် သွားလာရေးအဆင်ပြေချောမွေ့လျက်ရှိသည်။ သံလွင်တံတား (ချောင်းဆုံ) တည်ဆောက်ပြီးပါက အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည့် မြို့လည်းဖြစ်သည်။

သပ်ရပ်သန့်ရှင်းပြီး ထည်ဝါစွာတည်ဆောက်ထားသည့် အထက်တန်းကျောင်း၊ ခုတင် ၅၀ ဆံ့ဆေးရုံ၊ ပုဂ္ဂလိကဆေးခန်းများ၊ ဈေးနှင့် မြို့နယ်ရုံးများက ချောင်းဆုံမြို့၊ ချောင်းဆုံမြို့နယ်အနေအထားကို မြင်တွေ့ရသည်။ ချောင်းဆုံမြို့တွင် မွန်တိုင်းရင်းသားအများဆုံးနေထိုင်ပြီး ဒုတိယအများဆုံးမှာ မြန်မာဖြစ်ကာ ကရင်တိုင်းရင်းသားများလည်းနေထိုင်ကြသည်။ အရောင်းအဝယ်လုပ်ငန်းနှင့် ရော်ဘာစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံလုပ်ကိုင်ခြင်းများ ဒေသထွက်ကုန် ရောင်းဝယ်ခြင်းလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

ချောင်းဆုံမြို့သည် မကြာမီကာလအတွင်း နိုင်ငံတော်ဓာတ်အားပေးစနစ်မှ ဓာတ်အားအသုံးပြုနိုင်တော့မည်ဖြစ်ရာ စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာပြီး စက်မှုဇုန်ပြုလုပ်ရန်အစီအစဉ်လည်း အကောင်အထည်ပေါ်လာနိုင်တော့မည်ဖြစ်သည်။ ဘီလူးကျွန်း၏ ဘင်္ဂလားပင်လယ်အော်ဘက်ကမ်းခြေတွင် ရေနက်ဆိပ်ကမ်းပြုလုပ်မည့် အစီအစဉ်များလည်း သတင်းထွက်ပေါ်လျက်ရှိရာ ချောင်းဆုံမြို့အပါအဝင် ဘီလူးကျွန်း၏ ဖွံ့ဖြိုးတိုးတက်မှုမှာ အနာဂတ်တွင် တောက်ပလင်းဖြာလျက်ရှိသည်။

သံလွင်တံတား (ချောင်းဆုံ)တည်ဆောက်မှု၊ သံလွင်မြစ်ဖြတ်ကာ မဟာဓာတ်အားလိုင်းသွယ်တန်းမှုနှင့် ဘီလူးကျွန်းအားအဆင့်မြင့် မြို့ပြတည်ဆောက်မည့် သတင်းများက ဘီလူးကျွန်း၏အနာဂတ်ကို လှပစွာထုဆစ်ပုံဖော်တော့မည်ဟု အမြန်လမ်းတစ်လျှောက်အတွေးနယ်ချဲ့နေမိသည်က အမှန်ပင်။

**(မြန်မာ့အလင်း)**



*စာမျက်နှာ ၁၅ မှ*

ပေးထားခြင်းဖြစ်ရာ ယခုအခါ ဆဌမမြောက်အထိ တပ်ဆင်ပေးနိုင်ခဲ့ပြီဖြစ် သည်။

ရန်ကုန်မြို့တော်ခန်းမသည် အပြာရောင်ကမ္ဘည်းပြား တပ်ဆင်မှုတွင် ပထမဆုံးတပ်ဆင်ပေးခဲ့သည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ် ဩဂုတ် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တို့မှ တာဝန်ရှိသူများနှင့် နိုင်ငံတကာ သံတမန်များ၊ သမိုင်းပညာရှင်များနှင့် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကာ တပ်ဆင်ပေးထားခြင်းဖြစ်သည်။

အပြာရောင်ကမ္ဘည်းပြားတပ်ဆင်ခြင်းအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ရန်ကုန်မြို့အနှံ့ရှိ သမိုင်းဝင်နေရာများအားလေ့လာခြင်း၊ ကမ္ဘည်းပြားများ ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းတို့အတွက် Royal Philips Corporation က အမေရိကန်ဒေါ်လာ ၇၅၀၀၀ ကို ထောက်ပံ့ပေး ထားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# သရီးဒီကာတွန်းလေးတွေကို မြန်မာကလေးငယ်တွေအတွက် ဖန်တီးပေးချင်သူ

## ပြင်သစ်စာနဲ့ကျောင်းပြီးထားတဲ့ ဂျပန်ကောလိပ်ကျောင်းသူ မြန်မာမလေး

■ တွေ့ဆုံမေးမြန်း-နေမင်းမင်းသော်

**လေနုအေးတွေတိုက်ခတ်နေပြီး ရောင်စုံစက္ကူပန်းလေးတွေနဲ့ အလှဆင်ထားတဲ့ တိုကျိုမြို့ပေါ်က လမ်းတစ်ခုပေါ်မှာ မြန်မာမလေး နိုနိုရွှန်းဝေနဲ့ သူ့သူငယ်ချင်းတွေ နေ့တိုင်းလှုပ်ရှားသွားလာနေပါတယ်။ အသက် ၂၁ နှစ်သာရှိသေးတဲ့ နိုနိုရွှန်းဝေဆိုတဲ့ကောင်မလေးအတွက် တိုကျိုမြို့လယ်ကောင်က ပန်းလေးတွေရဲ့အလှအပကို အချိန်အကြာကြီးတော့ မခံစားနိုင်ပါဘူး။ နေ့စဉ်နေ့တိုင်း ပညာရေးအတွက် အိခဲဘုတုရို ဘူတာနားက ဆန်းရှိုင်းကောလိပ်မှာ သင်ယူကြိုးစားလျှောက်လှမ်းလို့ ဘဝရည်မှန်းချက်အတွက် ဖြည့်ဆည်းရပါတယ်။**


"တိုကျိုမြို့ကိုရောက်တာ လေးလပြည့်တော့မယ်။ ကျောင်းလည်းတက်ပြီး ပိုတဲ့အချိန်တွေမှာ အချိန်ပိုင်းအလုပ်ကို လုပ်ဖြစ်တယ်။ တက္ကသိုလ်ဘဝကိုပြောရမယ်ဆိုရင် ရန်ကုန်မှာ နိုင်ငံခြားဘာသာတက္ကသိုလ်တက်တုန်းက ပျော်ရွှင်ရတာနဲ့ အခုတိုကျိုမှာ ကျောင်းတက်ရတဲ့အရသာက ကွဲပြားခြားနားတာတွေ



အများကြီးရှိပါတယ်။ တစ်နယ်တစ်ကျေးမှာဆိုတော့ အစစအရာရာ ကိုယ့်အားကိုယ်ကိုးရတာ စိတ်လှုပ်ရှားစရာ ပိုကောင်းတယ်" လို့ မနိုနိုရွှန်းဝေက ပြောပါတယ်။

ကျောင်းတက်ရင်း တိုကျိုဆေးရုံတစ်ခုမှာ အကူသူနာပြုအလုပ်ကို အချိန်ပိုင်းလုပ်လို့ ကျောင်းစရိတ်ကို ဖြည့်တင်းနိုင်မယ်လို့ ယုံကြည်မိတဲ့အပြင် သူမျှော်လင့်ပြီး ရွေးချယ်ဖို့ ရည်ရွယ်ထားတဲ့ သရီးဒီ Animation က ကျောင်းပြီးတဲ့အခါ ဝင်ငွေအများကြီးမရနိုင်တာကို သူသိထားပါတယ်။

" Hotel Management တို့၊ စီးပွားရေးဘာသာရပ်တို့ကိုယူရင်ရပေမယ့် ရေရှည်မှာ ကိုယ်ဝါသနာပါရာကိုပဲ ဆက်လုပ်ချင်တာ။ ကလေးတွေအတွက် ကာတွန်း Animation တွေ ရေးဆွဲရင်း ဘဝကိုဖြတ်သန်းချင်တယ်။ ဒီထက်ပိုပြီးလည်း လေ့လာမှုတွေ လုပ်ချင်သေးတယ်။ ဒီအတွက် ပညာသင်စရိတ်တွေ လိုအပ်ပါတယ်။ အခုချိန်မှာ ကိုယ်တော်ရင်တော်သလို ပညာသင်စရိတ်တွေကို လျှောက်ထားနိုင်တဲ့အပြင် အချိန်ပိုင်းအလုပ်အကိုင်တွေကို လုပ်နိုင်မယ်ဆိုရင်တော့ ကျွန်မရည်ရွယ်ချက်တွေ အောင်မြင်မယ်လို့ ယုံတယ်" ဟု ယုံကြည်မှုအပြည့်နဲ့ ပြောပါတယ်။



မနိုနိုရွှန်းဝေ (အောက်ပုံ)နှင့် သူရေးဆွဲထားသော ပန်းချီကားများ။

ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ပြင်သစ်စာနဲ့ ကျောင်းတက်ခဲ့ပြီး ပြင်သစ်သံရုံးမှာလည်း ပြင်သစ်စာကို တက်ရောက်သင်ကြား ခဲ့သူ နိုနိုရွှန်းဝေအဖို့ ကျောင်းပြီးသွားချိန်မှာ မိမိတတ်ကျွမ်းတဲ့ ပြင်သစ်ဘာသာစကားကို အသုံးချနိုင်တဲ့ ဟိုတယ်တစ်ခုရဲ့ စီမံခန့်ခွဲမှုဆိုင်ရာအလုပ်အကိုင်ကို လုပ်ကိုင်ခဲ့ပါသေးတယ်။

"ကိုယ့်ကိုယ့်ကိုယ်မေးကြည့်မိတာ။ ဒီလောက်နဲ့ ရပ်တန့်မနေချင်ဘူး။ ပညာဆက်ပြီး သင်ချင်သေးတယ်။ ဝါသနာပါတဲ့ ဒီဇိုင်းပညာကို သင်ကြားချင်တယ်။ ဒါပေမယ့် ကျွန်မဆက်လက်ပြီး ပညာသင်ဖို့ မိဘတွေကိုချည်း အားမကိုးချင်ဘူး။ ကိုယ့်အားကိုယ်ကိုးချင်တယ်။ ဒါနဲ့ပဲ ဂျပန်မှာ ကျောင်းဆက်တက်ဖို့ ဆုံးဖြတ်လိုက်တယ်"လို့ သူက ဆက်ပြောပါတယ်။

နိုင်ငံတကာကျောင်းတွေမှာ ပညာဆက်လက်သင်ယူနိုင်ဖို့အတွက် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသည် အထူးလိုအပ်ချက်ဖြစ်ပြီး ငွေကြေးတတ်နိုင်လို့ မိမိရည်မှန်းချက်ကို ရယူနိုင်တဲ့ အခြေအနေမျိုးထက် ကိုယ်ရည်ကိုယ်သွေးနဲ့ ကြိုးစားအားထုတ်မှုတို့ဖြင့်သာ နိုင်ငံတကာ အဆင့်မီပညာရပ်များကို ဆည်းပူးနိုင်မယ်လို့ မနိုနိုရွှန်းဝေက ယူဆပါတယ်။

"ဂျပန်ကျောင်းတိုင်းမှာတက်ခွင့်ရဖို့ ဂျပန်ဘာသာနှစ်နှစ်ကို အရင်တက်ကြရပါတယ်။ အခုစတက်နေတယ်။ YUFL နဲ့ အခုရော ဘာသာစကားကို သင်နေတဲ့အချိန်မှာ ကွာတာတွေအများကြီးတွေ့ရတယ်။ YUFL မှာတုန်းက ဆရာမတွေ အသင်အပြကောင်းပါတယ်။ ဒါပေမယ့် ဒီကသင်ကြားမှုနဲ့ကျတော့ ကွာတာတွေအများကြီးပဲ။ ကိုယ့်တိုင်းပြည်မှာ စာကိုတက်သုတ်ရိုက်ပြီး သင်ကြတယ်။ အလွတ်ကျက်တဲ့စနစ်ကို သုံးနေဆဲပဲ။ စည်းကမ်းပိုင်းမှာလည်း ကြောက်ပြီးလိုက်နာရတာမျိုး။ ဒီမှာကျတော့ ကျွန်မတို့ကို ကျောင်းခေါ်ချိန်မပြည့်ရင် ဗီဇာမပေးပါဘူး။ ဒါ့အပြင် သင်တဲ့နေရာမှာလည်း အလွတ်ကျက်စနစ်ထက် နားလည်မှုကိုအခြေခံပြီး ကိုယ်တိုင်လေ့လာရတဲ့စနစ်ကိုသုံးတယ်။ စည်းကမ်းပိုင်းမှာလည်း အခန်းတိုင်းဟာ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ်တိတ်ဆိတ်ပြီး အားလုံးဟာ ပုံစံချပြီးသား စည်းကမ်းလိုက်နာတဲ့သူတွေ ဖြစ်နေတယ်" လို့ မနိုနိုရွှန်းဝေက ပြောပါတယ်။




ယနေ့တက္ကသိုလ်နယ်မြေတစ်ခွင်



# ဘက်စုံပြောင်းလဲမှုများစွာဖြင့် အမိတက္ကသိုလ်

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိခ်

**မိုးစက်မိုးပေါက်လေးတွေ မစိုစလောက်ပက်ဖျန်းရွာနေပြီး ကောင်းကင်တစ်ခုလုံးလည်း ညို့မှိုင်းအုံ့ဆိုင်းလို့၊ ကျောင်းတော်ကြီးကို ကျောင်းပြီးချိန်ကတည်းက မရောက်ဖြစ်ခဲ့တာ။ အခုပြန်ပြီးခြေချမိချိန်မှာတော့ မိုးစက်လေးတွေ ခုန်ပေါက်နေသလို စိတ်အစဉ်တွေကလည်း ခုန်ပေါက်လှုပ်ရှားလို့နေပါတယ်။**

မကွေးတက္ကသိုလ် အမိကျောင်းတော်ကြီးက သုံးနှစ်နီးပါးကာလအတွင်းမှာ ပြောင်းလဲမှုများစွာနဲ့ ဆီးကြိုလို့နေပါတယ်။ Extension ဘက်မှာတော့ မျက်စိလည်လမ်းမှားရအောင် တော်တော်ကြီးပြောင်းလဲနေတာကို တွေ့လိုက်ရပါတယ်။ မြင်ကင်းလမ်းဘက်က တံခါးမကြီးကပိတ်လို့၊ ကျောင်းကန်တင်းကိုလိုက်ရှာပြန်တော့လည်း မတွေ့။ နောက်မှ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်နဲ့ တောင်တွင်းလမ်းဘက်က အဓိပတိလမ်းအတိုင်း ဝင်လိုက်မှ သုံးထပ်စာသင်ကျောင်းဆောင်ကြီးတွေနဲ့ ကျောင်းကန်တင်းကို မြင်လိုက်ရပါတယ်။

ကျောင်းကန်တင်းက အရင်လိုမဟုတ်တော့ဘဲ အဆင့်အတန်းမြင့်မြင့်နဲ့ ကျောင်းသား ကျောင်းသူတွေ မိုးလုံလေလုံ စားလို့ရတဲ့ အဆောက်အအုံကြီးတွေနဲ့ စာသင်ကျောင်းဆောင်တွေရဲ့ မျက်နှာချင်းဆိုင်မှာ ဆောက်လုပ်ထားပါတယ်။ Main ထဲမှာလည်း ပြောင်းလဲမှုတွေကို တွေ့လိုက်ရပါတယ်။ အဝေးသင်ဌာနတို့၊ ကျောင်းသားရေးရာဌာနတို့ ရုံးဌာနတွေကို မတွေ့ရတော့ဘဲ extension ဘက်က သုံးထပ်ရုံးအဆောက်အအုံသစ်မှာ ပြောင်းလဲဆောင်ရွက်နေကြတာကို တွေ့ခဲ့ရပါတယ်။

ကျောင်းသား ကျောင်းသူတွေကလည်း ကျောင်းဆောင်သစ်ကြီးမှာ တက်ရောက် သင်ယူနေကြတော့ တက်ကြွနေပုံရပါတယ်။ အခန်းတိုင်း ကျောင်းသားတွေ ပြည့်နေတယ်။ နောက်ပြီး စာသင်ချိန်က အရင်ကလို မနက်တစ်ချိန်၊ မွန်းလွဲပိုင်းတစ်ချိန် မဟုတ်တော့ဘဲ တစ်နေကုန်တက်နေရတဲ့အတွက် ကျောင်းတော်ကြီးက စည်ကားလို့နေပါတယ်။

မကွေးတက္ကသိုလ်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ ပတ်သက်လို့ ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာအေးကျော်က " ပြုပြင်ပြောင်းလဲရေးလုပ်တဲ့အခါမှာ စာသင်ကျောင်းတွေကို ၂၀၁၁-၂၀၁၅ ဘဏ္ဍာနှစ်ကစပြီး ကျောင်းတွေ ဥပမိရှပ်ကောင်းမွန်အောင်လို့ သုံးထပ်စာသင်ဆောင်တွေ၊ တက္ကသိုလ် လုံခြုံမှုရှိအောင်လို့ ခြံစည်းရိုးအုတ်တံတိုင်းတွေ၊ အရင်က



မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးကျော်

အရာရှိအိမ်ရာမရှိတော့ အမှုထမ်းအိမ်ရာတွေမှာ နေခဲ့ရတယ်။ အခုအရာရှိအိမ်ရာတွေကို ပညာရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်နဲ့ ဆောက်လုပ်ခဲ့ပါတယ်။ အရင်က ကျောင်းသား ကျောင်းသူတွေ စာသင်ရာမှာ Leacture hall မရှိခဲ့ဘူး။ အခုတော့ ကျောင်းသား ကျောင်းသူတွေ အဆင့်အတန်းရှိရှိ တက်ရောက်သင်ယူနိုင်အောင် ဆောက်လုပ်ထားပါတယ်။ ပြီးခဲ့တဲ့စာသင်နှစ်ကတည်းက ပြောင်းလဲပြီး သင်ယူနေကြပါပြီ" လို့ ပြောပြပါတယ်။

သုတေသနနဲ့ ပတ်သက်လို့ သိပ္ပံသုတေသန အဆောက်အအုံတွေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဘတ်ဂျက်နဲ့ ဆောက်လုပ်ထားတဲ့အကြောင်း၊ ဆရာ ဆရာမတွေကိုရော ကျောင်းသား ကျောင်းသူတွေပါ သုတေသန တွေပြုလုပ်နိုင်အောင်လို့ ဆောက်လုပ်ပေးထားပြီး၊ အရင်က ရန်ကုန်-မန္တလေးသို့သွားကာ သုတေသနတွေ လုပ်နေရာကနေပြီး သွားစရာမလိုတော့ဘဲ Lab equipment၊ Lab table တွေကအစ နိုင်ငံခြားကမှာယူပြီး ပညာရေးဝန်ကြီးဌာနက ပံ့ပိုးပေးထားကြောင်းလည်း ပြောပြပါတယ်။

"အားကစားနဲ့ ပတ်သက်လို့လည်း မိုးလုံလေလုံ အားကစားခန်းမလည်း ဆောက်လုပ်ပြီးဖြစ်ပါတယ်။ အရင်နှစ်တွေက ဘတ်စကက်ဘော အားကစားနည်းမပါခဲ့ဘူး။ အခုပြန်လည်ကစားနေပါပြီ။ ကလေးတွေ စိတ်ဝင်စားဖို့လည်း သင်တန်းပေးပြီး ဘာသာရပ်အလိုက် ပြိုင်ပွဲတွေ ကျင်းပပေးနေပါတယ်။ ပြုပြင်ပြောင်းလဲရေးကာလမှာ နိုင်ငံတော်က တော်တော်များများ ထောက်ပံ့ပေးနေပြီး ဆရာတို့အနေနဲ့ ကလေးတွေကို ပညာထူးချွန် ထက်မြက်အောင်၊ နိုင်ငံ့သားကောင်း ရတနာတွေ ပေါ်ထွက်လာအောင်၊ အားကစားသမားကောင်းတွေ ထွက်ပေါ်လာနိုင်အောင် ဆက်တိုက်လုပ်ဆောင်နေပါတယ်။ တက္ကသိုလ်လက်ရွေးစင်အဖြစ် ရွေးချယ်ခံရတဲ့ ကျောင်းသားတွေလည်း ရှိပါတယ်။ အဲဒီကျောင်းသားတွေက အားကစားသိပ္ပံကျောင်းတွေနဲ့ အာဆီယံများ တက္ကသိုလ်(လာအို)မှာ သွားရောက်ပညာသင်ကြား နေကြပါတယ်။Activity နဲ့ပတ်သက်လို့လည်း ကြက်ခြေနီအသင်း၊ ဗုဒ္ဓဘာသာအသင်း၊ အားကစားပွဲတော်၊ ခြေလျင်တောင်တက်အသင်း စတဲ့အသင်းတွေ ရှိပါတယ်။ မကွေးတက္ကသိုလ်ဟာ ၂၀၁၅ ခုနှစ်မှာ တော်တော်ပြီးပြည့်စုံနေပါပြီ" လို့လည်း ဆရာကြီးက ပြောပါတယ်။

ဒါတွေအပြင် မကွေးတက္ကသိုလ်ရဲ့ သမိုင်းအစဉ်အလာနဲ့ ရှေးယခင်က ပညာသင်ကြားရေး စနစ်တွေနဲ့ ပတ်သက်လို့ မကွေးတက္ကသိုလ် ဆိုတာမဖြစ်ခင် မကွေးကောလိပ်အဖြစ် တည်ရှိစဉ်ကတည်းက တက်ရောက် ပညာသင်ကြားခဲ့ပြီး မကွေးတက္ကသိုလ်မှာပဲ ဓာတုဗေဒဌာန ပါမောက္ခဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဆရာမကြီး ဒေါက်တာချောခင်က "ဆရာမက မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ဇာတိဖြစ်ပြီး ၁၉၇၅-၁၉၇၆ ပညာသင်နှစ်ကနေ ၁၉၇၈-၁၉၇၉ ပညာသင်နှစ်အထိ B.Sc (Chemistry) ဘွဲ့ရခဲ့တယ်။ ဆရာမတို့ခေတ်တုန်းက ဂုဏ်ထူးတန်း မရှိဘူး။ စတုတ္ထနှစ်ပြီးမှ ကွာလီဖိုင်းပေးတာ၊ ကွာလီဖိုင်းပေးလို့ အောင်တယ်၊ မီတယ်ဆိုရင် မဟာသိပ္ပံဘွဲ့ကို မန္တလေးတက္ကသိုလ်သွားတက်ရတာ။ မကွေးကောလိပ်မှာ မဟာဘွဲ့တွေ သင်ကြားမှုမရှိသေးဘူး။ ဆရာမတို့ ငယ်ငယ်က ဘွဲ့ကြိုလေးနှစ်က မြန်မာလိုပဲ အဓိကဘာသာတွေကို သင်ရတာ။ M.Sc တက်မှ အင်္ဂလိပ်လိုသင်ရတာ" လို့ မှတ်မှတ်ရရ ပြန်ပြောပြပါတယ်။

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှ

## အခုဆိုရင် ပညာရေးအတွက် ဘတ်ဂျက်တွေ ရနေပြီဆိုတော့ လက်တွေ့သုတေသနပြုလုပ်ဖို့ ဖြည့်ဆည်းပေးထားပါတယ်။ တစ်ခါတည်း ဆွဲလှည့်လိုက်သလို မပြောင်းပေမယ့် တဖြည်းဖြည်းနဲ့တော့ ပြောင်းလဲနေပါပြီ။

မကွေးတက္ကသိုလ်ဟာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးစတဲ့ တက္ကသိုလ်တွေပြီးရင် တော်တော်ရှေးကျတဲ့ ကျောင်းကြီးပါ။ ဒါကြောင့်မို့ မကွေးတက္ကသိုလ်ရဲ့ အနေအထားက သင်ကြားရေးရော လက်တွေ့ပါ ပြည့်ပြည့်စုံစုံရှိပါတယ်။ မဟာသုတေသနဘွဲ့၊ မဟာသိပ္ပံဘွဲ့နဲ့ ဘွဲ့လွန်ဘွဲ့တွေအတွက် သုတေသနပြုနေတာတွေရှိတယ်။ အရင်နဲ့မတူတော့တာတွေက တတိယနှစ်၊ စတုတ္ထနှစ် ဘွဲ့ရဖြစ်စေ ဘွဲ့အတွက် စာမေးပွဲမဖြေခင် ပထမပညာသင်ကာလမှာ Term Paper ဖတ်ကြရတယ်။ သီအိုရီပိုင်းပဲဖြစ်ဖြစ် Experimental ပိုင်းဖြစ်ဖြစ် Course တင်ပြနိုင်ရမယ်။ Presentation ပါပေးရတယ်။ ရှေးကလုပ်ခဲ့တဲ့ပုံစံနဲ့ တစ်ထပ်တည်းတူတာ မဟုတ်ပေမယ့် သဘောသဘာဝက တူပါတယ်” လို့ ဆရာမကြီးက ပြောပါတယ်။

မကွေးတက္ကသိုလ်ဟာ တစ်ချိန်တုန်းက အဆောင်နေကျောင်းသားကျောင်းသူများနဲ့ ပျော်ရွှင်စရာများနဲ့ လှုပ်ရှားမှုများစွာကိုလည်း စုပေါင်းဆင်နွှဲခဲ့ကြပုံကို ဆရာမကြီးက အခုလို တမ်းတမ်းတတ ပြန်ပြောပြပါတယ်။

“ဆရာမတို့ ကျောင်းတက်တုန်းက အတွင်းဆောင်မှာ နေခဲ့တော့ အဆောင်နေ ကျောင်းသူဘဝမှာ အလွန်ပျော်တယ်။ ကျောင်းသားကျောင်းသူဦးရေတွေကလည်း များလာတော့ အမျိုးသားဆောင်တွေ၊ အမျိုးသမီးဆောင်တွေ ပြောင်းလိုက်တဲ့အတွက် နတ်မောက်ဆောင်မှာ ပထမနှစ်နဲ့ ဒုတိယနှစ်မှာနေတယ်။ တတိယနှစ်က စံပယ်ဆောင်၊ စတုတ္ထနှစ်ရောက်တော့ ဖိုးလကြီးဆောင်မှာနေခဲ့တာ။ အဲဒီတုန်းက စားရိပ်သာကို ငွေကျပ် ၁၂၀ သွင်းရတယ်။ ကျောင်းလခက ၁၅ ကျပ်၊ နှစ်ကုန်လို့ ဒင်နာကျွေးပြီး ငွေပိုတယ်ဆိုရင် အဆောင်နေ ကျောင်းသားတွေကို စားရိပ်သာက ပိုက်ဆံပြန်အမ်းတယ်။ စာမေးပွဲရက်တွေရောက်ရင် ညတိုင်းစပယ်ရှယ်ပေါ့။ ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်ဟင်းခါး စတာတွေကျွေးတယ်”လို့ ဆိုပါတယ်။

မကွေးတက္ကသိုလ်ရဲ့ ကျောင်းသားတိုင်း အမှတ်တရ အထင်ကရရှိတဲ့နေရာတွေ ပြောပါဆိုရင် သူငယ်ချင်းတွေနဲ့ အတူတူလျှောက်လည်ခဲ့ကြတဲ့ မြသလွန်ဘုရားကြီးရယ်၊ ဧရာဝတီမြစ်ကမ်းဘေး ကျောင်းသားကျောင်းသူတိုင်း မသွားဖူးသူမရှိသွားတဲ့ ကမ်းနားလမ်းက စားသောက်ဆိုင်တွေရယ်။ Main ရှေ့က ပန်းခြံလေးရယ်၊ ဧရာဝတီမြစ်ရေကျချိန်မှာ ဈေးဆိုင်လေးတွေဖွင့်ပြီး ရောင်းကြတဲ့ မြသလွန်ဘုရားအောက်ဘက်က သောင်ပြင်ဈေးဆိုင်လေးတွေရယ်ဆိုပြီး သတ်မှတ်ခဲ့တာ။

ဒါပေမယ့် ကျောင်းသူဘဝကနေ ပါမောက္ခဆရာမကြီး ဖြစ်လာတဲ့အထိ မကွေးတက္ကသိုလ်ရဲ့ ရင်ခွင်မှာ ထာဝရခိုနားနေတဲ့ ဆရာမကြီး ဒေါက်တာချောခင်ကတော့. . .။

“ဆရာမတို့တုန်းက ဒီကျောင်းဝိုင်းကြီးထဲမှာ မဲဇလီပင်တန်းတွေပဲ စိုက်ထားတော့ မကွေးတက္ကသိုလ်ရဲ့ အထင်ကရပြောစမှတ်က မဲဇလီပင်တန်းတွေပေါ့။ မကွေးတက္ကသိုလ်ကို မဲဇလီမြေလို့တောင် ခေါ်ဆိုခဲ့ကြပါတယ်။ အခုနောက်ပိုင်းတော့ အဆောက်အအုံသစ်တွေ ဆောက်လုပ်လာတော့ မဲဇလီပင်တွေရဲ့ ပြယုဂ်က နည်းနည်းတော့လျော့သွားပါပြီ။ အပင်တွေ စုံနေပါပြီ”လို့ ပြောပြပါတယ်။

ကျောင်းသူဘဝတုန်းကတော့ လူတိုင်းက ကိုယ်ဝါသနာပါတယ်၊ ဆန္ဒရှိမယ်ဆိုရင် တော်တော်များများက အားကစားရော၊ လူမှုရေးပါ လှုပ်လှုပ်ရှားရှားရှိခဲ့တယ်။ အနုပညာလှုပ်ရှားမှုနဲ့ အသင်းအဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေ အမြဲမပြတ်ရှိနေတယ်။ တစ်နှစ်တစ်ခါဆိုသလိုလည်း ဂီတဆည်းဆာတို့၊ အားကစားပွဲတော်တို့၊ ဈေးရောင်းပွဲတော်တို့ရှိတယ်။ လက်ရှိမှာလည်း ပြုလုပ်နေပါပြီ။ မကွေးတက္ကသိုလ် ကြက်ခြေနီအသင်းတွေ၊ သွေးလှူရှင်အဖွဲ့တွေဆိုပြီး ဖွဲ့စည်းထားပါတယ်။ ဆရာမကြီးကိုယ်တိုင်ကလည်း မကွေးကောလိပ်ဆိုကတည်းက ဒီကျောင်းရဲ့ အရိပ်ကိုခိုခဲ့တာ၊ အမိတက္ကသိုလ် ကျေးဇူးရှင်ဆိုလည်း မမှားပါဘူး။ အသက်မွေးဝမ်းကျောင်းလုပ်တော့လည်း University Life ကို ကိုယ်ကအမြဲပြုနေတယ်ဆိုတော့ ဘူမိနက်သန် မှန်တဲ့နေရာလို့ ဆိုရမှာပဲ” လို့လည်း ဆရာမကြီးက ပြောပြပါတယ်။

“အခုဆိုရင် ပညာရေးအတွက် ဘတ်ဂျက်တွေ ရနေပြီဆိုတော့ လက်တွေ့သုတေသနပြုလုပ်ဖို့ ဖြည့်ဆည်းပေးထားပါတယ်။ တစ်ခါတည်း ဆွဲလှည့်လိုက်သလို မပြောင်းပေမယ့် တဖြည်းဖြည်းနဲ့တော့ ပြောင်းလဲနေပါပြီ။ နောက်ပြီး မကွေးတက္ကသိုလ်ကို အဆင့်မီတဲ့ တက္ကသိုလ်ဖြစ်အောင် ပါမောက္ခချုပ်ဆရာကြီးရဲ့ လမ်းညွှန်မှုနဲ့အညီ ကြိုးစားဆောင်ရွက်နေကြပါတယ်“လို့ ဆရာမကြီးက ဆက်ပြောပါတယ်။

အရင်ခေတ်က အဆောင်နေ ကျောင်းသား ကျောင်းသူတွေရဲ့ နေထိုင်စားသောက်ခဲ့တဲ့ ပုံရိပ်တွေကို ဆရာမကြီးဆီက သိရပြီး ကိုယ်တိုင် ကျောင်းသူဘဝက အတွင်းဆောင်တွေမရှိခဲ့တဲ့အတွက် မနေခဲ့ရပေမယ့် အခု အတွင်းဆောင်တွေပြန်ထားပြီး အတွင်းဆောင်နေ ကျောင်းသူတွေရဲ့ အခြေအနေကို မေးကြည့်တော့ မကွေးတက္ကသိုလ်မှာ ဇီဝဓာတုဗေဒ မေဂျာနဲ့ ဒုတိယနှစ်တက်ရောက်နေတဲ့ ပွင့်ဖြူမြို့နယ် ကုန်းစောင်းက မသိမ့်သိမ့်သူက “ကျွန်မက ပထမနှစ်က အပြင်မှာနေခဲ့ပြီး၊ အခု အတွင်းဆောင်ဖြစ်တဲ့ ယင်းမာဆောင်မှာနေပါတယ်။ အပြင်ဆောင်နဲ့ အတွင်းဆောင်တွေရဲ့ ကွာခြားချက်ကတော့ အပြင်ဆောင်တွေမှာဆို ကိုယ်နေချင်သလို နေလို့ရတယ်။ အတွင်းဆောင်က အပြင်မှာထက် ပိုပြီးစည်းကမ်းကြီးတယ်။ နောက်ပြီး အတွင်းဆောင်မှာနေတော့ ဆရာမတွေနဲ့ ရင်းနှီးမှုရှိတော့ စာလည်းမေးလို့လွယ်သလို အမြင်မတော်တာတွေ ရှိရင်လည်း ဆရာမတွေက ဆုံးမကြတယ်။ ကျွန်မတို့ အတွင်းဆောင်က အချိန်နဲ့ဖွင့်ပြီး အချိန်နဲ့ပိတ်တဲ့အတွက် စည်းကမ်းကောင်းပြီး ကျောင်းသူတွေအတွက် လုံခြုံစိတ်ချရပါတယ်။

“ကျွန်မရွာက နေလာပြီးကျောင်းတက်ရတော့ အရင်ကထက်အမြင်ကျယ်လာတယ်။ ကျောင်းတက်ရတာလည်းပျော်တယ်။ အရင်တုန်းက မနက်ပိုင်းပဲတက်ရတာ၊ အခု တစ်နေကုန်တက်ရတော့ စာနဲ့အမြဲထိတွေ့မှုရှိပြီး လက်တွေ့တွေလည်း များများလုပ်လာရတဲ့အတွက် တော်တော်ကို အဆင်ပြေပါတယ်။ အဘက်ဘက်က ပညာသင်ကြားမှုတွေ၊ လက်တွေ့လုပ်ဆောင်မှုတွေကို အစွမ်းကုန်ပို့ချပြုလုပ်ပေးနေသလို ကျွန်မတို့ကလည်း ပညာထူးချွန်အောင် ကြိုးစားသွားမှာပါ။ ကျွန်မက ဒုတိယနှစ်တက်နေတာဆိုတော့ ဂုဏ်ထူးတန်းပါအောင် ကြိုးစားနေပါတယ်”ဟု သူ့ရဲ့ ရင်တွင်းစကားလေးတွေကို ပြောပြပါတယ်။

မကွေးတက္ကသိုလ်ကို ၁၉၅၅ ခုနှစ်က မကွေးဥပစာကောလိပ်အဖြစ် ရန်ကုန်တက္ကသိုလ်ရဲ့ လက်အောက်ခံကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၆၇-၁၉၆၈ ပညာသင်နှစ်မှာ ဥပစာကောလိပ်ကို မကွေးကောလိပ်လို့ အမည်ပြောင်းလဲခဲ့ပါတယ်။ ၁၉၈၂-၁၉၈၃ ပညာသင်နှစ်မှာ မကွေး ဒီကရီကောလိပ်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး ၁၉၉၄ ခုနှစ်ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ မကွေးဒီဂရီကောလိပ်ကို မကွေးတက္ကသိုလ်အဆင့်အဖြစ် တိုးမြှင့်ပေးခဲ့တယ်လို့ မကွေးတက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာအေးကျော်ရဲ့ ပြောကြားချက်အရ သိရပါတယ်။

လက်ရှိ မကွေးတက္ကသိုလ်ဟာ နှစ် ၆၀ ပြည့်မြောက်ခဲ့ပြီး အမိမြေက မွေးထုတ်ပေးခဲ့တဲ့ ထူးချွန်ကျောင်းသား ကျောင်းသူများမှာလည်း မရေမတွက်နိုင်အောင် များပြားနေပြီဖြစ်ပါတယ်။ မကွေးတက္ကသိုလ်မှာ ဆရာဆရာမအင်အား ၃၆၀၊ ဝန်ထမ်းအင်အား ၃၀၄ ဦးနဲ့ နေ့ကျောင်းသားပေါင်း ၅၈၃၈ ဦး၊ အဝေးသင်ကျောင်းသားပေါင်း ၂၀၀၀၀ကျော်လည်း ပညာသင်ကြားနေတယ်လို့ သိရပါတယ်။

တက္ကသိုလ်နယ်မြေကို ဒုတိယအကြိမ်ရောက်ရှိခါမှ အမိကျောင်းတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ပိုပြီးသိရှိလာရသလို အခိုက်အတန့်ခိုနားခွင့်ရခဲ့လို့လည်း ဂုဏ်ယူမိပါတယ်။ အလာတုန်းက မိုးပြေးလေးတွေနဲ့အတူ တက်ကြွစွာလှမ်းခဲ့တဲ့ ခြေလှမ်းတွေက အမိတက္ကသိုလ်နယ်မြေကို ပြန်လည်ကျောခိုင်းခဲ့ရပြန်တော့လည်း ငယ်ဘဝပုံရိပ်တွေက စိတ်အစဉ်မှာ ပြန်လည်လိုက်ပါလာခဲ့ပြန်ပါတော့တယ်။






## ကျောက်ကပ်အတွက် ဆေးတစ်ခွက်

မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးအဖြစ်အသုံးပြုနိုင်သော သစ်သီးဝလံများ ပေါများစွာရှိနေသည်။ လူတို့သည် တန်ဖိုးနည်းသောဆေးနည်းဆိုလျှင် အထင်သေးစွာသုံးစွဲရမှာ အလွန်ဝန်လေးတတ်ကြသည်။ ထို့ကြောင့် ဤဆောင်းပါးဖြင့် ကိုယ်တွေ့ကြုံခဲ့ရသော ဆေးနည်းတစ်ခုကို ရေးသားဖော်ပြရခြင်းဖြစ်သည်။

ကျွန်မတို့ နေ့စဉ်စားသုံးနေသော အသီးအနှံများထဲမှ ကျောက်ဖရုံသီး၏ အကျိုးအာနိသင်ကို ဖော်ပြပေးချင်သည်။ ကျွန်မ၏ခင်ပွန်းသည် ကျောက်ကပ်ရောဂါကို ပြင်းထန်စွာခံစားခဲ့ရသည်။ ဆေးခန်းပေါင်းများစွာကို ပြသခဲ့သော်လည်း ဆေးထိုးစဉ် ခဏသာသက်သာခဲ့သည်။ တစ်နေ့ ကျွန်မ၏မိတ်ဆွေက အမျိုးသားခံစားနေရသောရောဂါအကြောင်း စကားစပ်ပြောမိရာ ကျောက်ကပ်ရောဂါနှင့် ပတ်သက်လျှင် ကျောက်ဖရုံသီးဖြင့် အမြစ်ပြတ်နိုင်ကြောင်း အကြံဉာဏ်ပေးသောကြောင့် ကျောက်ဖရုံသီးကို ဂျစ်ဖြင့်ခြစ်ကာ ဆားအနည်းငယ်၊ သကြားသင့်တော်ရုံထည့်၍ ဖျော်ရည်အဖြစ်ပြုလုပ်ပြီး နေ့စဉ်နံနက်တစ်ခွက် ညတစ်ခွက် အမြဲသောက်သုံးပေးသောကြောင့် မခံမရပ်နိုင်အောင်ခံစားနေရသော ဝေဒနာသည် နှစ်ပတ်ခန့်အကြာတွင် ယူပစ်သလို သက်သာပျောက်ကင်းသွားသည်ကို လက်တွေ့ကြုံခဲ့ရသည်။ ကျောက်ဖရုံသီးသည် ကျောက်ကပ်ရောဂါသာမက ဆီးလမ်းကြောင်းတွင် ကျောက်တည်ခြင်းများကိုလည်း ပျောက်ကင်းစေကြောင်း သိခဲ့ရသည်။

**ကျောက်ဖရုံသီးကို ဂျစ်ဖြင့်ခြစ်ကာ ဆားအနည်းငယ်၊ သကြားသင့်တော်ရုံထည့်၍ ဖျော်ရည်အဖြစ်ပြုလုပ်ပြီး နေ့စဉ် နံနက်တစ်ခွက် ညတစ်ခွက် အမြဲသောက်သုံးပေး။**

ဆီးလမ်းကြောင်းတွင် ပိတ်ဆို့နေသော ကျောက်များကိုပင် အရည်ပျော်စေသည်မှာ အမျိုးသားကြောင့် လက်တွေ့ကြုံခဲ့ဖူးပါသည်။ ထို့ကြောင့် ဆီးနှင့်ပတ်သက်သော ရောဂါများတွင်လည်း ကျောက်ဖရုံသီးကို လိုအပ်သလို စားသုံးပေးခြင်းဖြင့် ငွေကုန်သက်သာ လူမပင်ပန်းဘဲ ရောဂါပျောက်ကင်းစေသည်။ ထို့ကြောင့် မြန်မာ့စိုက်ပျိုးရေးမှ ထွက်သော သီးနှံများသည် ကျန်းမာရေးအတွက် အထူးကောင်းမွန်သော အစားအစာများဖြစ်သလို အလွန်အသုံးဝင်သော ဆေးစွမ်းကောင်းများလည်းဖြစ်သည်။ ကျောက်ဖရုံသီးကို ကြော်ချက်၍လည်းကောင်း၊ ဟင်းချိုအဖြစ်လည်းကောင်း နှစ်သက်သလို ချက်ပြုတ်၍လည်း စားသုံးနိုင်သည်။ ထို့အပြင် ကျောက်ဖရုံသီးအနုကိုလည်း တို့စရာအဖြစ် စားသုံးနိုင်သည်။ ဝေဒနာခံစားရသောရောဂါအတွက် ငွေကုန်ကြေးကျသက်သာသည့် ဆေးကောင်းတစ်လက်ပင်ဖြစ်သည်။

နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဟူသော စကားနှင့်အညီ မြန်မာနိုင်ငံတွင် ပေါက်ရောက်နေသော အပင်များသည် တိုင်းရင်းဆေးအဖြစ် အသုံးဝင်လျက်ရှိသည်ကို အသိနည်းနေသေးသည်။ နိုင်ငံခြားဆေးများကိုသာ အလေးထားသုံးစွဲနေခြင်းကြောင့် ဘေးထွက်ဆိုးကျိုးတို့ကို တောရွာများသာမက မြို့ပေါ်၌ပင် ခံစားနေရခြင်းဖြစ်သည်။ နိုင်ငံခြားမှတင်သွင်းသော ပဋိဇီဝဆေးများသည် အခန့်မသင့်လျှင် ဆိုးကျိုးများဖြစ်ပေါ်စေပြီး အထူးသဖြင့် ကျေးလက်ဒေသနှင့်တောင်ပေါ်ဒေသတို့တွင် ကျွမ်းကျင်ဆရာ ဆရာမများ ရှားပါးနေခြင်းကြောင့် အစာလည်းဆေး၊ ဆေးလည်းအစာဟူသောစကားကို မေ့လျော့လျက် ဆိုးကျိုးအချို့ကို ကြုံတွေ့နေရခြင်းဖြစ်သည်။ ကျောက်ကပ်ဝေဒနာသည် လွန်စွာခံရခက်သော ဝေဒနာဖြစ်ကြောင်း ခံစားရဖူးသူတိုင်း သိရှိပြီးဖြစ်သည်။ ယောက်ျားတွင် ဆီး၊ မိန်းမတွင် မီးဟူသော စကားနှင့်အညီ အမျိုးသမီးများအတွက် မီးယပ်ရောဂါသည် အသက်အန္တရာယ်နှင့် ရင်ဆိုင်ရသကဲ့သို့ အမျိုးသားများအတွက် ကျောက်ကပ်ရောဂါသည်လည်း ဆိုးရွားစွာခံစားရကာ အသက်အန္တရာယ်နှင့် နီးစပ်ကြောင်း ဝေဒနာခံစားရဖူးသူတိုင်း သိရှိပြီးဖြစ်သည်။

ကျောက်ဖရုံသီးတစ်လုံးလုံးသာမက အရွက်၊ အမြစ်ပါ ကျောက်ကပ်ရောဂါအတွက် အသုံးဝင်နေပါကြောင်းကို အသုံးပြုနိုင်ရန် စာဖတ်သူတို့ထံ တင်ပြအပ်ပါသည်။

**ခင်မေတ္တာ(မြန်မာစာ)**



# ကမ္ဘာကျော်ဂုတ်ထိပ်တံတားပေါ် ပြည်တွင်းပြည်ပခရီးသွားများ အလွယ်တကူဖြတ်သန်းကြည့်ရှုနိုင်ရန် ရထားပြေးဆွဲပေး



သတင်းဆောင်းပါး
တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မမ

***မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအထိပါ ထင်ရှားကျော်ကြားလှသည့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးပေါ်သို့ လာရောက်လည်ပတ်သည့် ပြည်တွင်း ပြည်ပခရီးသွားများ လှပသည့်တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို ထူးခြားအံ့ဘနန်းစွာဖြင့် ရင်သပ်ရှုမောဖွယ် ကြည့်ရှုခံစားရင်း အလွယ်တကူဖြတ်သန်းသွားလာနိုင်ရန် ယခုအခါ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက RGC-110 ရထားဖြင့် ပြေးဆွဲသည့် ခရီးစဉ်သစ်တစ်ခုကို မကြာသေးမီက စတင်ပြေးဆွဲခဲ့သည်။***

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသည်များအား ရထားစီးနင်းခကို ယခင်ကကဲ့သို့ ဒေါ်လာဖြင့် မကောက်ခံတော့ဘဲ မြန်မာကျပ်ငွေဖြင့်သာ ကောက်ခံလျက်ရှိသောကြောင့် အဆိုပါ ခရီးစဉ်သစ်သည် ပြည်တွင်း ပြည်ပခရီးသွားများ အထူးစိတ်ဝင်စားလာသည့် ခရီးစဉ်တစ်ခုဖြစ်လာကြောင်း သိရသည်။

ထို့အပြင် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးကို စိတ်ဝင်စားသည့် ခရီးသည်များအနေဖြင့် အဆိုပါတံတားပေါ်ကို ဖြတ်သန်းစီးနင်းလိုလျှင် ယခင်က ခရီးမိုင်ဝေးကွာစွာ လိုက်ပါစီးနင်း သွားရောက်လေ့လာရသော်လည်း ယခုအခါ မန္တလေး-လားရှိုးရထားလမ်း ဂုတ်ထိပ်တံတား တစ်ဖက်တစ်ချက်ရှိ နောင်ချိုနှင့် နောင်ပိန်ဘူတာနှစ်ခုကို RGC-110 ရထားပြေးဆွဲပေးလိုက်သဖြင့် ခရီးသည်များလည်း သမိုင်းဝင်ဂုတ်ထိပ်တံတားနှင့် အနီးပတ်ဝန်းကျင်ရှိ သဘာဝတောတောင်အလှအပများကို အချိန်ကုန်သက်သာစွာ ကြည့်ရှုလေ့လာခံစားနိုင်ပြီဖြစ်သည်။

အဆိုပါ RGC-110 ရထားခရီးစဉ်အသစ် ပြေးဆွဲပေးမှုနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ခဲ့သည့် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ( စီးပွားရေး) ဦးအောင်မြင့်လှိုင်က "မန္တလေး-လားရှိုးရထားလမ်းပေါ်သွားတဲ့ ကမ္ဘာလှည့်ခရီးသည်တွေဟာ များသောအားဖြင့် မန္တလေး-လားရှိုးရထား (၁၃၁) အဆန်နဲ့ (၁၃၂) အစုန်ရထားတွေနဲ့ စီးပြီးသွားကြတာ ပိုများတယ်။ သူတို့တစ်တွေက ဂုတ်ထိပ်တံတားကို အဓိကကြည့်သွားချင်ကြတော့ အဲဒီလမ်းပေါ်မှာ မန္တလေးဘက်ကဆို ဂုတ်ထိပ်တံတားမရောက်ခင် နောင်ချိုဘူတာမှာဆင်းတယ်။ နောက်တစ်ခါ လားရှိုးဘက်က ပြန်လာပြီဆိုရင်လည်း ဂုတ်ထိပ်တံတားမရောက်ခင် နောင်ပိန်ဘူတာမှာ ဆင်းကြတယ်။ ပြီးတော့မှ ကားနဲ့ တစ်ဆင့် ဆက်လက်သွားကြတယ်။ နိုင်ငံခြားသား ခရီးသွားတွေဟာ ဂုတ်ထိပ်တံတားကြီးကို အဓိက စိတ်ဝင်စားတဲ့အတွက် ဒီဂုတ်ထိပ်တံတားကြီးပေါ် ယာဉ်နဲ့ သီးခြားသွားလို့ ရနိုင်အောင် ကျွန်တော်တို့အနေနဲ့ အခုလို စီစဉ်ခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်ဦးဆောင်ပြီး အခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့က တိုင်းအမှတ်(၃) မန္တလေးက သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့အတူ RGC ရထားနဲ့ ပြင်ဦးလွင်ဘူတာကနေ နောင်ပိန်ဘူတာအထိ ပထမဆုံးစမ်းသပ်ခုတ်မောင်းသွားခဲ့တယ်။ ပြီးတော့ ဇန်နဝါရီလ၁၆ ရက်နေ့မှာ ရန်ကုန်နဲ့ မန္တလေးမှာရှိတဲ့ တိုးရစ်ကုမ္ပဏီတွေ ၂၀ ကျော်လောက်ကို ဖိတ်လိုက်တော့ ကုမ္ပဏီ ၁၄ ခု လောက် ပါလာတယ်။ အဲ့ဒီကုမ္ပဏီကပါလာတဲ့ တာဝန်ရှိ သူတွေနဲ့ ပြင်ဦးလွင်ကနေ နောင်ပိန်ဘူတာအထိကို RGC ရထားနဲ့ လိုက်ပြတယ်။ ဒီလမ်းနဲ့ပတ်သက်ပြီး ဘယ်လိုပြေးဆွဲသင့်သလဲဆိုတာတွေကို သူတို့ဆီကနေ အကြံဉာဏ်တွေရယူတယ်။ ပြီးတော့ ဒီလမ်းပိုင်းမှာ ထိုင်ခုံ ၂၀ ပါတဲ့ RGC အမှတ် (၁၁၀) ကို အသုံးပြုပြီးတော့ ပြေးဆွဲဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ရထားတွဲကိုလည်း ထိုင်ခုံတွေ၊ အမိုးတွေ သေချာတပ်ဆင်ပေးထားပါတယ်။ နိုင်ငံသားတွေ တင်မက ဘူး။ နိုင်ငံခြားသားတွေပါစီးလို့ရအောင် ကနဦး အနေနဲ့ ရထားစီးခကို လူတစ်ဦး ငွေကျပ် ၅၀၀၀ နှုန်းနဲ့ ခုံ ၂၀ ဆိုတော့ တစ်ခေါက် ငွေကျပ် ၁၀၀၀၀၀ နှုန်း စတင်ပြေးဆွဲခဲ့ပါတယ်။ အပြန်ရော ထပ်စီးမယ်ဆိုရင် နောက်ထပ် ငွေကျပ် ၁၀၀၀၀၀ ထပ်ကောက်ခံပါတယ်။ RGC ရထားတွဲကို အဓိကနေရာကျတဲ့ နောင်ချိုဘူတာမှာပဲ အခြေပြုပေးထားတယ်။ ငှားချင်တဲ့ ပြည်တွင်း ပြည်ပခရီးသည်တွေအနေနဲ့ ကျွန်တော်တို့ မီးရထားရုံးချုပ် (စီးပွားရေးဌာန)နဲ့ တိုင်း(၃)မန္တလေးက တိုင်းမန်နေဂျာဆီကို ဆက်သွယ်ပြီး ငှားလို့ရပါတယ်။ အားလုံးကိုလည်း အဆင်ပြေအောင် စီစဉ်ပေးထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါဂုတ်ထိပ်တံတားတွင် RGC -110 ရထားပြေးဆွဲသကဲ့သို့ RBE မှန်လုံရထားတစ်စင်း ထပ်မံပေးပို့ပြီး မကြာမီ စမ်းသပ်ပြေးဆွဲရန် အစီအစဉ်ရှိကြောင်း ဦးအောင်မြင့်လှိုင်က ပြောသည်။

"အလားတူ ဂုတ်ထိပ်တံတားမှာ RGC -110 ရထားပြေးဆွဲသလို RBE ရထားတစ်စင်းလည်း အဲဒီကိုပို့ပြီး ဘေးအန္တရာယ်ကင်းကင်းနဲ့ မကြာမီမှာ စမ်းသပ်ပြေးဆွဲဖို့ အစီအစဉ်ရှိပါတယ်။ RBE ရထားဆိုရင် လိုက်ပါစီးနင်းရတဲ့သူတွေအတွက် မှန်လုံဖြစ်တော့ မိုးလုံလေလုံနဲ့ ပိုပြီး အဆင်ပြေနိုင်ပါတယ်။ အခုပြေးဆွဲတဲ့ RGC ရထားကတော့ မိုးလုံလေလုံတော့မဟုတ်ဘူး။ ဒါပေမယ့် ဘေးပတ်လည်က ရှုခင်းတွေကို ကြည့်ရှုခံစားဖို့အတွက် ကောင်းပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များအား လာရောက်လည်ပတ်ရန် ဆွဲဆောင်မှုရှိသည့် သမိုင်းဝင် အထင်ကရနေရာများစွာရှိရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဂုတ်ထိပ်တံတားကြီးသည်လည်း နိုင်ငံတော်အတွက် အဓိကဝင်ငွေရရှိသည့် နေရာတစ်နေရာအဖြစ် ပါဝင်လျက်ရှိသည်။

သမိုင်းဝင် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးသည် မန္တလေး-လားရှိုးလမ်း နောင်ချိုဘူတာအလွန် ခုနစ်မိုင်အကွာ၊ မိုင်တိုင် ၄၃၆/၀၉ တွင်ရှိပြီး ၁၉၀၃ ခုနှစ်က ဆောက်လုပ်ပြီးစီးခဲ့သည်။ ထိုတံတားကြီး၏ ထူးခြားချက်မှာ အခြားသော တံတားများကဲ့သို့ မြစ်ချောင်းများကို ဖြတ်ကျော်၍ ဆောက်လုပ်ထားခြင်းမဟုတ်ဘဲ ပေ ၃၀၀ ကျော် မတ်စောက်သည့် လျှိုကြီးနှစ်ခုကိုဖြတ်ကာ တည်ဆောက်ထားခြင်းဖြစ်သည်။

ယင်းတံတားကြီးကို လန်ဒန်ရှိ ဆာအေအမ် ရင်းဒဲလ် အင်ကုမ္ပဏီမှ ပုံဒီဇိုင်းရေးဆွဲပြီး အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားနှင့် မေရီလန်းတံတား တည်ဆောက်ရေးကုမ္ပဏီတို့က ပေ ၁၂၀ ရှည်သော သံပေါင်ကြီး ၁၀ ခု၊ ပေ ၆၀ ရှည်သော သံပေါင်ကြီး ခုနစ်ခုနှင့် ပေ ၄၀ ရှည်သော သံပေါင်ကြီး ၁၆ ခုဖြင့် သံမဏိသံတိုင် ၁၆ တိုင်ပေါ်၌ ခဲရာခဲဆစ် တည်ဆောက်ထားခဲ့ခြင်းဖြစ်သည်။ တံတားကြီး၏ အရှည်မှာ ၂၂၀၆ ပေရှိပြီး အမြင့်မှာ တံတားကြီးအောက်ရှိ ရေမြောင်းကလေး၏ မျက်နှာပြင်မှတိုင်းတာလျှင် ၁၁၀၀ ပေရှိကြောင်း သိရသည်။

ဂုတ်ထိပ်တံတားကြီးကို ပထမတည်ဆောက်ရန် အဆိုပြုခဲ့စဉ်က ရူပီး ၁၂၆၀၀၀၀ သာ ကုန်ကျမည်ဟု ခန့်မှန်းခဲ့သော်လည်း လက်တွေ့တည်ဆောက်ရာတွင် မူလခန့်မှန်းသည့်ငွေထက် ရူပီး ၄၃၈၂၀၀ ပိုခဲ့ပြီး စုစုပေါင်း ရူပီး ၁၆၉၈၂၀၀ ကုန်ကျခဲ့ကြောင်း၊ တံတားကြီးဆောက်လုပ်ရန်အတွက် ပစ္စည်းများကို အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ သင်္ဘောကြီးများဖြင့် သယ်ယူလာခဲ့ပြီး ထူထပ်သောတောတောင်ကြီးများ အထပ်ထပ်ကို ရှင်းလင်းခုတ်ထွင်၍ အလွန်မတ်စောက်သော တောင်စောင်းကြီးနှစ်ခုကိုကျော်ဖြတ်ပြီး ခက်ခက်ခဲခဲဆောက်လုပ်ခဲ့ကြရသော်လည်း ဆောက်လုပ်ချိန်မှာ ကိုးလသာကြာမြင့်ခဲ့ကြောင်း သိရသည်။

ယခုအခါတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသွားများလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလျက်ရှိသကဲ့သို့ မီးရထားစီးနင်းပြီး သွားရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များလည်း နှစ်စဉ် တိုးတက်များပြားလာလျက်ရှိသည်ကို လေ့လာသိရသည်။

ရထားခရီးဖြင့် လာရောက်လည်ပတ်သည့် ခရီးသွားများမှာ လွန်ခဲ့သော ၂၀၀၉-၂၀၁၀ ခုနှစ်က ၁၅၇၂ ဦးရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၈၀၁၁၅ ဦးအထိ တိုးတက်လာကြောင်း လေ့လာသိရှိရသည်။

ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီး၏ ထူးခြားမှုများနှင့်အတူ သဘာဝတောတောင် အလှတရားများကို ဖြတ်သန်းလေ့လာကြည့်ရှုနိုင်ရန် နောင်ချိုဘူတာမှ နောင်ပိန်ဘူတာထိ ၁၆ ဒသမ ၀၀ မိုင် RGC-110 ရထားဖြင့် ခုတ်မောင်းချိန် ၁ နာရီ ၁၅ မိနစ်ခန့် ကြာမြင့်မည်ဖြစ်ကာ ခရီးစဉ်တွင် လေ့လာကြည့်ရှုလိုသူများအတွက် ဂုတ်ထိပ်တံတားကြီး၏ ထိပ်တစ်ဖက်တစ်ချက်စီတွင် အချိန် ၁၀ မိနစ်စီ ရပ်နားပေးကြောင်း၊ ပြည်တွင်း ပြည်ပခရီးသွားများ စီးနင်းလိုက်ပါလိုပါက အနည်းဆုံး သုံးရက်ကြိုတင်၍လည်းကောင်း၊ နေ့ချင်း အသုံးပြုလိုသူများ ရှိပါကလည်း ဦးစားပေးအလှည့်ကျစနစ်ဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတကာရေးရာသုံးသပ်ချက်

# လေထုညစ်ညမ်းမှုပြဿနာ ကမ္ဘာ့ရာသီဥတုထိခိုက်ပြောင်းလဲနိုင်



ထွန်းတောက်

ယနေ့မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံများတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်များပြားလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများ မြင့်တက်လျက်ရှိရာ ကမ္ဘာ့ခေါင်းဆောင်များက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များကို အရေးထားပြောဆိုနေကြသည်။

အဓိကအားဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများမှာ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနှင့် မြေထုညစ်ညမ်းမှုဟူ၍ ညစ်ညမ်းမှုသုံးမျိုးဖြစ်သည်။ ထို့ပြင် အလင်းရောင်ညစ်ညမ်းမှု၊ အသံညစ်ညမ်းမှုဟူ၍လည်းရှိသေးသည်ဟု ပညာရှင်တို့က ဆိုသည်။

ယခုအဓိကတင်ပြလိုသောအကြောင်းမှာ လေထုညစ်ညမ်းမှုအကြောင်းဖြစ်သည်။ လောင်စာများကို မီးရှို့မှုကြောင့် ထွက်လာသော အခိုးအငွေ့များသည် ပတ်ဝန်းကျင်လေထုအတွင်းသို့ ပျံ့လွင့်သွားခြင်းအားဖြင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာရသည်။ လေထုညစ်ညမ်းမှုဖြစ်ပေါ်လာပါက အပြန်အလှန်ဆက်နွယ်မှုသဘောတရားအရ သတ္တဝါများနှင့်အပင်များရှင်သန်ရပ်တည်ရေးကို ထိခိုက်လာမည်သာဖြစ်သည်။ ထို့ပြင် အဆောက်အအုံများ၊ ရုပ်တုများစသည်တို့ကိုလည်း အရောင်ပြောင်းစေခြင်းနှင့် ဓာတ်ပြုပျက်စီးစေခြင်းများကိုလည်း ဖြစ်ပွားစေနိုင်ပေသည်။

အာရှတိုက်တွင် ယခုအခါပေကျင်းမြို့တော်နှင့် အိန္ဒိယမြို့ကြီးများတွင် လေထုညစ်ညမ်းမှုများဖြစ်ပွားနေခြင်းမှာ ထင်ရှားသိသာလှသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံတွင်စိုက်ပျိုးချိန်ရောက်တိုင်း မြေယာရှင်းလင်းကာ မီးရှို့တတ်ကြသည့်အလေ့ကြောင့် အင်ဒိုနီးရှားနိုင်ငံနှင့် အနီးပတ်ဝန်းကျင်တွင်ရှိသော မလေးရှားနှင့် စင်ကာပူနိုင်ငံတို့တွင်ပါ မီးခိုးများပျံ့နှံ့ရောက်ရှိကာ၊ ကျန်းမာရေးထိခိုက်သည့်အဖြစ်များနှင့် တွေ့ကြုံခံစားနေရပေသည်။

လေထုညစ်ညမ်းမှုပြဿနာ ကြီးကြီးကျယ်ကျယ်ဖြစ်လာလျှင် ကမ္ဘာ့ရာသီဥတုကိုပင် ထိခိုက်ပြောင်းလဲပူနွေးလာစေကြောင်း ပညာရှင်များက သတိပေးထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ အဆိုအရ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်လူသုံးသန်းမျှ သေဆုံးရကြောင်း သိရှိရသည်။

လေထုအတွင်း၌ သဘာဝအားဖြင့် အောက်ဆီဂျင်၊ နိုက်ထရိုဂျင် အမျိုးအစားများစွာနှင့် ကာဗွန်ဒိုင်အောက်ဆိုက်အနည်းငယ်တို့ပါဝင်သည်။ ယင်းအပြင် အခြားဓာတ်ငွေ့အနည်းအကျဉ်းနှင့် ရေငွေ့၊ ဖုန်မှုန့် စသည်တို့လည်းပါဝင်သည်။ လေထုကိုသန့်ရှင်းစေရန် သဘာဝတရားကြီးက ပုံမှန်အားဖြင့် ပြုလုပ်ပေးနိုင်သည်။

ဥပမာအားဖြင့်ဆိုလျှင် လေထုအတွင်းရှိနေသော ကာဗွန်ဒိုင်အောက်ဆိုက်များကို အပင်များက စုပ်ယူအသုံးပြုပြီး အောက်ဆီဂျင်ဓာတ်ကို ထုတ်လွှတ်ပေးသည်။ တစ်ဖန်အောက်ဆီဂျင်ဓာတ်ကို လူအပါအဝင် သတ္တဝါများက သုံးစွဲပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို ပြန်၍ ထုတ်လွှတ်ပေးသည်။ အကြမ်းအားဖြင့်ဆိုလျှင် အထက်ဖော်ပြပါအတိုင်း ဖြစ်ပွားနေသော သဘာဝဖြစ်စဉ်သည် လေထုကိုသန့်စင်စေရန် ထိန်းညှိထားသည်။

စက်မှုသိပ္ပံအလွန်တိုးတက်နေသည့် ယနေ့ခေတ်အခါတွင် လူသုံးကုန်ပစ္စည်းများထုတ်လုပ်ရန် စက်ရုံအမျိုးမျိုးပေါ်ပေါက်လာကာ စက်ရုံအလုပ်ရုံများသည် လောင်စာများကို ပမာဏကြီးမားစွာသုံးစွဲရသည်။ ထိုသို့ဖြင့်လေထုပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့်ဓာတ်ငွေ့အမျိုးမျိုး ရောက်ရှိသွားခြင်းဖြစ်သည်။

အဓိကအားဖြင့် လေထုကိုညစ်ညမ်းစေသော ဓာတ်ငွေ့များတွင် ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်အောက်ဆိုက်များ ပါဝင်သည်။ ထိုအမျိုးအစား ဓာတ်ငွေ့များနှင့် အခြားညစ်ညမ်းစေသော ဓာတ်ငွေ့များ၊ လေထုအတွင်း ထုထည်ကြီးမားစွာရောက်ရှိသွားသောအခါ သဘာဝတရားကြီးက လေထုကိုသန့်စင်အောင် ဆောင်ရွက်မပေးနိုင်တော့ပေ။

စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လွှတ်သော အထက်ဖော်ပြပါ ဓာတ်ငွေ့များနှင့်ခဲ၊ ပြဒါးကဲ့သို့သော အသေးစားသတ္တုအမှုန်များသည် လေထုအတွင်း၌ အဆိပ်အတောက်များဖြစ်လာကြပြီး သတ္တဝါများ၏ ကျန်းမာရေးအခြေအနေကို ပုံစံအမျိုးမျိုးနှင့် ထိခိုက်လာစေနိုင်သည်။

မသန့်စင်သောအခိုးအငွေ့များနှင့် သဘာဝမြူမှုန်များပေါင်းဆုံမိသောအခါ မီးခိုးမြူများလေထုအတွင်း သိပ်သည်းစွာအုံ့ဆိုင်းနေတော့သည်။ ယင်းကဲ့သို့အခြေအနေမျိုး လေထုအတွင်း၌ ဆိုးရွားစွာဖြစ်ပေါ်နေလျှင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အဆုတ်နှင့်ပတ်သက်သော ရောဂါများ၊ ပန်းနာရင်ကျပ်ကဲ့သို့သော ရောဂါများဖြစ်ပေါ်စေနိုင်သည်။

လေထုအတွင်း၌ ကန့်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်အောက်ဆိုက်များ များပြားစွာရှိနေချိန်တွင် ရေခိုးရေငွေ့များနှင့် ပေါင်းစပ်မိပါက ငရဲမီးဓာတ်ပါသော မိုးရွာချတတ်သည်။ ထိုမိုးမျိုးကို အက်စစ်မိုးဟု သိပ္ပံပညာရှင်များက ခေါ်ဝေါ်သုံးနှုန်းကြသည်။

အဓိကအားဖြင့် ရုပ်ကြွင်းလောင်စာများကို သုံးစွဲမှုကြောင့် အက်စစ်မိုးရွာစေသော ဓာတ်ငွေ့များ လေထုအတွင်း ရောက်ရှိသွားခြင်းဖြစ်သည်။

စက်မှုထွန်းကားသည့် မြောက်အမေရိကဒေသ စကင်ဒီနေးဗီးယားဒေသနှင့် ဥရောပအလယ်ပိုင်းဒေသများတွင် အက်စစ်မိုးများရွာသွန်းခဲ့ကြသည်ကို လူသားတို့ တွေ့ကြုံခဲ့ရဖူးပြီဖြစ်သည်။

အက်စစ်မိုးရေသည် အပင်များ၊ ငါးများနှင့် ရေနေသတ္တဝါများကို သေဆုံးစေသည်။ လေထုကိုညစ်ညမ်းစေသော အခြားဓာတ်ငွေ့တစ်မျိုးမှာ ရေခဲသေတ္တာနှင့် လေအေးပေးစက်များတွင် အသုံးပြုသည့် CFC ဓာတ်ငွေ့ ဖြစ်သည်။ သိပ္ပံအခေါ်အားဖြင့် Chloro Fluoro Carbon-CFC ဖြစ်သည်။ ထိုဓာတ်ငွေ့ လေထုအတွင်းရောက်သွားလျှင် ကမ္ဘာ့အိုဇုန်းလွှာကို ပျက်စီးစေသည်။

ကမ္ဘာ့အထက်ဆုံးအလွှာရှိ လေထုတွင်သဘာဝအားဖြင့် အိုဇုန်းဓာတ်ငွေ့များရှိသည်။ အိုဇုန်းဓာတ်ငွေ့သည် အပင်နှင့်သတ္တဝါများအတွက် အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာသို့မကျရောက်စေရန် အကာအကွယ်ပေးသည်။

အိုဇုန်းလွှာပေါက်သွားသည့်နေရာ၌ နေထိုင်သော လူများတွင် ခရမ်းလွန်ရောင်ခြည်သင့်၍ အရေပြားကင်ဆာဖြစ်စေနိုင်သည်။

လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့တို့ များပြားစွာရောက်ရှိသွားပါက ကမ္ဘာပေါ်တွင် ဖန်လုံအိမ်အာနိသင်ကိုဖြစ်ပေါ်စေသည်။ ထိုအာနိသင်မျိုးဖြစ်လာပါက ကမ္ဘာ့လေထုကို ပိုမို၍ပူနွေးလာသည်။ လေထုပူနွေးလာမှုကြောင့် အအေးပိုင်းဒေသမှ ရေခဲထုအရည်ပျော်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ ရေကြီးခြင်းအန္တရာယ်များ ဖြစ်စေနိုင်သည်။

ထို့ပြင် ကမ္ဘာ့ရာသီဥတုပုံစံကိုလည်း ပြောင်းလဲဖောက်ပြန်သွားစေနိုင်သည်။ အချို့သောဒေသများတွင် ပုံမှန်ထက် မိုးရွာသွန်းမှုလွန်စွာများခြင်း၊ အချို့သော အရပ်ဒေသများတွင် ဖြစ်ရိုးဖြစ်စဉ်ထက် ပြင်းထန်သော မိုးခေါင်မှုနှင့် ကြုံရခြင်းနှင့် အင်အားကောင်းသော မုန်တိုင်းကြီးများဖြစ်ပေါ်မှု စိပ်လာခြင်းစသည့် အခြေအနေများ ကြုံတွေ့ကြရသည်။

ထိုအန္တရာယ်များကို သိပ္ပံပညာရှင်များက လွန်ခဲ့သော ဆယ်စုနှစ်အချိန်ကပင် သတိပေးခဲ့ကြပြီးဖြစ်သည်။

ကမ္ဘာ့အဖွဲ့အစည်းများနှင့် နိုင်ငံအစိုးရများသည် သဘာဝပတ်ဝန်းကျင်ပျက်စီးစေသော အခြေအနေနှင့် အန္တရာယ်များ မဖြစ်ပေါ်စေရန် လေထုညစ်ညမ်းမှု လျှော့ချနိုင်ရေး နည်းပညာများကို ရှာဖွေဖော်ထုတ်ကျင့်သုံးကြမှသာလျှင် လူသားတို့ရှင်သန်ရပ်တည်နေရသည့် ဤကမ္ဘာမြေကြီးသည် ကျန်းမာသန်မာစွာဖြင့် ခရီးဆက်နိုင်မည်ဖြစ်သည်။

**Ref: Economist April 2015**

**လေထုညစ်ညမ်းမှု ပြဿနာ ကြီးကြီးကျယ်ကျယ် ဖြစ်လာလျှင် ကမ္ဘာ့ရာသီဥတုကိုပင် ထိခိုက်ပြောင်းလဲ ပူနွေးလာစေကြောင်း ပညာရှင်များက သတိပေးထား**



# အရေပြားကင်ဆာအတွက် ဆေးသစ်တစ်မျိုးအောင်မြင်စွာ စမ်းသပ်ထုတ်လုပ်

**ဝါရှင်တန် ဩဂုတ် ၁**

လူ့ခန္ဓာကိုယ်အပေါ်ယံ အရေပြားတွင် ဖြစ်ပွားသော အရေပြားကင်ဆာအကျိတ်အတွက် ဆေးသစ်တစ်မျိုးကို အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲမှုဌာနက အသိအမှတ်ပြုလိုက်ပြီဖြစ်သည်။

အရေပြားကင်ဆာ အကျိတ်ရောဂါဝေဒနာခံစားနေရသော လူနာများအတွက် ၎င်းကင်ဆာဆဲလ်များ ခန္ဓာကိုယ်တခြား အစိတ်အပိုင်းများသို့ ပြန့်ပွားခြင်းမရှိစေရန်အတွက် အသစ်ထုတ်လုပ်လိုက်သော ဆေးသစ်တစ်မျိုးဖြစ်သည့် အော်ဒွန်ဇိုက ကူညီပေးမည်ဖြစ်သည်။

ယင်းဆေးကို ခွဲစိတ်ကုသမှုခံယူပြီးနောက် သို့မဟုတ် ဓာတ်ရောင်ခြည် ကုထုံးပေးပြီးနောက် ထပ်တလဲလဲအသုံးပြုရမည်ဖြစ်သလို အဆိုပါနည်းလမ်းများဖြင့် ကုသ၍မရပါကလည်း ယင်းဆေးသစ်ကိုပင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဓာတုဗေဒအခေါ်အဝေါ်အားဖြင့် ဆိုနီဒီဂျစ်သ်ဟုခေါ်သည့် ယင်းဆေးသစ်ကို နေ့စဉ်သောက်ဆေးလုံးပုံစံဖြင့် ဆွစ်ဆေးဝါးထုတ်လုပ်သူ နိုဗာတစ်အေဂျီက ထုတ်လုပ်လိုက်ပြီး ၎င်း၏အမေရိကန်ဆေးဝါးထုတ်လုပ်ရေးဌာနချုပ်သည် နယူးဂျာစီ၌ တည်ရှိသည်။

၎င်းဆေးသည် အရေပြားကင်ဆာဆဲလ်ကြီးထွားမှုကို လျှော့ချရပ်တန့်ပေးမည်ဖြစ်သည်။ နိုဗာတစ်သည် ဆေးသစ်၏ ဈေးနှုန်းကို ထုတ်ပြန် ကြေညာခြင်းမပြုသေးပေ။ သို့သော် ယင်းဆေးသစ်ကို မကြာမီ ဈေးကွက်အတွင်းသို့ ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ **(အေပီ)**



# မြန်မာ့ရိုးရာ ဗန်တိုသိုင်းပညာကို နိုင်ငံတကာသို့ချပြရန် အဆင်သင့်ဖြစ်

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်၊ ဆလိုင်း(သိုင်းအဖွဲ့ချုပ်)

"ကျွန်တော်တို့ မြန်မာ့ရိုးရာသိုင်းကို ပုဂံခေတ်ကစပေါ်တာလို့ တချို့ထင်ကြတယ်။ အဲဒါမဟုတ်ဘူးဗျ။ ပုဂံခေတ်မတိုင်မီကတည်းက ရှိခဲ့တာ။ သက်သေသာဓကတွေ အများကြီးရှိတယ်။ ပုဂံခေတ်ရောက်မှ မြန်မာ့ရိုးရာသိုင်းဆိုတဲ့ ဝေါဟာရလို့အမည်တွင်ခဲ့တာ။ အဲဒါကလည်း ရှင်ပညာတိဿက သိုင်းဆိုတဲ့ ဝေါဟာရကို မြန်မာစာပေနဲ့ဖော်ထုတ်ခဲ့တာ။ အခု 'သိုင်း'ဆိုတာ မြန်မာ့စာ၊ မြန်မာ့စကား၊ မြန်မာ့အသံ စစ်စစ်ဖြစ်တယ်"ဟု မြန်မာနိုင်ငံ သိုင်းသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးအောင်ငွေးက ပြောသည်။



မြန်မာ့ရိုးရာသိုင်းသင်တန်းကျောင်းအုပ်ကြီး ဦးအောင်ငွေး။

မြန်မာ့သမိုင်းတစ်လျှောက်တွင် မြန်မာ့ရိုးရာသိုင်းပညာသည် ရှေးအစဉ်အဆက်ကတည်းက ရှေ့တန်းမှ အခိုင်အမာ ရပ်တည်ခဲ့ပေသည်။ သမိုင်းဆိုသည်မှာ လူသားတို့၏ အခြေအမြစ်ဖြစ်သလို မြန်မာ့သမိုင်းကိုကြည့်လျှင် မြန်မာ့သိုင်းက အဓိကနေရာမှ ပါဝင်ခဲ့သည်မှာ အထင်အရှားဖြစ်သည်။ ယခုလို မြန်မာပြည်ကြီး တည်တံ့ခိုင်မြဲလာအောင်၊ မြန်မာနိုင်ငံတော်ဟူ၍ နိုင်ငံတကာအလယ်၌ ရပ်တည်နိုင်အောင် လူမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ခဲ့သည်မှာ မြန်မာသိုင်းပညာက တစ်ခန်းတစ်ကဏ္ဍမှပါခဲ့သည်။။

အတိတ်ခေတ်ကို ပြန်ကြည့်လျှင် ပုဂံခေတ် အနော်ရထာမင်းလက်ထက် (ပထမမြန်မာနိုင်ငံတော်)၊ ဘုရင့်နောင်လက်ထက်(ဒုတိယမြန်မာနိုင်ငံတော်)၊ အလောင်းဘုရားလက်ထက် (တတိယမြန်မာနိုင်ငံတော်)တို့တွင် မြန်မာ့ရိုးရာသိုင်းအတတ်ပညာဖြင့် ကာကွယ်ခဲ့သည်မှာ သမိုင်းမှတ်တမ်းများအရ အထင်အရှားရှိခဲ့သည်။ မြန်မာအစ တကောင်းကဆိုသလို ဘီစီ ၈၀၅ ခုနှစ်ကတည်းက မြန်မာ့ရိုးရာသိုင်းပညာ အစပြုခဲ့သည်ကို သမိုင်းမှတ်တမ်းများတွင် ခိုင်ခိုင်မာမာ ထောက်ပြထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မြန်မာဘုရင်များခေတ်ကတည်းက ခိုင်မာသည့် သေနင်္ဂဗျူဟာဆိုသည့် အမျိုးသားရိုးရာသိုင်းအတတ်ပညာ ပေါ်ထွန်းခဲ့သည်။

အတိတ်ကိုပြန်ပြောင်းကြည့်လျှင် ရိုးရာသိုင်းပညာနှင့် ကမ္ဘာက မြန်မာကို သိခဲ့သည်ဟု ဆိုနိုင်သည်။ အထူးသဖြင့် သမိုင်းဝင်တိုက်ပွဲများဖြစ်သည့် ဝက်ထီးကန်တိုက်ပွဲ၊ နောင်ရိုးတိုက်ပွဲတို့မှာ ကမ္ဘာက မှတ်တမ်းခံခဲ့ရသည့် တိုက်ပွဲများဖြစ်သည်။ ယင်းတိုက်ပွဲများက မြန်မာနိုင်ငံ၏ ဇာတိသွေး၊ ဇာတိမာန်ကိုပြခဲ့သည့် ရိုးရာသိုင်းအမွေအနှစ်၏ အဖိုးမဖြတ်နိုင်သော အတိတ်သမိုင်းများဖြစ်သည်။ သို့သော် ယခုပြန်ကြည့်လျှင် ယနေ့ မြန်မာလူငယ်တွေ မြန်မာ့သိုင်းကို စိတ်ဝင်စားမှုနည်းလာကြသည်။ ရိုးရာအမျိုးသားရေး အတတ်ပညာတစ်ခုဟု မသိခဲ့၊ နားမလည်ခဲ့၍ တန်ဖိုးမထားတတ်တော့ပေ။

"မြန်မာတစ်ယောက်အနေနဲ့ ရိုးရာအမျိုးသားရေးအတတ်ပညာ အမွေအနှစ်ဖြစ်တဲ့ မြန်မာ့ရိုးရာသိုင်းပညာကို တတ်ထားသင့်တယ်။ ယနေ့ခေတ်လူငယ်တွေ မြန်မာ့သိုင်းဆိုတာကို မသိတာအများကြီးပဲ။ မြန်မာ့သိုင်းဆိုတာ ရှိလို့လားတောင် မေးကြတယ်။ ဒါကလည်း သူတို့ကို အပြစ်ပြောလိုတာမဟုတ်ပါဘူး။ ရိုးရာအမွေအနှစ် အမျိုးသားရေးအတတ်ပညာဖြစ်တဲ့ ဒီမြန်မာ့သိုင်းကို ဖော်ထုတ်ရမယ်။ အားပေးရမယ်။ လမ်းပြရမယ်။ တချို့မိဘတွေက သိုင်းတတ်ရင် လူမိုက်ကြီးဖြစ်မယ်လို့ မြင်တယ်။ အဲဒါ ကိုလိုနီခေတ် အစိုးရရဲ့ မှိုင်းတိုက်ပေးခဲ့မှုကြောင့်ပါ။ သူတို့ကို နှစ်ရှည်လများတွန်းလှန်ခဲ့တာ၊ ဒုက္ခပေးခဲ့တာ ဒီမြန်မာ့ရိုးရာသိုင်းပညာပဲလေ။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဘိုး ဗိုလ်မင်းရောင်တို့၊ ဆရာစံတို့ စတဲ့ မြန်မာ့လူစွမ်းကောင်းတွေက ဒီရိုးရာသိုင်းအတတ်ပညာဖြစ်တဲ့ တုတ်၊ ဓား၊ လှံ စတာတွေနဲ့တိုက်ခဲ့တော့ သူတို့ခေတ်မှာ သိုင်းမသင်ရ၊ ဓားမကိုင်ရ စတဲ့ဥပဒေတွေ ပြဋ္ဌာန်းခဲ့လို့ အခုလို အမျိုးသားရေးဖြစ်တဲ့ မြန်မာ့ရိုးရာသိုင်းပညာကမှေးမှိန်ခဲ့ရတာ"ဟု ကိုလိုနီခေတ် မြန်မာ့ရိုးရာသိုင်းကို မှိုင်းတိုက်ခဲ့၊ နှိပ်ကွပ်ခဲ့မှုများကို ဦးအောင်ငွေးက ပြန်ပြောင်းပြောပြသည်။

ရှေးခေတ် မျိုးချစ်မြန်မာ့ပညာရှိတွေက ရိုးရာအမွေအနှစ်သိုင်းပညာ မတိမ်ကောအောင် အမျိုးမာန်၊ ဇာတိသွေးတို့ဖြင့် အလင်္ကာ၊ ရတု၊ ရကန်၊ တျာချင်း၊ ကဗျာ စသည်တို့ဖြင့် ထည့်သွင်းဖော်ညွှန်းခဲ့သည်မှာ ယနေ့တိုင်ပင် အထင်အရှားရှိခဲ့သည်။

**ဆယ်တံကဖူး လျှထူးငယ်ဆန်းကြယ်**
**ပြိုင်သူဘက်မဲ့ သုံးဆယ့်ခုနစ်သွယ်**
**ခန်းလေးငယ် လျှာလှယ် ညာ။ ဘယ်သာနောက်ရှေ့**
**ရွှေလက်တော်ချိန်မီ သိုင်းဝိုင်းကာသီမြောက်**

## မြန်မာ့ရိုးရာအားကစား

**ချီငယ်ဝန်းဝိုင်း ဝိုက်ဝေ့ပါလို့လေး**----- ဟူ၍ ဘိုးတော်ဘုရားလက်ထက်တွင် စာဆိုတော်မယ်လုက တျာချင်းအနေဖြင့် ဖွဲ့ဆိုခဲ့သည်။ မြန်မာ့အမျိုးသားရေးအမွေအနှစ်ရိုးရာသိုင်းပညာတွင် အင်္ဂါရပ်ငါးခုပါရှိသည်။ လက်၊ တုတ်၊ ဓားတစ်လက်၊ ဓားနှစ်လက်နှင့် လှံသိုင်းတို့ဖြစ်သည်။ ထို့အပြင် နောက်ဆက်တွဲ ပညာရပ်ခြောက်ပိုင်းမှာ ဗန်တို၊ ဗန်ရှည်၊ လက်ဝှေ့၊ လက်ပွေ့၊ လက်ပန်းနှင့် နပန်း စသည်ဖြင့် အပိုင်းခြောက်ပိုင်းခွဲခြားနိုင်သည်။ ယခုဆိုလျှင် နပန်းကို ရခိုင်ပြည်နယ်တွင် ကျင်းပြိုင်ပွဲဟူ၍ ရိုးရာအမွေအနှစ်အဖြစ် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အောက်မြန်မာပြည်တစ်ဝန်း သိုင်းပညာ လှည့်လည်ပြန့်ပွားပို့ချပေးနေသည့် မြန်မာတိုင်း မဟာသိုင်းအဖွဲ့မှ တြိစက္ကဆရာကြီး ဦးစိုးညွှန့်ကလည်း "ကျွန်တော်က အောက်မြန်မာပြည်တစ်ဝန်းဖြစ်တဲ့ ဒေးဒရဲ၊ ဘိုကလေး၊ မြောင်းမြ စတဲ့နယ်တွေမှာ မျိုးဆက်သစ်လူငယ်တွေနဲ့ စိတ်ပါဝင်စားတဲ့သူတွေကို လိုက်လံသင်ကြားပေးနေပါတယ်။ အခုဆိုရင် နှစ်ပေါင်း ၃၀ ကျော်လာပါပြီ။ မျိုးဆက်သစ် တော်တော်များများကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ပြောရရင် ကျွန်တော်တို့ ရိုးရာသိုင်းပညာ တိမ်ကောပပျောက်မသွားဖို့က နိုင်ငံတော်ရဲ့ ပံ့ပိုးပေးမှု၊ ကူညီမှုတွေ အများကြီးလိုပါတယ်။ ပံ့ပိုးကူညီမှု ကောင်းရင်ကောင်းသလို တိုးတက်မှုရှိလာမှာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာ့ရိုးရာသိုင်းပညာက သိုင်းအားလုံးနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိပါတယ်"ဟု သူ၏တွေ့ကြုံခံစားမှုကို ရင်ဖွင့်ခဲ့သည်။

ယခုအခါ နိုင်ငံတစ်ဝန်း မြန်မာ့ရိုးရာအမျိုးသားရေးသိုင်းပညာကို တတ်ကျွမ်းသည့် ပညာရှင်ဆရာကြီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မြန်မာနိုင်ငံအားကစားဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရိုးရာသိုင်းအဖွဲ့ချုပ်၏ ညွှန်ကြားမှုဖြင့် စည်းရုံး၊ ဖော်ထုတ်၊ လေ့ကျင့်၊ ပြန့်ပွားဆိုသည့် အချက်များဖြင့် ဖော်ထုတ်လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် မြန်မာ့ရိုးရာသိုင်းပညာတစ်ခုဖြစ်သည့် ဗန်တိုကို နိုင်ငံတကာသို့ ချပြနိုင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ နိုင်ငံတော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ညွှန်ကြားချက်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်က သိုင်းပညာကို ငယ်ငယ်ကတည်းကဝါသနာပါတယ်။ အဘိုးကလည်း တက္ကသိုလ်ဝင်တန်းအောင်ရင် သင်လို့ပြောတယ်။ ဒါပေမယ့် အမေတို့၊ အစ်မတို့က သင်တာကိုမကြိုက်ဘူး။ သူတို့က သိုင်းတတ်ရင် ဟော့ဟော့ရမ်းရမ်းနဲ့ ရန်ဖြစ်မှာစိုးရိမ်နေကြတာ။ တကယ်တော့ ဒီသိုင်းပညာဆိုတာက တကယ့်ကိုယ်ခံပညာရပ်ပါ။ ပထမဦးဆုံး သူများရဲ့အန္တရာယ်ပြုမှုကို ကာကွယ်ရတယ်၊ တိမ်းရှောင်ရတယ်။ နောက်ဆုံးမရမှ ပြန်လည်တိုက်ခိုက်မှုပြုရတာပါ။ မသင်ခင်ကတော့ ကျွန်တော့်စိတ်တွေ အလွန်တက်ကြွခဲ့တယ်။ အခုတော့လည်း စိတ်တည်တည်ငြိမ်ငြိမ်နဲ့ သည်းခံစိတ်တောင် အရင်ထက်ပိုတိုးလာတယ်။ ကျွန်တော်လည်း အရင်ကဒီလိုမထင်ခဲ့ဘူး။ တကယ်တော့ မြန်မာ့ရိုးရာသိုင်းပညာက အမျိုးချစ်တဲ့ မြန်မာလူမျိုးတိုင်း တတ်ထားသင့်တယ်လို့ မြင်ပါတယ်"ဟု လက်ရှိတွင် သင်တန်းသားကြီးအဆင့်အဖြစ် ရိုးရာသိုင်းပညာကို သင်ကြားနေသည့် တာမွေမြို့နယ်မှ မောင်ကောင်းမြတ်က ဆိုသည်။

မြန်မာ့ရိုးရာသိုင်းလောကတွင် ဦးသျှောင်၊ ဦးစီး၊ ဒုပင်မ၊ လက်ထောက်ခွဲမှူး၊ လက်ထောက်၊ တွဲဖက်နည်းပြ၊ သင်တန်းသားကြီး၊ သင်တန်းသား ဟူ၍ စသည်ဖြင့် သမားစဉ်အဆင့်ဆင့်ရှိသည်။ မြန်မာနိုင်ငံ ရိုးရာသိုင်းအဖွဲ့ချုပ်ကို ၁၉၆၆ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် နှစ်၅၀ ပြည့် ရွှေရတုသဘင် ကျင်းပခွင့်ရတော့မည်ဖြစ်သည်။

အလားတူ ၁၉၉၃ခုနှစ် မတ် ၃၀ ရက်တွင်လည်း မြန်မာ့သိုင်းသင်တန်းကျောင်းကို အားကစားဝန်ကြီးဌာနအောက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာ့ရိုးရာသိုင်းအဖွဲ့ချုပ်အနေဖြင့် မျိုးဆက်သစ်များ နှစ်စဉ်ပေါ်ပေါက်လာအောင် ပြိုင်ပွဲ၊ ပြပွဲ၊ သင်တန်းစသည်ဖြင့် မြန်မာ့ရိုးရာသိုင်းပညာရပ်ကို တိုးတက်ပြန့်ပွားအောင် နည်းမျိုးစုံဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင်လည်း တစ်နှစ်တစ်ခါ တစ်လသင်တန်းပေးသည့်အပြင် စစ်ဘက်၊ ရဲဘက်၊ အရပ်ဘက်၊ ကျောင်းသင်တန်းများနှင့် အနောက်နိုင်ငံသားများ လာရောက်သည့်အခါတွင်လည်း သံတမန်အဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် သိုင်းပြောင်းပြန်၊ မြတ်စောညီနောင်နှင့် ဦးချစ်သန်း စသည်ဖြင့် ပုဂ္ဂလိကသင်တန်းတွေကလည်း မျိုးဆက်သစ်များကို မွေးထုတ်ပေးလျက်ရှိသည်ဖြစ်ရာ မြန်မာ့အမျိုးသား ရိုးရာသိုင်းပညာကို နိုင်ငံတကာသို့ချပြနိုင်ရန် ကြိုးစားမျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

**(မြန်မာ့အလင်း)**

# မြန်မာ့ရိုးရာလက်ဝှေ့သရုပ်ပြ

**မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံးကမြန်မာ့ရိုးရာလက်ဝှေ့အကြောင်းသိကောင်းစရာ ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဇူလိုင် ၃၀ ရက်နံနက် ၉ နာရီက အထက (၆)ဗိုလ်တထောင်၊ အောင်ကျော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။**



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်က အမှာစကားပြောကြားပြီး စာရေးဆရာအားကစားကလောင်ရှင် မြန်မာမီဒီယာဂရု(ပ်)မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏက မြန်မာ့ရိုးရာလက်ဝှေ့သမိုင်းကြောင်းကို ဟောပြောခဲ့သည်။

ဆက်လက်၍ မြန်မာ့ရိုးရာလက်ဝှေ့သမား ကြယ်စင်ဖြိုးနှင့် ဖျံသွေးတို့က လေ့ကျင့်ပုံ၊ ထိုးသတ်ပုံများပြသကာ ဝါသနာရှင်ကျောင်းသားများက လက်ဝှေ့ကျော်များနှင့် တွဲဖက်ကစားပြကြသည်။

ရိုးရာလက်ဝှေ့အကြောင်း သိကောင်းစရာ ဟောပြောပွဲနှင့် သရုပ်ပြပွဲကို မန္တလေးအထက်တန်းကျောင်း နှစ်ကျောင်းနှင့် ပဲခူးအထက်တန်းကျောင်းတစ်ကျောင်း၊ ရန်ကုန်မြို့ရှိ အထက်တန်းကျောင်း ငါးကျောင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# အိန္ဒု-ဂျိုင်း-ကျုံဒိုး-ကော့ကရိတ်ကားလမ်းမှသည် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်ဆီသို့




သတင်းဆောင်းပါး-ခရမ်းစိုးမြင့်
ဓာတ်ပုံ-ရေချမ်းမြင့်

အိန္ဒု-ကော့ကရိတ် ကားလမ်းတစ်နေရာကို တွေ့ရစဉ်။

ဘားအံ- နောင်လုံ- ဂျိုင်း- ကျုံဒိုး- ကော့ကရိတ် ကားလမ်းသည် ကရင်ပြည်နယ်အတွင်း တည်ရှိပြီး ဘားအံမြို့နယ် မဲဘောင်အဝိုင်းမှ ကော့ကရိတ်မြို့အထိ ၅၅ မိုင် ခြောက်ဖာလုံ ရှည်လျားကာ ၃၅ မိုင် ခြောက်ဖာလုံမှာ ဘားအံခရိုင်ပိုင်ဖြစ်ပြီး ၁၇ မိုင်မှာ ကော့ကရိတ်ခရိုင်ပိုင် ဖြစ်သည်။

မူလက AK ကုမ္ပဏီက BOT ယူ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှစ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၏ ညွှန်ကြားချက်အရ ကရင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ယခုပြည်နယ်လမ်းဦးစီး)က ပြန်လည်လွှဲပြောင်း ရယူဆောင်ရွက်ခဲ့သောလမ်း ဖြစ်သည်။

အိန္ဒု- ဂျိုင်း- ကျုံဒိုး- လှိုင်းကွယ်- ကော့ကရိတ် ကားလမ်းသည် ဘားအံ-မြဝတီကားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့်အပြင် ဘားအံရှိ နယ်စပ်ကုန်သွယ်ရေးဇုန်ကြီးမှ မြန်မာတစ်ပြည်လုံးသို့ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် အဓိကကျသော ကားလမ်းတစ်လမ်း ဖြစ်သောကြောင့် နှစ်စဉ်ခွင့်ပြုဘဏ္ဍာငွေအရ လမ်းချဲ့ခြင်း၊ ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း၊ လမ်းဘေး ရေနုတ်မြောင်းတူးခြင်းနှင့် လမ်းမိုင်တစ်လျှောက်ရှိ ရေနုတ်မြောင်းနှင့် တံတားများကို ကွန်ကရစ်တံတား အဖြစ် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လမ်းပိုင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်လောက်တွင် (အာရှဘဏ်) ချေးငွေဖြင့် အဝေးပြေးအာရှလမ်းမကြီးနှင့် ဆက်သွယ်ဆောင်ရွက်တော့မှာဖြစ်ကြောင်း ကြားသိရပုံကို ကရင်ပြည်နယ်လမ်းဦးစီးဌာန အင်ဂျင်နီယာတစ်ဦးက ရှင်းပြသည်။

၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ပုဂံထိပ်သီးညီလာခံအပြီးတွင် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS)ကို ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းစသည့် လေးနိုင်ငံနှင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံပါဝင်၍ အဖွဲ့ဝင်ငါးနိုင်ငံဖြစ်လာခဲ့သည်။ ရည်ရွယ်ချက်များမှာ စီးပွားရေးတည်တံ့မှု ထိန်းသိမ်းရေးဒေသခွဲအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားလာရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား အစဉ်တည်ရှိနေသော ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ်၊ အိမ်နီးနားချင်းကောင်းပီသမှုနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေပြု၍ စီးပွားရေးကွာဟချက် ကျဉ်းမြောင်းစေမည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူစေရေး၊ စိုက်ပျိုးရေး၊ စက်မှုစွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလာရေး၊ ပြည်သူ့ ကျန်းမာရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်သည်ဟု သိရသည်။

ပူးပေါင်းဆောင်ရွက်မှု သာဓကအားဖြင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ထိုင်းနိုင်ငံ၏ အကူအညီဖြင့် မဲဆောက်မှမြဝတီ၊ သင်္ကန်းညီနောင်လမ်းကို ပြုပြင်ခြင်း၊ သင်္ကန်းညီနောင်မှ ကော့ကရိတ်လမ်းကို အသစ်ဖောက်လုပ်ခြင်းတို့ ဆောင်ရွက်ခဲ့သလို လာအို-မြန်မာနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအဖြစ် လာအို-မြန်မာချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားကို ဆောက်လုပ်ဖွင့်လှစ်ခဲ့ပြီးဖြစ်သလို မြန်မာနိုင်ငံဘက်မှလမ်းအမှတ်(AH.2)ပေါ်ရှိ တာလေမြို့မှ ကျိုင်းလတ်အထိ ကီလိုမီတာ ၆၀ ကျော်ရှိ လမ်းနှင့် လာအိုဘက်မှလည်း ကျိုင်းကုတ်မြို့မှ တံတားအထိ ၁၆ ကီလိုမီတာအရှည်ခန့်ရှိ လမ်းများကို ဖောက်လုပ်ခဲ့သည်။

ထို့အပြင် မြန်မာ-ထိုင်း-အိန္ဒိယ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးသည် မြဝတီမှ ပုဂံကိုဖြတ်ပြီး တမူးအထိဆက်သွယ်ရန် ညှိနှိုင်းသဘောတူထားပြီး မြန်မာနိုင်ငံမှ အဆိုပါလမ်းကြောင်းဖြစ်သော မြဝတီ-အုတ်တွင်း-ပျော်ဘွယ်-ရွာထော်-ဇရပ်ကုန်း-ကျောက်ပန်းတောင်း-ပုဂံ-လကွဲချေပေါ်-ပခုက္ကူ-လင်းတကော-ချောင်းမ-မြို့မ-ကလေးဝ-ကျီးကုန်း-တမူး မြို့အထိ ဖြစ်နိုင်ခြေရှိမှု လေ့လာတိုင်းထွာရေးကို သုံးနိုင်ငံမှ အင်ဂျင်နီယာများက ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည်ဟု သိရသည်။

အချုပ်အားဖြင့် တင်ပြရာတွင် မြန်မာနိုင်ငံသည် စီးပွားရေးအရ နိုင်ငံတကာနှင့်ဆက်သွယ်ရန် အာရှ လမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများ၊ မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေးဇုန်လမ်းမကြီးများ၊ ဘင်းမ်စတက် လမ်းမကြီးများ၊ မြန်မာ-ထိုင်း-အိန္ဒိယသုံးနိုင်ငံပူးပေါင်း ဆောင်ရွက်မည့်လမ်းမကြီးများ၊ မဲခေါင်မြစ်ဝှမ်းဒေသ အရှေ့၊ အနောက်၊ တောင်၊ မြောက် စီးပွားရေးဇုန်လမ်းမကြီးများနှင့် အိန္ဒိယ-မြန်မာပူးပေါင်းဆောင်ရွက်ရမည့် လမ်းမကြီးများ ရှိသည်ဖြစ်ရာ ကရင်ပြည်နယ်မှ အိန္ဒု-ကော့ကရိတ်ကားလမ်းသည် မြန်မာ-ထိုင်း-အိန္ဒိယ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကီလိုမီတာ ၁၆၆၅ ကီလိုရှိ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ သာဓကအဖြစ် ထိုင်းနိုင်ငံ၏ အကူအညီဖြင့် ဖောက်လုပ်ထားသော မြဝတီ-ကော့ကရိတ်-အာရှလမ်းမကြီး၏ အဆက်ဖြစ်ကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။

**▢ မြဝတီ- အုတ်တွင်း- ပျော်ဘွယ်- ရွာထော်- ဇရပ်ကုန်း-ကျောက်ပန်းတောင်း- ပုဂံ-လကွဲချေပေါ်-ပခုက္ကူ-လင်းတကော- ချောင်းမ-မြို့မ- ကလေးဝ- ကျီးကုန်း-တမူး မြို့အထိ ဖြစ်နိုင်ခြေရှိမှု လေ့လာတိုင်းထွာ ရေးကို သုံးနိုင်ငံမှ အင်ဂျင်နီယာများက ကွင်းဆင်းဆောင်ရွက်ပြီးဖြစ် ▢**



## ယာဉ်ကြောကျပ်တည်းမှုများကြောင့် အရေးပေါ်လူနာတင်ယာဉ်များ ကြို/ပို့ချိန်များ ပိုမိုကြာမြင့်

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုများ ပိုမိုသိပ်သည်းများပြားလာမှုနှင့်အတူ များလာခြင်းကြောင့် အရေးပေါ် လူနာတင်ယာဉ်သည်လည်း လူနာများကို နီးစပ်ရာဆေးရုံများသို့ ကြို/ပို့ခြင်းဆောင်ရွက်ရာ၌ အချိန်ပိုမိုကြာမြင့်လာကြောင်း သိရသည်။

"စောင့်ကြည့် လေ့လာချက်တို့အရ Golden Hour လို့ခေါ်တဲ့ အရေးပေါ်လူနာတွေကို ကြို/ပို့နိုင်မှု အချိန်တွေ လျော့ကျလာတယ်။ အရင်နှစ်ကထက် အခုနှစ်မှာ Golden Hour သတ်မှတ်ချက် ၁၀ မိနစ်အတွင်းကနေ ၁၅ မိနစ်၊ မိနစ် ၂၀ အတွင်းလောက်ကို ပိုလာတာတွေ့ရတယ်။ သက်ဆိုင်ရာ မြို့နယ်က ယာဉ်ထိန်းရဲတွေကတော့ ကူညီပေးကြပါတယ်။ ဒါပေမယ့် ပိတ်ဆို့မှုအခက်အခဲတွေက များပြားလာနေတုန်းပဲ"ဟု အရေးပေါ်လူနာ အသက်ကယ်တင် ကုသပို့ဆောင် ရေးလုပ်ငန်း Emergency Am-bulance Service (EAS)မှ အထွေထွေမန်နေဂျာ ဒေါက်တာအောင်လင်းက ပြောသည်။

မြန်မာနိုင်ငံ၌ လမ်းခရီးတွင် ယာဉ်တိုက်မှုအန္တရာယ်ဖြစ်ပွားခြင်း (Road Traffic Accident- RTA )၊ သဘာဝ (သို့မဟုတ်)လူတို့ ပြုလုပ်သောဘေးကြောင့် လူအများထိခိုက်ဒဏ်ရာရခြင်း (Disasters)၊ ရောဂါဝေဒနာ ဖောက်ပြန်လာခြင်း၊ ဆေးရုံတင်ရသည့်အထိ အရေးပေါ်ဆေးကုသရန် လိုအပ်ခြင်း(All Emergency Medical Cases)အစရှိသော အကြောင်းအရာများကြောင့် အရေးပေါ်အသက်ကယ်တင် ကုသရန်လိုအပ်သော လူနာများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်သယ်ယူရာတွင် ၂၀၁၃ ခုနှစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးစာရင်းအရ ၃ ရာခိုင်နှုန်းလောက်သာ ပို့ဆောင်ခြင်းခံရပြီး ကျန်သော ၉၇ ရာခိုင်နှုန်းမှာ မြင်းလှည်း၊ ဆိုက်ကား၊ တက္ကစီစသည့် ကြုံရာယာဉ်များဖြင့်သာ ရောက်ရှိလာခဲ့ကြောင်း ဒေါက်တာ အောင်လင်းက ဆိုသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ဧရာဝတီဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ပထမဆုံးအရေးပေါ် လူနာအသက်ကယ်တင်ကုသပို့ဆောင်ရေးလုပ်ငန်းကို ၂၀၁၂ ခုနှစ် စက်တင်ဘာ၌ စတင်အကောင်အထည် ဖော်ဆောင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် EAS ၌ အရေးပေါ် လူနာတင်ယာဉ် ခြောက်စီးရှိနေပြီး ၂၄ နာရီ ပိတ်ရက်မရှိ ကျွမ်းကျင်ဆရာဝန်၊ ဆေးမှူးနှင့် ယာဉ်မောင်းတို့ကို အရေးပေါ်ကား သုံးစီးအသင့်ထားရှိကြောင်း၊ ၂၀၁၂ ခုနှစ် စက်တင်ဘာမှ ၂၀၁၅ ခုနှစ် မတ်လအထိ အရေးပေါ် လူနာ ၁၇၅၆ ဦးကို သက်ဆိုင်ရာဆေးရုံများသို့ပို့ဆောင်နိုင်ခဲ့ကြောင်း၊ ယခုနောက်ပိုင်းတွင် ဆေးရုံဆင်းလူနာများအား သက်ဆိုင်ရာ ဆရာဝန်၏ထောက်ခံမှုပါရှိပါက ထိုက်သင့်သော အဖိုးအခဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်များအလိုက် အခြေခံအသက်ကယ်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိရာ ကျိုက်ထို၊ သံဖြူဇရပ်မြို့နယ်များကို အရေးပေါ် လူနာပြုစုကုသနည်း၊ အရေးပေါ်လူနာတင်ယာဉ်မှ စက်ပစ္စည်းကိရိယာများကိုင်တွယ်နည်းများကို ပို့ချ ပေးခဲ့သည်။

ရန်ကုန်မြို့၌ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် လေကြောင်းလိုင်းတချို့မှ ဝန်ထမ်းများကို Training များ ပို့ချခဲ့ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် အောက်တိုဘာလမှ ၂၀၁၅ ခုနှစ် မတ်လအထိ ခရိုင်အလိုက် လူနာစီးဆင်းမှု ရာခိုင်နှုန်းမှာ အရှေ့ပိုင်းခရိုင်တွင် ၂၈ ဒသမ ၅ ရာခိုင်နှုန်း၊ အနောက်ပိုင်းခရိုင်တွင် ၁၉ ဒသမ ၈ ရာခိုင်နှုန်း၊ မြောက်ပိုင်းခရိုင်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်း၊ ရန်ကုန်မြို့တွင်း ဧရိယာ ၄၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် အဝေးလူနာ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဧပြီလမှ ၂၀၁၅ ခုနှစ် မတ်လအထိ ခေါ်ယူမှုမှာ Medical ၈၅၁ ဦး၊ ခွဲစိတ်လူနာ ၁၈၁ ဦး၊ မီးယပ်သားဖွား ၂၄ ဦး၊ ကလေး ၁၀ ဦးတို့ဖြစ်ကြောင်း၊ Medical Case များအနက် နှလုံးတိုက်ခိုက်ခံရသည်ဟု သံသယရှိသူ လူနာ ၁၂၀ ခန့်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင်းရှိ အထပ်မြင့် အဆောက်အအုံများတွင် အသုံးပြု သည့် လှေကားများမှာ မတ်စောက်ခြင်း၊ ကျဉ်းမြောင်းခြင်းများကြောင့် လူနာများ သယ်ယူရေးတွင် အခက်အခဲဖြစ်ရကြောင်း၊ ထို့အပြင် ဆေးရုံတိုင်းတွင် လူစီးအပါအဝင် အရေးပေါ်လူနာအသုံးပြုရန်အတွက် ရှိသင့်သည့် အကျယ်အဝန်းရှိသည့် စက်လှေကားများ တပ်ဆင်ထားသင့်ကြောင်း၊ လက်ရှိအနေအထားအရ စခန်းခွဲ ဖွင့်လှစ်ရန် ဧရိယာမတိုးချဲ့နိုင်သေးသော်လည်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့စခန်းများတွင် ကားများထားရှိသွားရန်လျာထားကြောင်း ဒေါက်တာအောင်လင်းက သုံးသပ်သည်။

အဆိုပါ EAS ကို ရပ်တည်နိုင်ရေးကူညီပေးသော အဖွဲ့အစည်းများမှာ ဧရာဝတီဖောင်ဒေးရှင်း၊ ကမ္ဘောဇဘဏ်၊ ရွှေပုစွန်အအေး၊ Asian Wings၊ Win Pacific နှင့် တစ်ဦးချင်းအလှူရှင်များ၏ ပံ့ပိုးမှုများဖြစ်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## မီးစက်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဝယ်ယူရန်
# တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) 300 KVA Generator - ၁ လုံး
(ခ) 200 KVA Generator - ၁ လုံး
(ဂ) Mail Box မော်တော်ယာဉ် - ၂ စီး
(ဃ) Single Cub မော်တော်ယာဉ် - ၂ စီး
(င) Motorcycle - ၁၈ စီး

၂။ တင်ဒါပုံစံများကို ၂၉-၇-၂၀၁၅ရက်မှ ၂၁-၈-၂၀၁၅ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၈-၂၀၁၅ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း -၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေး** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **နှင့် ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈** | **ဖုန်း-၀၆၇-၄၁၂၃၉၀** |

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အဆင့်ဆေးရုံများမြို့နယ်ဆေးရုံများနှင့်တိုက်နယ်ဆေးရုံများအတွက် လိုအပ်သော ဆေး/ဆေးပစ္စည်းများ(FDA အသိအမှတ်ပြု)ကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်(တနင်္လာနေ့)
**တင်ဒါပုံစံဝယ်ယူရန်နှင့်တင်သွင်းရန်နေရာ** - တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး (ပုသိမ်ပြည်သူ့ဆေးရုံကြီး) ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
**တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်ရက် အချိန်** - ၂-၉-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး(ပုသိမ်ပြည်သူ့ဆေးရုံကြီး) ဖုန်း-၀၄၂-၂၁၇၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## ထားဝယ်မြို့

၁။ တနင်္သာရီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနလက်အောက်ရှိ ခုတင် ၁၀၀ ဆံ့ ဆေးရုံမှ ၁၆ခုတင်ဆံ့ဆေးရုံအထိ ဆေးရုံများတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား အခမဲ့ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၈-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း တိုင်းကုသရေးဦးစီးဌာနမှူးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး**
**ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၁၃၄၈၊ ၀၅၉-၂၂၁၆၉**

# ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ဝန်ထမ်းသက်သာပိုင် အောက်ဖော်ပြပါ ငါးမွေးမြူရေးကန်အား ဈေးပြိုင်တင်ဒါစနစ်ဖြင့်ငှားရမ်းမည်ဖြစ်ပါသည်-

(က) **ငှားရမ်းမည့်ငါးကန်**
ညောင်တုန်းမြို့နယ်၊ သဇင်ရေကျော်ကျေးရွာအုပ်စုရှိ ၁၇ ဒသမ ၅ ဧကကျယ်ဝန်းသည့် ငါးကန်
(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** - ၅-၈-၂၀၁၅ ရက်မှ ၆-၈-၂၀၁၅ရက်အထိ ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ဂ) **တင်ဒါစည်းကမ်းချက်ရှင်းလင်းမည့် ရက်/အချိန်** - ၇-၈-၂၀၁၅ ရက် ၁၂း၀၀နာရီ
(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၈-၂၀၁၅ ရက် ၁၃း၀၀နာရီ
(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ရုံးအမှတ် ၃၊ နေပြည်တော်
(စ) **တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေ့ရက်/အချိန်/နေရာ** - ၇-၈-၂၀၁၅ ရက် ၁၃း၀၀နာရီ
- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် ၃၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့် ငါးမွေးမြူရေးကန်၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၄၀၈၂၃၀ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာလျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၁-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၁၅)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄)၊ တံတားအထူးအဖွဲ့(၁၃)၊ မြိတ်မြို့မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်သွားမည့် ထားဝယ်-မြိတ်-ဘုတ်ပြင်းလမ်းမပေါ်ရှိ တံတားရှစ်စင်းအတွက် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) ဖိတ်ခေါ်၍ ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ပေးသွင်းရမည့်နေရာ |
|---|---|---|---|
| ၁ | သံချောင်းရှယ်စုံ (MEC) | ၁၉၀ တန် | တံတားလုပ်ငန်းခွင်အရောက် |
| ၂ | ဘိလပ်မြေ(ဆင်တံဆိပ်) | ၅၅၀ တန် | ။ |
| ၃ | Chipping | ၁၈၀ ကျင်း | ။ |
| ၄ | မြစ်ကျောက်စရစ် | ၂၇၀ ကျင်း | ။ |
| ၅ | တံတားသုတ်ဆီဆေး | ၆၀၀ ဂါလန် | ။ |
| ၆ | တံတားသုတ် Red Oxide | ၅၀၀ ဂါလန် | ။ |

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၅-၈-၂၀၁၅ရက်
၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊ အချိန်** - ၂၀-၈-၂၀၁၅ရက်
၄။ **တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်** - ၂၁-၈-၂၀၁၅ရက်၊ နံနက် ၁၀း၀၀နာရီ
၅။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့ (၁၃)၊ ကျွဲကူး-ကျောက်ဖျာ တံတားအနီး၊ ကျွဲကူးရွာ၊ မြိတ်မြို့
၆။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့ (၁၃)၊ ကျွဲကူး-ကျောက်ဖျာ တံတား၊ မြိတ်မြို့။

၇။ တင်ဒါပုံစံများနှင့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဖုန်း-၀၉-၂၀၆၀၁၅၂၊ ၀၉-၄၂၁၇၂၂၁၈၈

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့၊ တံတားအထူးအဖွဲ့ (၁၃)**
**ကျွဲကူးကျေးရွာ၊ မြိတ်မြို့**

## အမည်ပြောင်း

ရန်ကုန်မြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့သစ်တောင်ပိုင်းနေ ဦးအောင်ဝင်းနိုင်၏သား တက္ကသိုလ်ဝင်တန်းမှ မောင်အာကာမင်းအား ယနေ့မှစ၍ မောင်ဝေယံအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဝေယံအောင်**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ နန့်မဖြစ်ကျေးရွာ၊ အလယ်တန်းကျောင်း သတ္တမတန်းတွင် ပညာသင်ကြားနေသော မောင်မျိုးလတ်အောင် ၏ဖခင်အမည်မှန်မှာ ဦးနော်ဆန်း ၁/ကမန(နိုင်)၀၂၆၁၃၅ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ဒီးကျေးရွာနေ နန်းသန္တာဝင်း၏ ဖခင်အမည်မှန်မှာ ဦးစောမြင့်ကြည်ဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဦးစောမြင့်ရွှေဖြစ်သော်လည်း ဦးစောမြင့်ကြည်နှင့် ဦးစောမြင့်ရွှေသည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်းနန်းသန္တာဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ (၃-၇-၁၉၉၈) ၁၉၉၈ခုနှစ် ဇူလိုင် ၃ရက်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**နန်းသန္တာဝင်း**

## ရောင်း/လဲမည်
**(ကား၊ ဝိုင်းမြေ)**
**မြေထိုးစက် KOMATSU**
**D-60-3 ၁ စီး သိန်း ၂၅၀**
**D-40 ၁ စီး သိန်း ၁၅၀**
**ဖုန်း-၀၉-၂၅၉၁၆၁၀၅၈**

## လသာလမ်းမြေညီထပ်ငှားမည်

လသာအထက်လမ်း၊ နေ့ည မပြတ်စည်ကား၊ (၁၂ပေခွဲ×ပေ၆၀) မြေညီထပ်၊ ပြင်ဆင်ပြီး၊ နံရံ-အခင်းကြွေပြားကပ်၊ လူနေ+လုပ်ငန်းရ၊ တစ်လ ၂၈ သိန်းနှစ်ချုပ်ငှားမည်။

**ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

သံဖြူဇရပ်မြို့၊ ပဒိုင်လေးရွာ၊ ကွင်းအမှတ် ၉၁၂၊ ဧရိယာ ၀ ဒသမ ၀၆ရှိ အမည်ပေါက်ပိုင်ရှင် ဦးသက်ဝင်း ၁၀/သဖရ(နိုင်)၀၉၄၄၂၆က အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ခိုင်မာသောအထောက်အထားများနှင့်တကွ သင်ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးသက်ဝင်း ဖုန်း-၀၉-၇၉၆၇၇၁၈၈၃၊ ၀၉-၇၉၆၈၈၄၆၈၈**

## အမှတ် ၂၁၈၊ ဗိုလ်မြတ်ထွန်းလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေပေါ်ရှိ ဆောက်လုပ်ဆဲအဆောက်အအုံ ဥပစာနှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၂၁၈ဟုခေါ်တွင်သော မြေကွက်ဥပစာပေါ်တွင် ၁၁-၁-၂၀၁၂ ရက်စွဲပါ မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့နှစ်ဦးသဘောတူ နှစ်ခန်းတွဲရှစ်ထပ်တိုက်အား ဓာတ်လှေကား Pent House အပါအဝင် Pile စနစ်ဖြင့် တည်ဆောက်ခြင်းဆိုင်ရာ အခန်းပေး/အခန်းယူကတိစာချုပ်အရ မြေပိုင်ရှင် ဒေါ်ခင်မြတ်ချို ၁၂/မရက(နိုင်)၀၀၂၂၄၇နှင့် Great Father Land Construction & Decoration Co.,Ltd တို့ နှစ်ဦးသဘောတူညီခဲ့ပြီး အဆောက်အအုံဆောက်လုပ်ခဲ့ရာတွင် ကန်ထရိုက်တာ Great Father Land Construction & Decoration Co.,Ltd (၎င်း၏ကိုယ်စား ဥက္ကဋ္ဌဦးကျော်မြင့်) အနေဖြင့် ဆက်လက်ဆောက်လုပ်နိုင်ခြင်းမရှိဘဲ အကြောင်းမဲ့ပျက်ကွက်လျက်ရှိပါသဖြင့် မြေပိုင်ရှင်အနေဖြင့် ဌာနသို့တင်ပြ၍ ကန်ထရိုက်တာတရားဝင်ပြောင်းလဲဆောက်လုပ်ရန် စီစဉ်နေပါသဖြင့် ကန်ထရိုက်တာထံမှ ကြိုတင်ဝယ်ယူထားသူများအနေဖြင့် ၁၄ ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဆက်သွယ်ဆောင်ရွက်ပါရန်နှင့် ယင်းရက်ကျော်လွန်ပါက မည်သည့်ကိစ္စကိုမျှ မြေပိုင်ရှင်မှ အသိအမှတ်ပြုဆောင်ရွက်ပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဟိန်းသူကောင်း** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ(၃၆၂၆၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)** |

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၄)အကြီးစားစက်ရုံ (ဒဂုံ)ရှိ ကုန်ချောလက်ကျန်များကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်၍ သက်ဆိုင်ရာစက်ရုံသို့ သွားရောက်ကြည့်ရှုပြီး ဈေးနှုန်းတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၈-၂၀၁၅ရက် (ရုံးချိန်အတွင်း)
**တင်ဒါပိတ်ရက်** - ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့) ၁၆း၀၀နာရီ
**တင်ဒါဖွင့်ရက်** - ၂၀-၈-၂၀၁၅ရက် (ကြာသပတေးနေ့) ၁၃း၀၀နာရီ
**တင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊

**စီမံရေးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၁၇**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ရှမ်းပြည်နယ်မှ(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ(HDPE GI & PVC) များအား လုပ်ငန်းခွင်အရောက်မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၈-၂၀၁၅ ရက်

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၈၅၇၇ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၈-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## မိခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(ခ)မှ စိုင်းမိုင်းအောင်၏မိခင်အမည်မှန်မှာ ဒေါ်အေးမွန် ၁၀/ပမန(နိုင်)၁၂၅၈၀၄ ဖြစ်ပါကြောင်း။

**ဒေါ်အေးမွန်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မမင်းမင်းထွန်း ၁၂/ဥကတ(နိုင်)၁၁၉၇၉၈၏ PSC.RB လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၉၂၉၀၀၈၅**

## ဖခင်အမည်မှန်

ရွှေညောင်မြို့၊ အမက (၅)မူလွန်၊ ပထမတန်းမှ မပိုးလှိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးထိန်ဝင်း ၁၃/တကန(နိုင်)၂၀၁၁၉၀ ဖြစ်ပါကြောင်း။

**ဦးထိန်ဝင်း**




## ပျောက်ဆုံးကြောင်း

ကျွန်မ မဇွန်ပန်းဝေ ၁၃/တကန(နိုင်)၂၄၉၁၁၁ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၁၀၀၉၀၄၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ဃ/၉၅၄၃၀၊ ဟွန်ဒါဝေ(ဖ်) & 100 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၀/မလမ(နိုင်)၁၅၉၃၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B-4716၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

# အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တူးချောင်းရပ်ကွက်၊ ကွင်းအမှတ် (၃၇၀ A)၊ ဦးပိုင်အမှတ် (၁၃/ဇ)၊ ဧရိယာ ၇ဒသမ၁၁ဧကအနက်မှ မခွဲမစိတ်ရသေးသော အဆိုပါမြေကွက်ကြီးအတွင်းရှိ အကွက်အမှတ် ၁၇၄၊ အကျယ်အဝန်း (၂၀'×၆၀')ရှိသော မြေကွက်နှင့်ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးမြင့်စိန် ၁၄/မမက(နိုင်)၀၈၆၂၀၄ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂) B.A,H.G.P, C.B.L, D.B.L, D.M.L**
**ဥပဒေအကျိုးဆောင်၊**
**တိုက်အမှတ် ၃(အေ)၊ သုံးလွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့် အောက်ပါစက်ယန္တရားများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Country of Origin | မှတ်ချက် |
|---|---|---|---|---|
| ၁။ | Loader(6~8 Ton) | 10 Nos | Asia | DDP(Yangon) |
| ၂။ | Motor Grader(14 Ton) | 7 Nos | Asia | DDP(Yangon) |
| ၃။ | Concrete Pump Trailer Type($60m^3$/hr) | 3 Nos | Asia | DDP(Yangon) |
| ၄။ | Truck Mixer (Self Loading) ($4m^3$) | 2 Nos | Asia | DDP(Yangon) |
| ၅။ | Concrete Truck Mixer($6m^3$) | 5 Nos | Asia | DDP(Yangon) |
| ၆။ | Mini Excavator (5 Ton) | 7 Nos | Asia | DDP(Yangon) |
| ၇။ | Backhoe Loader (7.6 Ton) | 6 Nos | Asia | DDP(Yangon) |
| ၈။ | Mobile Batching Plant (with Gen:)($25m^3$) | 5 Nos | Asia | DDP(Yangon) |
| ၉။ | Dumper (5 Ton) | 10 Nos | Asia | DDP(Yangon) |
| ၁၀။ | Binder Spreader (Lime or Cement) ($16m^3$) | 1 No | Asia | DDP(Yangon) |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၈-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၉-၈-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**စက်မှုဌာနခွဲ၊ လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)ဝင်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၀၇၆၊ ၀၉-၈၆၁၁၆၂၉၊ ၀၉-၄၃၁၈၆၂၅၁၊ ၀၉-၈၆၃၆၁၈၅**

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဌာနခွဲများတွင် အောက်ပါအဆောက်အအုံများနှင့်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်/ဝယ်ယူရန်ရှိပါသည်။

| စဉ် | အမျိုးအစား | အရွယ်အစား | အရေအတွက် |
|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီး၊ ထုံးဘိုသင်တန်းကျောင်း | | |
| ၁။ | ဂါလန် (၁၅၀၀၀)ဆံ့ ရေကန် | | 1 No. |
| ၂။ | ဂါလန် (၃၀၀၀)ဆံ့ RC ရေစင်၊ | | 1 No. |
| ၃။ | သင်တန်းသားရေချိုးကန်ဂါလန် (၆၄၀၀)ဆံ့ရေကန် | | 1 No. |
| ၄။ | ဓာတ်ဆေးသိုလှောင်ရုံ(မန္တလေး၊ ချမ်းမြသာစည်) အုတ်စီ၊ ကွန်ကရစ်ခင်း၊ သွပ်မိုး၊ RC | (၅၀'×၃၀'×၁၄') | (၁) လုံး |
| ၅။ | ပိုးမွေးအိမ်(မန္တလေး၊ ချမ်းမြသာစည်)အုတ်စီ၊ ကွန်ကရစ်ခင်း၊ သွပ်မိုး၊ RC | (၅၀'×၃၀'×၁၄') | (၃) လုံး |
| ၆။ | စပါးမျိုးကူးစပ်ခန်း (RC၊ တစ်ထပ်) | (၂၀'×၃၀'×၁၀') | (၁) လုံး |
| ၇။ | ဘက်စုံသီးနှံကာကွယ်ရေးဓာတ်ခွဲခန်း(နေပြည်တော်၊ ပျဉ်းမနား စိုက်သိပ္ပံ)အုတ်ကာ၊ ကွန်ကရစ်ခင်း၊ သွပ်မိုး၊ RC | (၆၀'×၃၀'×၁၂') | (၁) လုံး |
| ၈။ | ဓာတ်ခွဲခန်းတည်ဆောက်ခြင်း (နေပြည်တော်၊ ပျဉ်းမနား) (၂)ထပ် RC | (၈၀'×၃၀'×၂၅') | (၁) လုံး |
| ၉။ | Combine Harvester, Harvesting capacity (1-1.5) ac/hr | | 1 No. |
| ၁၀။ | 200 KVA Transformer (33/0.4KV) (အင်ဘိုခြံ) | | 1 No. |
| ၁၁။ | 100KVA (11/0.4KV) နှင့် လိုင်းကြိုးများတပ်ဆင်ခြင်း (နမ့်လတ်ခြံ) | | 1 Lot |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၈-၂၀၁၅ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂-၈-၂၀၁၅ရက်၊ ၁၁း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၇**

# လက်ထပ်ပြီးစီးခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ (၁၂)၊ အိမ်အမှတ် (၁၂/၂၄၄)နေ

ဦးပန်ကြည်-ဒေါ်စန်းစန်းခိုင်တို့၏သား

**ဗိုလ်ကြီးထက်နိုင်**

**DSA 51st (B.Sc) (Electronic)**

**နှင့်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့၊ အင်ကြင်းမြိုင်ရပ်ကွက်၊ အောင်ဆန်း(၁)လမ်းနေ

ဦးချစ်အောင်-ဒေါ်မြင့်ကြည် (ကုန်မျိုးစုံရောင်းဝယ်ရေး)တို့၏သမီးငယ်

**မချိုချိုအေး**

**B.A(Anthropology)**

တို့သည် ၂၇-၇-၂၀၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ လက်ထပ်ပြီးစီးပါကြောင်း။

**ဗိုလ်ကြီးထက်နိုင်-မချိုချိုအေး**

# ဦးရာလူရောင်းမည်

(မိတ္ထီလာစက်မှုဇုန်-စီးပွားတက္ကသိုလ်ရှေ့) (၂-လမ်း) အမှတ် 9F 100 ပတ်လည် 8ကွက်တွဲ အောထောင့် (၂)ဧက အဆောက်အအုံပါ၊ ရေ/မီးစုံ (နှစ် ၃၀ ဂရန်)(သိမ်းတစ်ထောင့်ရှစ်ရာတိတိ) အမြန်ရောင်းမည်။

Ph: 09-5133119, 09-785133119, 09-5503598


Choose the right school for your child
that helps to face their future with confidence



"Fit Brains Gain More"

BRAINWORKS

K-12 INTEGRATED SCHOOL

An ISO 9001:2008 and 14001:2004 Certified Institution

Aung Zeya 09 2629 34441 - 2
Downtown (41st) 376022 376010
Kamayut 524599 501976 514267
Parami 660855 0973107376 09796206884
Sanchaung 526456 0973143280
Tamwe 401592 - 4
Taunggyi 206765 09 49 378436
Thingangyun 8551360 - 3
Kyi Myin Daing 2300715 2300716


日本語能力試験
JLPT Japanese-Language Proficiency Test

ဒီဇင်ဘာလ ၆ ရက် ၂၀၁၅ တွင် ရန်ကုန်မြို့၌ ကျင်းပမည့်

**ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ(JLPT-2015)**

**စာမေးပွဲ လျှောက်လွှာများ စတင်လက်ခံခြင်း**

**၁။ လျှောက်လွှာလက်ခံခြင်း (ရန်ကုန်)**

လျှောက်လွှာလက်ခံမည့်ကာလ - **10.8.2015 ~ 23.8.2015 ( 9:30AM ~ 4:30 PM , Monday to Sunday)**

နေရာ - Myanmar Association of Japan Alumni

**MAJA Centre**

အခန်းအမှတ် G-21,G-22, ၂လွှာ၊ တိုက်(စီ)ပုလဲကွန်ဒိုကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - 09 8612151

**၂။ လျှောက်လွှာလက်ခံခြင်း ( မန္တလေး )**

လျှောက်လွှာလက်ခံမည့်ကာလ - **26.8.2015 ~ 29.3.2015 ( 8:00AM ~ 6:00 PM )**

နေရာ - - **HITO Center**

၁၂ လမ်းနှင့် ၈၀ လမ်းထောင့် ၊ မန္တ လေးမြို့။ ဖုန်း - 02 31762

**စာမေးပွဲကြေးများကို အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါသည်။**



## ကောလင်းမြို့နယ် ရေဘေးဒုက္ခသည်များအား ထောက်ပံ့ကူညီရေးအတွက် အလှူငွေလှူဒါန်းသည့် အခမ်းအနားဖိတ်ကြားခြင်း

ပါမောက္ခခင်မောင်ဝင်း(အသည်း)ဦးစီးသော ကောလင်းမြို့ရေဘေးဒုက္ခသည်များအတွက် စုပေါင်းအလှူငွေလှူဒါန်းခြင်းအခမ်းအနားကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍စေတနာရှင်မည်သူမဆိုတတ်အားသ၍ လာရောက်လှူဒါန်းပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေရာ။ ။** မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း UMFCCI ခန်းမ၊မင်းရဲကျော်စွာလမ်း၊ စိန်ဂျွန်းမှတ်တိုင်အနီး

**ကျင်းပမည့်ရက်စွဲ။ ။** ၄-၈-၂၀၁၅ ရက်(အင်္ဂါနေ့)

**ကျင်းပမည့်အချိန်။ ။** နံနက်(၁၀း၀၀နာရီ)

**အလှူငွေလက်ခံမည့်အဖွဲ့အစည်း။ ။** ရေဘေးကယ်ဆယ်ထောက်ပံ့ရေးကော်မတီ၊ ကောလင်းမြို့နယ်

## ရန်ကုန်မြို့ရောက် ကလေးဝမြို့နယ်သူ/သားများ၏ စတုတ္ထအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ကလေးဝမြို့နယ်သူ/သားများနှင့် ကလေးဝမြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဌာနဆိုင်ရာဝန်ထမ်းများ၏ စတုတ္ထအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ၉-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် တာမွေမြို့နယ်၊ မလွကုန်းလမ်း၊ ဇေယျမင်္ဂလာကျောက်မြောင်းကျောင်းတိုက် (ကျောက်မြောင်းဈေးမီးပွိုင့်အနီး)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အလှူငွေနှင့်ဝါဆိုသင်္ကန်းများ လှူဒါန်းလိုပါက-**

**ဦးစိုးလှိုင် ဖုန်း-၀၉-၂၆၂၁၂၉၃၇၆၊ ဦးခင်မောင်ရီ -ဒေါ်ခင်ဝင်း ဖုန်း-၀၉-၇၃၁၂၂၄၄၂၊ ဦးခင်မောင်ချစ် ဖုန်း-၀၉-၃၁၀၂၂၉၅၄၊ ဦးငွေအောင် ဖုန်း-၀၉-၃၁၆၇၁၅၂၈၊ ဒေါ်ကြူကြူမြင့် ဖုန်း-၀၉-၇၃၀၅၇၄၂၄၊ ဒေါ်ခင်စမ်းဝေ ဖုန်း-၀၉-၄၀၁၅၈၉၉၂၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း ဆဌမကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ ဆဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကိုစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တရားတော်နာကြွရောက်ပါရန် အသင်းဝင်များနှင့် ဝန်ထမ်းများအား လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၉-၈-၂၀၁၅ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်)(တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၁၀း၀၀နာရီ မှ မွန်းတည့် ၁၂း၀၀ နာရီအထိ

**ကျင်းပမည့်နေရာ** - ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတိုက်၊ စမိုင်ခွဲ၊ ပြည်လမ်း၊ ဆည်မြောင်းဝင်း၊ အမှတ်(၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

**(တစ်ဦးချင်းသီးခြားဖိတ်ကြားစာမပို့ပါ)**

**(အမှုဆောင်အဖွဲ့)**

## (စင်ထရယ်)အထက(၁)လသာ ကျောင်းသားဟောင်းများက မြတ်ဆရာများအား ပူဇော်ကန်တော့မည်

၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ(စင်ထရယ်) အထက(၁)လသာကျောင်းသားဟောင်းများသည် နှစ်စဉ် စဉ်ဆက်မပြတ်ပူဇော်မြဲဆရာကြီး၊ ဆရာမကြီးများအား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ရက်၊ သီတင်းကျွတ်လပြည့်နေ့(ဗုဒ္ဓဟူးနေ့)၊ နံနက် ၈း၀၀နာရီတွင် အထက (၁)လသာ(ဗဟိုစံပြခန်းမဆောင်)၌ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပပူဇော်မည်ဖြစ်ပါသည်။

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအတွက် ကျင်းပရေးကော်မတီမှ အမှုဆောင်အဖွဲ့ဝင်များ ကိုယ်တိုင်လာရောက်အလှူခံမည်ဖြစ်ပါ၍ ပြည်တွင်းပြည်ပရှိ ကျောင်းသားဟောင်းများက စိတ်အားထက်သန်စွာပါဝင်လှူဒါန်းကြပါရန်နှင့် အောက်ပါဖုန်းနံပါတ်များသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| **ဦးအောင်ခိုင်** | **ဖုန်း-၀၉-၅၀၆၈၉၆၈** | **ဦးခင်မောင်စိန်** | **ဖုန်း-၀၉-၅၀၀၄၀၅၂** |
| **ဦးနိုင်ငွေဝင်း** | **ဖုန်း-၀၉-၅၁၈၇၂၁၂** | **ဗိုလ်မှူးခင်ညို(ငြိမ်း)** | **ဖုန်း-၀၉-၂၅၀၃၇၅၅၄၆** |
| **ဦးခင်မောင်ကြီး** | **ဖုန်း-၀၉-၇၉၈၄၀၂၄၉၂** | **ဦးအမင်း** | **ဖုန်း-၀၉-၂၅၄၀၁၆၀၁၅** |
| **ဦးစိန်ထွေး** | **ဖုန်း-၀၉-၃၂၂၂၅၃၃၆** | **ဦးအေးထွန်း** | **ဖုန်း-၀၉-၅၁၅၉၂၇၂** |
| **ဦးအောင်မြင့်(၁)** | **ဖုန်း-၀၉-၃၁၂၉၉၁၅၅** | **ဦးထင်ကျော်** | **ဖုန်း-၀၉-၅၁၈၆၀၂၁** |
| **ဦးခင်မောင်ဘို** | **ဖုန်း-၀၉-၄၃၀၅၁၁၈၁** | **ဦးထွန်းအောင်လှိုင်** | **ဖုန်း-၀၉-၅၀၆၄၇၄၁** |

## ကြေး/မြေ အငြိမ်းစားဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

ကြေး/မြေ အငြိမ်းစားဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက် (၉-၈-၂၀၁၅)ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ မြေစာရင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အငြိမ်းစားဝန်ထမ်းများ လက်ရှိဝန်ထမ်းများ၊ အလှူရှင်များအားလုံး မိသားစုဝင်များနှင့်တကွ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဦးအေးမောင်စိန် ဖုန်း-၀၉-၄၂၀၇၀၀၉၃၉၊ ဦးသန်း ဖုန်း-၀၉-၄၃၂၀၀၉၀၄၊ ဦးစောလှိုင် ဖုန်း-၀၉-၅၁၄၀၇၁၃၊ ဦးဖေသန်း ဖုန်း-၀၉-၅၀၄၆၂၇၄၊ ဦးအေးကြူ ဖုန်း-၀၉-၄၅၀၀၅၈၅၅၃၊ ဦးဇော်မင်း ဖုန်း-၀၉-၅၃၅၂၄၁၈

## အမည်ပြောင်း

ဒဂုံမြို့နယ်၊ အထက (၂) တက္ကသိုလ်ဝင်တန်း (ဂ)မှ စွမ်းသူဇော် ၁၂/စခန(နိုင်)၀၇၇၂၄၆ အား ယနေ့မှစ၍ စွမ်းသုဇော်ဟု ခေါ်ပါရန်။

**စွမ်းသုဇော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးသန်းလှိုင်ထွေး ၂/သဃက(နိုင်)၀၇၆၅၄၇ ထုတ်/သွင်း ပါမစ် I.S.P. IDV8 15-16 5945 (25-5-15) ID (NO) 730888 (13-7-15)စာရွက်များ ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4H-8419 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**







# ဝမ်းနည်းကြေကွဲခြင်း

## သီရိပျံချီ ဦးအောင်သောင်း

## ဝန်ကြီး (ငြိမ်း)

## ဥက္ကဋ္ဌ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
## မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်
## အသက်(၇၉)နှစ်

ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သီရိပျံချီ ဦးအောင်သောင်း အသက်(၇၉)နှစ်သည် ၂၃-၇-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မြင့် (ခ) ဦးငွေးနိုင်နှင့် ဇနီးဒေါ်ခင်ရီမိသားစု**

**ကုမ္ပဏီနှင့်စက်ရုံဝန်ထမ်းများ**

**Green Circle Co., Ltd. (Ve Ve အချိုရည်)**

---

**၂၈-၇-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ ၂၆ ပါ ဒေါ်မီမီမြင့်ဖူး ၁၂/မရက(နိုင်)၁၂၆၃၂၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးခင်မောင်ဝင်း (စဉ်-၂၁၃၄)၊ ဒေါ်အိမွန်ခိုင် (စဉ်-၉၃၅၃)တို့၏ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်နှင့်စပ်လျဉ်း၍ ဖြစ်ရပ်အမှန်သိရှိစေနိုင်ရန်အတွက်**

### အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာချက်

ဦးလှမြင့်ဖူး ၁၂/ရကန(နိုင်)၀၂၅၇၂၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ ထည့်သွင်းကြေညာခဲ့သည့် ၉-၇-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(ဆ)ပါ ကြေညာချက်ကို ထပ်မံစွဲမြဲအတည်ပြု၍ တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅ ဒီ)၊ မြေကွက်အမှတ် (၄၇-ဒီ/၁ အေ)၊ ဧရိယာ ၀ ဒသမ ၄၅၄ ဧကရှိ မြေပိုင်မြေ (အိမ်ရာမြေ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် ၂၉၄၃/၂၀၁၄ အရ ဦးလှမြင့်ဖူး ၁၂/ရကန(နိုင်)၀၂၅၇၂၁ နှင့် ဒေါ်မီမီမြင့်ဖူး ၁၂/မရက(နိုင်)၁၂၆၃၂၅ တို့ထက်ဝက်စီညီတူညီမျှပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့နှစ်ဦးပူးတွဲအမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်းမူရင်းပူးတွဲပါရှိသော အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၄၃/၂၀၁၄ စာချုပ်မူရင်းအား နှစ်ဦးစလုံးလက်ဝယ်မထားရှိဘဲ လမ်းမတော်မြို့နယ်ရှိ မြဝတီဘဏ်ရုံးချုပ်တွင် Bank Locker ၌ ထားရှိအပ်နှံထားခဲ့ပါသည်။ ထိုကဲ့သို့ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့နှစ်ဦးပူးတွဲအမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်းမူရင်းပူးတွဲပါရှိသော အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်မူရင်းမပါရှိပါဘဲလျက် ဒေါ်မီမီမြင့်ဖူးတစ်ဦးတည်းက လျှောက်ထားခဲ့သည့်အပေါ် ဦးလှမြင့်ဖူးက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးရှေ့မှောက်၌ လူကိုယ်တိုင်သွားရောက်တွေ့ဆုံ၍လည်းကောင်း၊ စာဖြင့်လည်းကောင်း အကြိမ်ကြိမ်တင်ပြ ကန့်ကွက်ထားပါလျက် ပူးတွဲပိုင်ရှင်ဦးလှမြင့်ဖူး၏ သဘောတူခွင့်ပြုချက်လက်မှတ်လည်းမပါရှိ၊ ဦးလှမြင့်ဖူးသိရှိခြင်းလည်းမရှိဘဲ နှစ်ဦးပိုင် ၀ ဒသမ ၄၅၄ ဧကရှိ မြေကွက်ကြီးအား ထက်ဝက်မဟုတ်သော ခွဲစိတ်မှုဖြင့် ခွဲစိတ်ခဲ့ကြောင်း သိရှိရသဖြင့် ဦးလှမြင့်ဖူးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်တီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနနှင့် ဒေါ်မီမီမြင့်ဖူးတို့အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တရားမအထွေထွေ လျှောက်ထားမှုအမှတ် ၈၂/၂၀၁၅ ဖြင့် အာဏာပေးစာချွန်တော် လျှောက်ထားတင်သွင်းထားပြီးဖြစ်ပါသည်။ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ ၂၁-၇-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၄၊ (၂၁-၇-၂၀၁၅)ရက်ထုတ် မြို့တော်သတင်းစာစာမျက်နှာ (၂၁)နှင့် (၂၂-၇-၂၀၁၅)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၃)ကြေညာချက်တို့အရ ဒေါ်မီမီမြင့်ဖူးက စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဖက်သတ်အမှားပြင်စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်းသိရှိရပါသည်။ ထို့ပြင်ဒေါ်မီမီမြင့်ဖူး၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများ၏ ၂၈-၇-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြေညာချက်အရ ဦးလှမြင့်ဖူးအား အသိမပေးဘဲ ထက်ဝက်စီမဟုတ်သော ခွဲစိတ်မှုဖြင့် ဒေါ်မီမီမြင့်ဖူးက ၀ ဒသမ ၃၂၃ ဧကကိုလည်းကောင်း၊ ဦးလှမြင့်ဖူးအား ၀ ဒသမ ၁၃၁ ဧကကိုလည်းကောင်း ခွဲစိတ်ထားကြောင်း ထပ်မံသိရှိရပါသည်။ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့နှစ်ဦးပူးတွဲပိုင်ဆိုင်သည့် ၀ ဒသမ ၄၅၄ ဧက၏ ထက်ဝက်စီမှာ ၀ ဒသမ ၂၂၇ ဧကစီဖြစ်ပါလျက် ဒေါ်မီမီမြင့်ဖူးက ထက်ဝက်ထက်ပိုသော ၀ ဒသမ ၃၂၃ ဧကကိုရယူထားပြီး ဦးလှမြင့်ဖူးအား အသိမပေးဘဲ တစ်ဖက်သတ်ခွဲစိတ်ခြင်း၊ တစ်ဖက်သတ်အမှားပြင်စာချုပ်ချုပ်ဆိုခြင်းတို့ပြုမူဆောင်ရွက်ခဲ့သည့်အပေါ်တည်ဆဲဥပဒေများနှင့်အညီဆောင်ရွက်ရန် ညွှန်ကြားချက်များ ရရှိထားပြီးဖြစ်ပါသည်။

သို့ပါ၍ ဒေါ်မီမီမြင့်ဖူးတစ်ဖက်သတ်ခွဲစိတ်ခဲ့သည့် ၀ ဒသမ ၃၂၃ ဧကတွင် ဦးလှမြင့်ဖူးရပိုင်ခွင့်ရှိသည့် ၀ ဒသမ ၀၉၆ ဧက မြေပိုပါဝင်နေပါသဖြင့် ဒေါ်မီမီမြင့်ဖူးအနေဖြင့် အဆိုပါဥပစာအားစီမံဆောင်ရွက်ပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်မရှိပါကြောင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရန်အသင့်ရှိပါကြောင်း အများသိရှိစေရန် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးလှမြင့်ဖူး ၁၂/ရကန(နိုင်)၀၂၅၇၂၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှလှလွင် (စဉ်-၅၇၇၃)** **ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄)** **ဒေါ်လဲ့လဲ့ဝင်း (စဉ်-၃၉၈၈၀)**

**ဒေါ်လွင်မာ (စဉ်-၈၉၀၉)** **ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)** **ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆၀၁)**

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေများ**

**အမှတ် ၅၅ (ဒုတိယထပ်)၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၇ယ/၅၆၄၉၉ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးနန်းဦး ၁၀/ရမန(နိုင်)၂၀၀၆၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5D/1102 Toyota Harrier S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာကြည် ၁၂/သဃက(နိုင်)၀၈၂၆၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊**
**ရန်ကုန်မြို့**

---

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို**
**အယူခံတရားပြိုင်သို့ ကြားသိစေသည့်**
**အကြောင်းကြားစာ**

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၅ ခုနှစ် တရားမပထမအယူခံမှု-၁၁၇**

ဦးသန်းဦး ပါ-၂ **နှင့်** ဦးခင်မောင်ဆွေ ပါ-၂

**အယူခံတရားလိုများ** **အယူခံတရားပြိုင်များ**

၂၀၁၅ ခုနှစ် မတ် ၃၀ရက်စွဲပါ မန္တလေးခရိုင် နယ်တရားမရုံးတော်မှမကြီး ၅၁/၂၀၁၄ ကို အယူခံမှု။

အယူခံတရားပြိုင် (၂) ဦးဟန်လင်းထွန်း၊ ၉ × ၁၀လမ်းကြား၊ ၇၉ လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင် တရားရုံးက ချမှတ်ပေးသည့်ဒီကရီကို ဦးသန်းဦး ပါ-၂ က အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁၂ ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၂ရက်) တွင် ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

---

**အမြန်ဆက်သွယ်ရန်**

မောင်သက်ဟန်၊
မောင်ကြည်နိုင်၊
မမေအေးခိုင်တို့သိစေရန်

ကိုကိုကြီး (ခ) မျိုးခိုင်နှင့် အောက်ပါအတိုင်း ဆက်သွယ်ပါရန် အသိပေးအပ်ပါသည်။

**ဖုန်း-၀၉-၇၉၁၉၄၇၇၃၁၊ ၀၉-၄၂၈၀၁၆၄၆၀**

**Email- augustmyok@gmail.com.**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၅၈၂၆၇၊ ဟွန်ဒါဝေ(ဗ်) 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးနန္ဒာအောင် ၁၀/မလမ(နိုင်)၁၂၉၂၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2C/1967, Nissaan Diesel LV 38 BN, Bowser (6x2) T/S ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးသူ ၁၀/မလမ(နိုင်)၂၀၈၈၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**
**ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/3327 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီဦးအောင်သောင်း**
**ဝန်ကြီး(ငြိမ်း)**
**ဥက္ကဋ္ဌ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**
**အသက်(၇၉)နှစ်**

အဘ ဦးအောင်သောင်း ကွယ်လွန်သွားသည့်အတွက် အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။ အဘကောင်းမွန်ရာ သုဂတိဘုံသို့ ရောက်ရှိပါစေ။

**ဦးအေးဖေ-ဒေါ်စိန်လွင် မိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)**
**မန္တလေးခရိုင်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၂၆**

ဒေါ်အုန်းတင် **နှင့်** ၁။ ဦးကျော်ဝေ
၂။ ဦးဝင်းလွင်
၃။ ဦးသက်နိုင်
၄။ ဦးအောင်တင်ဆင့်

တရားလို တရားပြိုင်များ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)၊ (ဈ)ရပ်ကွက်၊ ဦးပိုင် (၄)၊ အကွက် (ပပ-၉)နေ ဦးမင်းလွင်၊ ဦးသက်နိုင်၊ ဦးအောင်တင်ဆင့် (ယခုနေရပ်လိပ်စာမသိ)မှ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက် (ပပ-၉)၊ ဦးပိုင်(၄)ဂရန်မြေနှင့် ထိုမြေပေါ်ရှိအဆောက်အအုံတွင် ကျူးကျော်နေထိုင်လျက်ရှိသူများအား ဖယ်ရှားနှင်ထုတ်၍ လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချုံချုံ)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ ကွက်အမှတ် ၂၀၉၊ အလယ်ဘောင်ရပ်၊ ဦးပိုင်အမှတ် ၅/၅၊ အလျား၉၂ပေ၊ အနံ ၄၆ပေ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့သည်(ကွယ်လွန်သူ) မူလပိုင်ရှင်များဖြစ်သည့် ဦးရှန်နှင့် ဒေါ်စံချယ်တို့က ပိုင်ဆိုင်ခဲ့ပြီး ၂၉-၈-၁၉၈၀ ခုနှစ်တွင် ဦးတိုင်းကျော် (ခ)ဦးအုန်းမြင့်နှင့် ဒေါ်နွဲ့နွဲ့ကျင်တို့က အရပ်ကတိစာချုပ်ဖြင့် အဆိုပါမြေကွက်ကြီး၏တစ်ဝက်ကို အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရရှိခဲ့ပြီး ဝယ်ယူထားသောမြေကွက်၏ အစိတ်အပိုင်းတွင် နှစ်ထပ်အိမ်ဆောက်လုပ်၍ နေထိုင်ခဲ့ပါသည်။

ထိုသို့နေထိုင်စဉ်အတွင်း ဦးတိုင်းကျော်(ခ)ဦးအုန်းမြင့် ဝယ်ယူထားသောမြေကွက်ကြီး၏ အစိတ်အပိုင်းကို လမ်းမြေလျှုဒါန်းခဲ့ရသဖြင့် ထိုလျှုဒါန်းခြင်းအတွက် ရရှိသော မြေကွက်သစ်မှ မြေနှစ်ကွက်ကို ရောင်းချ၍ မြေကွက်ကြီးတစ်ခုလုံး၏ ကျန်အစိတ်အပိုင်းအား ဦးတိုင်းကျော် (ခ)ဦးအုန်းမြင့်တို့မိသားစုမှ နှုတ်ကတိဖြင့် ညှိနှိုင်းသဘောတူ ဖလှယ်ရယူခဲ့ကြပါသည်။

သို့ဖြစ်၍ အမည်ပေါက်ပိုင်ဆိုင်သူ ဦးတိုင်းကျော်(ခ)ဦးအုန်းမြင့်မှာ ကွယ်လွန်သွားခဲ့ပြီ ဖြစ်သဖြင့် ဇနီးဖြစ်သူ ဒေါ်နွဲ့နွဲ့ကျင်တို့မိသားစုကသာ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်အား ဥပဒေနှင့်အညီ လက်ရောက်ရရှိပိုင်ဆိုင်ထားသူများဖြစ်ကြပါသည်။

ယခုအခါ အဆိုပါမြေကွက်ကြီး၏ အစိတ်အပိုင်းတစ်ခုကို တရားဝင်ပိုင်ဆိုင်ခြင်းမရှိသူတို့က လွှဲပြောင်းရောင်းချရန် အစီအစဉ်များရှိကြောင်း တစ်ဆင့်ကြား သိရှိနေရပါသည်။ သို့အတွက် ယခု ကြော်ငြာသည့်ရက်မှစ၍ အဆိုပါမြေကွက်ကြီးနှင့်ပတ်သက်၍ ရောင်း၊ ပေါင်၊ ဖလှယ်၊ ပေး၊ ငှား ပြုလုပ်ခြင်းအမှုကိစ္စတို့ကို ကျွန်ုပ်နှင့်လက်ရှိထားပိုင်ဆိုင်သူတို့၏ သဘောဆန္ဒမပါဘဲ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့ကျင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးအောင်ကျော်ဦး LL.B | ဒေါ်နှင်းနှင်းဦး LL.B | ဦးဆလိုင်းသန်းနိုင် LL.B |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (အောင်ပင်လယ်-ရေကြည်၊ မန္တလေးမြို့။) | စဉ်အမှတ်-၃၇၇၄၂ | စဉ်အမှတ်-၃၇၅၃၂ |
| ရှေ့နေကြီးများနားနေခန်း၊ လမ်း၃၀ | | ဦးနိုင်လင်း LL.B |
| ၆၈×၇၀ကြား၊ ချမ်းအေးသာစံမြို့နယ် | | အထက်တန်းရှေ့နေ |
| မန္တလေးမြို့။ | | စဉ်အမှတ်-၃၈၄၅၈ |

Ph-09-402503228
Email-aungkyawoo.1956@gmail.com

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် မောင်နိုင်ဝင်း ၁၂/မဂတ(နိုင်)၀၉၂၂၈၉ (ဘ)ဦးမောင်အေး၏သားဖြစ်သူနှင့်မဝင်းမေသူ ၁၂/သကတ(နိုင်)၁၅၀၅၆၈ (ဘ)ဦးကြင်ထွန်း(ခ)ဦးထွန်းမြင့်တို့၏ သမီးဖြစ်သူတို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းမတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန်မဖြစ်နိုင်တော့၍ တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စ ပစ္စည်းဥစ္စာ၊ ငွေကြေးကိစ္စအဝဝတို့ကိုတစ်ဦးမှတစ်ဦးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ဟန့်တားခြင်း အလျဉ်းမပြုကြပါဟု မိမိတို့၏လွတ်လပ်သောသဘောဆန္ဒအလျောက် ဝန်ခံကတိပြု၍ ၂၉-၇-၂၀၁၅ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းစာချုပ်တွင် လက်မှတ် ရေးထိုး၍တရားဝင်ကွာရှင်းပြီးဖြစ်ပါဖြင့် ကျွန်တော် မောင်နိုင်ဝင်းသည် မဝင်းမေသူ နှင့်လုံဝ(လုံး၀)သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မောင်နိုင်ဝင်း(ဘ)ဦးမောင်အေး ၁၂/မဂတ(နိုင်)၀၉၂၂၈၉**

## အထူးဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီဦးအောင်သောင်း**
**ဝန်ကြီး(ငြိမ်း)**
**ဥက္ကဋ္ဌ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**တောင်သာမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အသက်(၇၉)နှစ်**

ကျေးဇူးရှင်(အဘ)သီရိပျံချီဦးအောင်သောင်းသည် ၂၃-၇-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးယုနိုင်(သရက်)-ဇနီးဒေါ်စုစုကြည်**
**မိသားစု**

## ကျေးဇူးတင်လွှာ

တိုက် E၊ အခန်း (၁၀၂)၊ အနော်ရထာအိမ်ရာ၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးမြတ်သင်း(ငြိမ်း)၏ဇနီး ဒေါ်ခင်ခင်ဆွေ (Valerie Po Saw) တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်(ငြိမ်း)သည် ၁၉-၇-၂၀၁၅ရက် ည ၁၁း၄၅နာရီတွင် ပါရမီဆေးရုံ၌ကွယ်လွန်ခဲ့ပါသည်။ ဆေးရုံတက်ရောက်ကုသစဉ်ကာလတစ်လျှောက်၊ မေတ္တာ စေတနာဖြင့် အစွမ်းကုန်ကြိုးစားကုသပေးခဲ့ကြသော အထူးကုသမားတော်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ သူနာပြုအကူများ၊ အထောက်အကူပြုဝန်ထမ်းများကိုလည်းကောင်း၊ သွေးလှူဒါန်းခဲ့ကြသော မေတ္တာရှင်အဖွဲ့အစည်းများ၊ သံဃာတော်မြတ်များ၊ လူပုဂ္ဂိုလ်အားလုံးကိုလည်းကောင်း၊ (၂)လခွဲကျော်မှ ဆေးရုံတက်ရောက်သည့်ကာလတစ်လျှောက် အဘက်ဘက်မှ မေတ္တာပြ၊ ကူညီပံ့ပိုးခဲ့ကြသော ရဟန်းရှင်သူမြတ်များ၊ ဆွေမျိုးမိတ်ဆွေအားလုံးတို့ကိုလည်းကောင်း အထူးပင်ကျေးဇူးတင်အပ်ပါသည်။

နာရေးကိစ္စအဝဝအတွက် ဆောင်ကျင်းပေးခဲ့ကြသည့် သန့်ရှင်းသောကားတိုင်ဘုရားရှိခိုးကျောင်းနှင့် ဓမ္မတက္ကသိုလ်မှ ဘုန်းတော်ကြီးများ၊ မိသားစုအသင်းသူအသင်းသားများ၊ ဓမ္မတက္ကသိုလ်သင်တန်းသူ၊ သင်တန်းသားများအားလုံးကိုလည်း လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးကုလားလေး (ကျိုက်မရောမြို့) အသက်(၉၄)နှစ်**
**စွန်းလွန်းယောဂီ(ကမ္မဋ္ဌာအေး)**

ကျိုက်မရောမြို့နယ်၊ မယ်ဂရိုကျေးရွာနေ(ဦးနှိမ်-ဒေါ်အေးခင်)တို့၏သား၊ ကျိုက်မရောမြို့နေ (ဦးစွန့်-ဒေါ်ပု)တို့၏သားသမက်၊ (ဒေါ်သန်းစိန်)၏ခင်ပွန်း၊ ဦးစိန်လှ (ဗိုလ်မှူး-ငြိမ်း၊ ဒုညွှန်ချုပ်-ငြိမ်း၊ အစိုးရအဖွဲ့ရုံး)-ဒေါ်ကျင်ရွှေ(ဗိုလ်ကြီး-ငြိမ်း၊ ပါမောက္ခချုပ်-ငြိမ်း၊ သူနာပြုတက္ကသိုလ်)၊ ဦးလှဝင်း(မြို့နယ်မြေစာရင်းဦးစီးဌာနမှူး-ငြိမ်း)-ဒေါ်စိန်ကျင်၊ ဦးဖေစိန်-ဒေါ်ခင်နန်းမြင့်(လ/ထ ကထိက-ငြိမ်း၊ နည်းပညာတက္ကသိုလ်မော်လမြိုင်မြို့)၊ ဦးကြည်မြင့်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စစစ)-ဒေါ်ခင်ဖုန်းမော်(စာရင်းကိုင်-ငြိမ်း၊စစစ)၊ဦးမွန်နိုင်(ဌာနမှူး၊ သင်တန်းရေးရာဌာန-ပဲခူးတက္ကသိုလ်)-ဒေါ်ယဉ်ယဉ်သန်း(အလပြ-ငြိမ်း၊ မော်လမြိုင်)၊ ဦးမျိုးသန့် (ဦးစီးအရာရှိ-ငြိမ်း၊မြို့နယ်မြေစာရင်းဦးစီးဌာနမှူး)-ဒေါ်အေမီခင်တို့၏ဖခင်၊ ဒေါက်တာလှစန္ဒာ (မျက်စိအထူးကုဆရာဝန်ကြီး-မျက်စိအထူးကုဆေးရုံ၊ ရန်ကုန်မြို့)၊ မြေး ၁၃ယောက်တို့၏အဘိုး၊ မောင်ဝေယံမျိုးကျော်၊ မြစ်သုံးယောက်တို့၏အဘေးသည် ၃၀-၇-၂၀၁၅ရက် နံနက်၇း၃၀နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊သုဝဏ္ဏ(၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ် (၃)၊ အမှတ်၁၃၃၊ အခန်း၅၊ ဦးကြည်မြင့်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ညနေ ၄နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**နူရ်ရှန်နေဆာ(ခ)ဒေါ်ခင်မာလွင်(သိုသီ)**
**ကုန်သွယ်ရေး(၁၀)၊ ဆေးနှင့်ဆေးပစ္စည်း(ငြိမ်း)ပြည်မြို့**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၈)လမ်း(အထက်)၊ အမှတ် ၁၇၄ နေ (မိုဟာမက်အွမ္မရ်-ဒေါ်အရှာဘီ)တို့၏သမီး၊ ဒေါ်ခင်မြဦး၊ ဒေါ်မြမြ၊ (ဦး မောင်မောင်)-ဒေါ်ညိုညိုလွင်(ဒေါ်ချို)၊ ဒေါ်လှလှတို့၏ညီမ၊ ဒေါ်ညိုညို၊ ဒေါ်မြင့်မြင့်တို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃၀-၇-၂၀၁၅ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၁-၇-၂၀၁၅ရက် ဂျုမ္မာသွလာသ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## သွာနုတ္တသား/သမီးအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လှိုင်ကမ္မာကျေးရွာအုပ်စု NO.(125) ကုန်းကလေးရွာတွင် ခေတ္တယာယီနေထိုင်လျက်ရှိသည့် မိဘဖြစ်သူ ကျွန်ုပ်ဦးထွန်းလှ၊ (ဒေါ်မြအိမ်)တို့၏သား မောင်စံသိန်း ၃/ဘအန(နိုင်)၁၂၈၁၉၃ လုပ်သားလမ်း၊ ဇွဲကပင်(၁) ကုန်း၊ (၉) ရပ်ကွက်တွင် နေထိုင်သူနှင့် သမီး မခင်လှထွန်း ၃/ဘအန(နိုင်)၀၀၃၈၈၁ ကိုးသုံးလုံးဂိတ်အနီးမြဝတီမြို့တွင် နေထိုင်သူတို့သည် ဖခင်ဖြစ်သူ ပြောဆိုဆုံးမ စီမံခန့်ခွဲမှုကို မနာခံခြင်း မိဘဖြစ်သူ အိမ်တွင် မနေထိုင်နိုင်အောင် ပြုမူဆောင်ရွက်ခြင်း၊ မိဘပိုင်မြေကိုလည်း တစ်ဖက်လှည့်ဖြင့် ရောင်းစားခြင်း၊ မိဘ၏ကျန်ရှိနေသည့် အမွေပစ္စည်းများကိုလည်း အဓမ္မနည်းများဖြင့် ရယူရန်ကြံစည်ခြင်း၊ ခြိမ်းခြောက်မှုများပြုလုပ်ခြင်း ရန်သူသဖွယ်ပြုမူဆက်ဆံလာခြင်း၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြုမူဆောင်ရွက်ခြင်းများ အကြိမ်ကြိမ် ပြုလုပ်လာခဲ့ကြသည့်အတွက်ကြောင့် ယနေ့မှစ၍ သွာနုတ္တသား/သမီးအဖြစ်မှ အများသိစေရန် ကြေညာပြီး အမွေစားအမွေခံသား/သမီးအဖြစ် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင်ဖြစ်သူ ဦးထွန်းလှ**
**၃/ဘအန(နိုင်)၀၀၉၈၂၇**
**ခေတ္တ NO.(125)ကုန်းကလေးရွာ**
**လှိုင်ကမ္မာကျေးရွာအုပ်စု**
**ဘားအံမြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်စိန်(တောင်ငူ)**
**အသက်(၈၆)နှစ်**

ချစ်သူငယ်ချင်း ဦးမြင့်မောင်(Chief Officer)-ဒေါက်တာမကျင်လှိုင်(AP, ကလေးအထူးကုဆရာဝန်ကြီး၊ ရန်ကင်းကလေးဆေးရုံကြီး)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးကျော်စိန်အသက်(၈၆)နှစ်သည် ၂၇-၇-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်နိုင်-ဒေါက်တာခင်ခင်လေး**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်စိန်(တောင်ငူ)**
**အသက်(၈၆)နှစ်**

ခင်မင်ရသော ဦးမြင့်မောင်(Chief Officer)-ဒေါက်တာမကျင်လှိုင်(AP, ကလေး အထူးကုဆရာဝန်ကြီး၊ ရန်ကင်းကလေးဆေးရုံကြီး)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးကျော်စိန်အသက်(၈၆)နှစ်သည် ၂၇-၇-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှသိန်း-ဒေါက်တာခင်ခင်ရီ**
**ဦးတင်မြင့်-ဒေါ်ခင်ခင်ချို**
**ဦးငွေရင်-ဒေါ်နွဲ့နွဲ့ဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးခင်မောင်ကြွယ်**
**ဥက္ကဋ္ဌ(ငြိမ်း)**
**မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့**
**ပါမောက္ခစီမံခန့်ခွဲရေးပညာဌာန၊ စီးပွားရေးတက္ကသိုလ်**
**အသက်(၈၄)နှစ်**

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ နာယကကြီး ဥက္ကဋ္ဌဟောင်း ဒေါက်တာဦးခင်မောင်ကြွယ်သည် ၂၉-၇-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)**

## ဝမ်းနည်းကြေကွဲခြင်း

**ဆရာကြီး ဦးခင်မောင်ကြွယ်**
**ဥက္ကဋ္ဌ(ငြိမ်း)၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့**
**ပါမောက္ခ(ငြိမ်း)၊ စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်နေ ဆရာမကြီး ဒေါ်ထွေးထွေးအောင်(ကထိက၊ငြိမ်း) ဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ချစ်ခင်ပွန်း ဆရာကြီးဦးခင်မောင်ကြွယ် အသက်(၈၄)နှစ်သည် ၂၉-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘောဂဗေဒဌာနမိသားစု**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ လမ်းဒါယကာကြီး

**ဦးဘခိုင်**
**(ကန်ရိပ်သာ-ချစ်တီးထမင်းဆိုင်)**
**အသက်(၆၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၀/၂၇၂)နေ (ဦးမာနီးကွန်း-ဒေါ်စီဝကာမီး)တို့၏သား၊ ဒေါ်ဝီရမား(လ်)၏ခင်ပွန်း၊ ဒေါ်ပါးပါးမာ(လ်)၊ဦးဘမြိုင်တို့၏အစ်ကို၊ မောင်ခိုင်ရွှေဦး၊ (မောင်ခိုင်ထွန်းလတ်)၊ မခိုင်သန်းငွေ-မောင်လှစိန်၊မသန်းသန်းခိုင်၊ မစနေခိုင်-မောင်ကြည်ဝင်း၊ မစီစီခိုင်-မောင်မြင့်အောင်၊ မောင်မြင့်ခိုင်တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၁၈-၇-၂၀၁၅ရက်(စနေနေ့) နံနက်၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ [ကွယ်လွန်သူအား ရည်စူး၍ ၃-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက်၁၀နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန့်ဇင်**
**MSC Information System Design (London)**
**အသက် (၅၇)နှစ်**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့နှင့် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ သစ်ယာပင်လမ်းသွယ် (၃)လမ်း၊ အမှတ်(၁၂၀)နေ သူငယ်ချင်း ဒေါက်တာဒေါ်စုစုသွယ်၏ခင်ပွန်း ဦးသန့်ဇင်သည် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ ၃-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**IM-(1)(1968-Intake)**
**သူငယ်ချင်းများ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၅၁၈၁၂ ယာဉ်လက်ဝယ်ရှိသူ ဦးအိစွမ်(ခ)ညီညီလွင် ၁၄/ဘကလ(နိုင်)၁၄၀၃၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်) မအူပင်မြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာအေးချို

**B.V.S, M.Phil, M.V.Sc**

**ပါမောက္ခ(ငြိမ်း)၊ မွေး-ဆေးတက္ကသိုလ်**

**အသက်(၇၄)နှစ်**

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ ရာသက်ပန်အသင်းဝင် (အသင်းဝင်အမှတ်-၇၇)နှင့် ကန်တော့ခံဆရာကြီး ဒေါက်တာအေးချိုသည် ၁-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့(၂၀၁၃-၂၀၁၅ခုနှစ်)

**ဝမ်းနည်းကြေကွဲခြင်း**

**CAROLINE**

## ဒေါ်နန်းအေးမြိုင်ကြည် (မင်္ဂလာဒုံ)

**အသက်(၆၂)နှစ်**

သူငယ်ချင်း ဒေါက်တာဟန်ဝင်းထက်-Catherine သင်းနှင်းအေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်နန်းအေးမြိုင်ကြည်သည် ၃၀-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးတက္ကသိုလ်(၂)

AMIGOS 95 BATCH မှ သူငယ်ချင်းများ

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Rev.Thang Za Suan အသက်(၅၃)နှစ်

**(Tungzang,Hatzaw Beh) (Senior Pastor,Shalom AG) (Treasurer, Section 1, DC-3) Assemblies of God**

ချင်းပြည်နယ်၊ တီးတိန်မြို့၊ တုန်းဇံရွာနေ [Cpl. Cin Do Thang(Red)] နှင့် Pi Vial Za Cing တို့၏စတုတ္ထမြောက်သား၊ (Pa Pau Khua Thang) နှင့် Nu Cing Khaw En (တုန်းဇံရွာ)၊ Pa Kai Sian Pau နှင့် Nu Gin Za Cing (ကလေးမြို့)၊ Pa Lian Cin Hau နှင့် Nu Khen Zam Ciin(တုန်းဇံရွာ) တို့၏ညီ/မောင်၊ Nu Vung Deih Lian နှင့် Pa Lian Za Go (ကလေးမြို့)၊ Nu Cin Sum Man နှင့် Pa Khai Khua Lian (တုန်းဇံရွာ)၊ Pa Nang Sian Piang နှင့် Nu Cing Deih Lun (တုန်းဇံရွာ)၊ Nu Thawng Ngaih Cing နှင့် Pa Thang Khan Piang (တုန်းဇံရွာ)၊ Nu Ciin Go Dim နှင့် Pa Cin Sawn Mung (တုန်းဇံရွာ)၊ Pa Cin Min Thang နှင့် Nu Thang Sawm Ciin (တုန်းဇံရွာ)တို့၏အစ်ကို၊ Lia Cing Sian Mang (အထက-၂၊ ရန်ကင်း)၊ Lia Cing Muan Kim (TTC-ရန်ကင်း)နှင့် Tg.Joshua Thang Suan Muan (TTC-ရန်ကင်း)၊ ရန်ကင်းမြို့နယ်၊(၅)ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ်(၃)၊ အမှတ် ၂၂၃၊ အခန်း ၇နေ Nu Ning San Lun (Nita) ၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၇-၂၀၁၅ရက် ည ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၈-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(မောနွေလဘုရားကျောင်းရှေ့၊ Shalom အေဂျီဘုရားကျောင်း၊ ယုဇနပိတောက်ကွေ့၊ ရွှေပြည်သာကားကြီးဂိတ်၊လှည်းကူးတာဆုံ၊ ထောက်ကြန့်လမ်း(၁)၊ ဝါယာလက်ဈေးရှေ့၊ ကျောက်မြောင်း သီတာလမ်းထိပ် Full Gospel ဘုရားကျောင်းရှေ့နှင့် အထက်ပါနေအိမ်တို့မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ကျောင်း ဒါယကာ**

## ဦးဝင်းမော်(နတ်တလင်း) အသက်(၄၈)နှစ်

**ဝင်းသီရိနှင့် လူထုမေတ္တာဆန်စက်ပိုင်ရှင်**

**မြို့နယ်ဆန်စပါးလုပ်ငန်းရှင်များသင်းဥက္ကဋ္ဌ (နတ်တလင်းမြို့)**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ ရန်ကုန်ပြည်လမ်းနေ (ဦးချစ်လှိုင်)-ဒေါ်သန်းညွန့်တို့၏သား၊ အပြင်သာစည်လမ်းနေ ဦးမောင်မြိုင်-ဒေါ်သန်းမြင့်တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးသန့်ဇင်ထွန်း-ဒေါ်သန်းသန်းဌေးတို့၏မောင်၊ နတ်တလင်းမြို့၊ ရန်ကုန်ပြည်လမ်းနေ ဦးကြည်ထူး၏ညီ၊ မဆုထက်ဝေ၊ မောင်သီဟထက်ဇော်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်အေးအေးမြင့်(ခ)ဒေါ်ပေါက်စ၏ချစ်လှစွာသောခင်ပွန်းသည် ၁-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၅း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် အနောက်ပေါက်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးထိန်ဝင်းစော(လက်ပံတန်း)

**ရူပဗေဒ(နေခြည်ဝင်းနည်းပြ)**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၇၀၊ ခြောက်လွှာ(B)နေ (ဦးစောမောင်-ဒေါ်မြရွှေ)တို့၏သား၊ဒေါ်အေးအေးကြူ(အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးမြင့်စိုး-ဒေါ်ဘေဘီစော(ဒု-တိုင်းဥပဒေအရာရှိ၊ငြိမ်း)တို့၏ အစ်ကိုသည် ၃၁-၇-၂၀၁၅ရက် ညနေ ၃း၃၀နာရီတွင် စမ်းချောင်းလမ်းနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဆန်းမြင့်

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၁၂၃၁/A)နေ ဦးအုန်းဆောင်-ဒေါ်ခင်ညွန့်တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ ၁လမ်း၊ အမှတ်(၄၇/A)နေ (ဦးဘလှ-ဒေါ်စံရွှေမြ)တို့၏သားသမက်၊ (ဒေါ်ခင်စောဦး)-ဦးညွန့်ဇော်၊ (ဦးခင်ညွန့်-ဒေါ်အုံးအုံးမူ)၊ ဒေါ်သိန်းမြိုင်၊ ဒေါ်ညွန့်ညွန့်ရွှေ-ဦးအောင်မင်း၊ ဦးမြသိန်း-(ဒေါ်ခင်အေးမူ)၊ ဒေါ်လှလှ-ဦးမြင့်ဇော်၊ ဦးဘစံ၊ ဒေါ်အေးအေးသိန်း-ဦးအောင်သန်းထွန်း၊ ဦးကျော်စိုးသိန်း-ဒေါ်မျိုးမြင့်မြင့်စိုး၊ ဦးကျော်စိုးထွန်း-ဒေါ်မီမီလှိုင်တို့၏ညီ/မောင်/အစ်ကို၊ ဒေါ်ကျော့ကျော့စိန်၏ခင်ပွန်း၊ မောင်မြတ်ကျော်သူ၊ မသင်းနန္ဒမြင့်၊ မောင်လင်းလင်းတို့၏ဖခင်သည် ၃၁-၇-၂၀၁၅ရက်(သောကြာနေ့)တွင်ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

## ဒေါ်သီသီငြိမ်း

**မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း(ငြိမ်း)**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊သာသနာ့ရိပ်သာရပ်ကွက်၊ စိန်မေတ္တာလမ်း၊ အမှတ် ၁၇နေ (ဦးကျော်ငြိမ်း)-ဒေါ်မြင့်တို့၏သမီး၊ (ဦးကံကြီးအောင်)-ဒေါ်သောင်းစိန်တို့၏ချွေးမ၊ ဦးအောင်ကျော်မြ၏ချစ်လှစွာသောဇနီး၊ မောင်အောင်ကိုကိုငြိမ်း၊ မောင်အောင်ညီညီငြိမ်းတို့၏မိခင်သည် ၃၁-၇-၂၀၁၅ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## မသန်းသန်းဦး

**အသက်(၂၈)နှစ်**

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ သက္ကယ်ပြင်ရွာနေ ဦးရွှေခိုင်အောင်-ဒေါ်ဘုမ၊ (ဟာဂျီ ဦးသာထွန်း)-ဟာဂျီမ ဒေါ်ခိုင်စောဦးတို့၏မြေး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပြည်တော်သာ ၂လမ်း၊ အမှတ် ၂၂နေ ဦးရွှေဘ-ဒေါ်သန်းသန်းရွှေတို့၏သမီး၊ မသန်းသန်းစိုး၊ မောင်အောင်ရွှေထွန်းတို့၏အစ်မကြီးသည် ၁-၈-၂၀၁၅ရက် နံနက် ၅း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့်ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းကြည်(မော်လမြိုင်) အသက်(၉၀)

မော်လမြိုင်မြို့၊ အမှတ် ၆၆(B)၊ ရတနာလမ်း၊ ညောင်ဝိုင်းရပ်နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် ၃၆၁(လေးလွှာ-D)နေ (ဦးဟိုက်ရင်-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးထွန်းကြည်)၏ဇနီး၊ ဦးစိုးအောင်-ဒေါ်အေးအေးမြင့်၊ ဦးဝင်းမြင့်-ဒေါ်စောစောသိန်း၊ ဒေါ်ကြည်ကြည်ဝင်း(အထက-၃၊ မော်လမြိုင်၊ အထပြ၊ ငြိမ်း)၊ (ဦးမြင့်စိုး-ဒေါ်ရီရီဝင်း)၊(ဦးမြင့်ဆွေ)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၈နာရီတွင် တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈- ၂၀၁၅ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ**

## ဒေါ်စောလှ (ဖားဆောင်းမြို့၊ ကယားပြည်နယ်)

**အသက်(၈၉)နှစ်**

ကယားပြည်နယ်၊ ဖားဆောင်းမြို့နေ (ဦးပန်းအောင်-ဒေါ်ခင်နု)တို့၏သမီး၊ (ဦးမြ)၏ဇနီး၊ ဒေါ်ဝင်းကြည်-(ဦးမြသန်း)၊ ဦးဝင်းမောင်-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်စိန်နု-ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒေါ်စောမြ-ဦးတင်ဝင်း၊ ဒေါ်မိမိသန်း-ဦးညီညီ၊ ဒေါ်မူမူ၊ ဒေါ်ချိုချိုတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၃၁-၇-၂၀၁၅ရက် (သောကြာနေ့) ည ၁၁း၂၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်စိန်(မမွေး) (ကျိုက်လတ်)

**အသက်(၇၃)နှစ်**

ကျိုက်လတ်မြို့နေ (ဦးဝင်း-ဒေါ်ရွှေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊(၆)ရပ်ကွက်၊ အမှတ် ၂၃၄၊ အခန်း ၁နေ ဦးတင်စိန်(ငြိမ်း) တပ်မတော်(လေ)၏ဇနီး၊ဦးအောင်ဇေယျ(အောင်ဇေယျဆေးဆိုင်၊ရန်ကင်းဈေး)၊ ဗိုလ်မှူးကြီးကျော်ဇေယျ [အမှတ်(၂)တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀]-ဒေါ်သူဇာအောင်၊ ဒေါ်ကေသီတို့၏မိခင်၊ မောင်သုတ၊ မကြည်ရှင်းသန့်၊ မဖြူစင်သန့်တို့၏အဘွားသည် ၁-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၁း၅၅နာရီတွင် [အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀]၌ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၅ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၂၃၄၊ အခန်း ၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

## ဒေါ်ငွေရှင်

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉(B)ရပ်ကွက်၊ အကောက်ခွန် ၇လမ်း၊ အမှတ် ၁၉၅နေ (ဦးထူး-ဒေါ်လှကြည်)တို့၏သမီး၊ (ဦးလှမောင်)၏ဇနီး၊ (ဦးလှမြင့်)-ဒေါ်တင်တင်မာ၊ (ဦးအေးကို - ဒေါ်သန်းရင်)တို့၏ညီမ၊ ဒေါ်အေးအေးချို၊ ဦးစောထွန်း(မြန်မာအမျိုးသားလေကြောင်းလိုင်း)-(ဒေါ်ခင်အေးသိန်း)၊ ဦးချစ်ခိုင်(မြန်မာ့ဆိပ်ကမ်း)-ဒေါ်သန်းသန်းအေး (မပေါက်)၊ ဦးငွေစိုး-ဒေါ်မော်မော်ဝင်း၊ ဦးသိန်းမြင့်(ကိုမိုး)တို့၏မိခင်၊ ကိုနေလင်းအောင်(Air KBZ)၊ မောင်ဇင်လင်းထွန်း၊ မောင်ကောင်းမြတ်သူ၊ မနှင်းရွှေရည်ဝင်း၊ မမေမြတ်သူ၊ မရတနာဦး၊ မလင်းလက်မော်တို့၏ အဘွားသည် ၁-၈-၂၀၁၅ရက် (စနေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ငြိမ်းတင်

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ စေတနာလမ်း၊ အမှတ် ၁၉နေ (ဦးသာအောင်-ဒေါ်အေးမျှင်)တို့၏သမီး၊ (ဦးလီလိုက်ကင်း)၏ဇနီး၊ကိုနေမျိုးအောင်-မဝေဝေထွန်း၊ ကိုမောင်မောင်လတ်-မမိုးမိုးလှိုင်၊(ကိုစိုးသူရ)-မပန်ထွယ်၊ မဟန်စုယဉ်၊ ကိုအောင်ကြီး - မတင်ဇာလွင်၊ ကိုမျိုးသူရ-မအေးမွန်၊ (မလှဲ့ဝေလှိုင်)၊ ကိုရဲအောင်ထွဋ်-မထက်အိန္ဒြေ၊ မဇင်ဝင်းအိ၊ ကိုဖြိုးအောင်ကျော်၊ မမို့မို့၊ မောင်အောင်ကျော်မိုး၊ မစုဇန်မိုး၊ မောင်ပိုင်ဇေသော်၊ မောင်မင်းစိုပြေ၊ မောင်အောင်မြတ်မိုး၊ မယမင်းမွန်၊ မောင်ဇေယျာအောင်၊ မအိသူဇာအောင်၊ မဖြိုးဖြိုး၊ မောင်ဇင်ဖြိုး၊ မောင်ချမ်းငြိမ်းသူရ၊ မောင်စိုင်းစိုင်းတို့၏ ဘွားဘွားကြီးသည် ၁-၈-၂၀၁၅ရက် နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူ မြေးမြစ်တစ်စု

## ဒေါက်တာလှရှိန်

**M.B.,B.S: D.P.H**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**ဆေးပညာသင်ကြားရေးဗဟိုဌာန (မြောင်းမြမြို့)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် ၅၁၆နေ [ဦးသိန်းအောင်(တိုင်းတရားသူကြီး၊ငြိမ်း)]-ဒေါ်ကြင်ပွား(ခ) ဒေါ်ခင်လေးရီတို့၏သား၊ ဦးရဲထွဋ်(ခ) ဦးကျော်သိန်း - ဒေါ်တင်တင်ခိုင် (မြောင်းမြ)တို့၏ညီ၊ ဒေါ်မေစီအောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဗဟိုဘဏ်)၊ ဒေါ်ဘေဘီအောင်-[ဒေါက်တာထွန်းထွန်း (ကလေးအထူးကု၊ ငြိမ်း)]၊ ဦးသိန်းတင်-(ဒေါ်အေးအေးတိုး)၊(ဦးကြင်သိန်း)၊ ဦးအေးမြင့်-ဒေါ်စန်း(တရားရေး၊ငြိမ်း)တို့၏အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေးသည် ၃၀-၇-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၉း၅၀နာရီတွင် မအူပင်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင်မအူပင်မြို့သုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်တင်လေးနွယ်(ခ)မငယ်

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ မြလေးရုံလမ်းနေ(ဦးကျော်မြိုင်)-ဒေါ်မြရီတို့၏သမီး၊ (ဦးထွန်းအောင် - ဒေါ်ခင်စိန်)တို့၏ သမီးချွေးမ၊သစ္စာ၂လမ်း၊အမှတ်(၇၁၉-ခ)နေ ဦးစိန်တိုး၏ဇနီး၊ ဦးအောင်မင်း - ဒေါ်တင်နွယ်ဦး (MOGE)၊ ဦးတင်မောင်လတ် - ဒေါ်မြင့်မြင့်အေး (စက်မှု-၁)တို့၏ညီမ၊ ဦးသန်းဌေး-ဒေါ်စန်းစန်းကြည်၊ ဦးကျော်သူမောင် (MOB ဘဏ်) - ဒေါ်အေးအေးနွယ် (မြဝတီဘဏ်)၊ဦးအောင်လွင်-ဒေါ်စန်းစန်းနိုင်၊ဦးရန်နောင်စိုး-ဒေါ်သီတာအေးတို့၏အစ်မ၊ ဦးမျိုးအောင်-ဒေါ်မိုးမိုးခိုင်၊ ဦးရဲမင်းထိုက်-ဒေါ်ဖြိုးဖြိုးခိုင်၊ ဦးသန်းကျော်ဌေး - ဒေါ်မြမြမိုး၊ ဦးအောင်မင်းမောင်(DKSH)-ဒေါ်အေးသန္တာခိုင်(ဧရာဝတီဘဏ်)၊ မမျိုးသန္တာခိုင်၊ မောင်အောင်ခြိမ့်မင်း-မခင်မျိုးနွယ်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၃၁-၇-၂၀၁၅ရက် (သောကြာနေ့) ညနေ ၃း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၈)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၇၁၉/ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်ကြည်

**အလက(၁)သာကေတ ကျောင်းဆရာမကြီး(ငြိမ်း)**

**အသက်(၉၅)နှစ်**

(ဦးကြိုင် - ဒေါ်အမာ)တို့၏သမီး၊ (ဦးထွန်းရှိန်)၏ဇနီး၊ (ဦးခင်ဇော်)-ဒေါ်မွေးမွေး၊ ဦးထွန်းလွင်-ဒေါ်အေးအေးမြင့်၊ ဦးဗိုလ်ဌေး - ဒေါ်ဝေဝေမြင့်၊ (ဦးကျော်ဝင်း - ဒေါ်အေးအေးခိုင်)၊ ဦးမြင့်အောင် - ဒေါ်လဲ့လဲ့ဝင်းတို့၏ မိခင်၊ မြေး ၁၃ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၃၁-၇-၂၀၁၅ရက်(သောကြာနေ့)နံနက် ၁း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် အမိုးနီသုသာန် (သန်လျင်)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။[အမှတ် ၄၇၊ ဓမ္မာရုံလမ်း၊ (၁၅)နယ်မြေ၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ငြိမ်းတင်

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စေတနာလမ်း၊ အမှတ် ၁၉နေ (ဦးသာအောင်-ဒေါ်အေးမျှင်)တို့၏သမီး၊ (ဦးလီလိုက်ကင်း)၏ဇနီး၊ ဦးရှိန်မြင့်၊ (ဒေါ်မြင့်မြင့်သန်း)၊ ဦးအေးထွန်း - ဒေါ်ရှုကြည်၊ (ဦးထွန်းခင်)၊ ဒေါ်သန်းသန်းရင်၊ (ဦးတင်သိန်း) ဒေါ်ကြူကြူ၊ ဦးတင်ယု-ဒေါ်ခင်သီတာအေး၊ ဦးအောင်သော်တာ-ဒေါ်ခင်ယမုံအေး၊ ဦးသော်တာ-ဒေါ်သန်းသန်းဆွေ၊ ဦးဇော်ဇော်ဦး-ဒေါ်ထွေးထွေးဝင်း၊ ဦးကျော်မြတ်-ဒေါ်ရီရီမိုးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၆ယောက်၊ မြစ် ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁-၈-၂၀၁၅ရက် နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သင်းသင်းအေး

**အသက်(၈၀)**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရိပ်သာ ၃လမ်း၊ အမှတ် ၂၃နေ (ဦးဘမောင်-ဒေါ်ခင်သိန်း)တို့၏သမီး၊ (ဦးဘုန်းမြင့်)၏ဇနီး၊ (ဦးမျိုးသန့်)-ဒေါ်ခင်မို့မို့အေး (ရုပ်ရှင်)၊ ဦးဘုန်းပြည့်စိုး - ဒေါ်စမ်းမာလာဝင်း၊ ဦးဘုန်းပြည့်မိုး-ဒေါ်သန်းသန်းမော်၊ ဦးဘုန်းရဲထွဋ်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁-၈-၂၀၁၅ရက် (စနေနေ့)နံနက် ၇နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၅ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၅ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်ကျော်ဦး

**အသက်(၄၆)နှစ်**

ဦးဟန်ညွန့်-(ဒေါ်သန်းရင်)တို့၏သား၊ ဦးမောင်ထား - ဒေါ်စိန်စိန်ညွန့်တို့၏သားသမက်၊ ဒေါ်တင်မျိုးထိုက်၏ခင်ပွန်း၊ ဦးဌေးလွင်-ဒေါ်နွဲ့နွဲ့မူ(GBG. Co., Ltd.)၊ ဦးသက်နိုင်-ဒေါ်မေထိုက်စုလှိုင်(Real သောက်ရေသန့်)၊ ဦးမျိုးမင်းထွန်း - ဒေါ်စန္ဒာမင်း (ဒေါ်ပု TV ရောင်းဝယ်ရေး)တို့၏အစ်ကို၊ သားသမီးသုံးယောက်၏ဖခင်သည် ၃၁-၇-၂၀၁၅ရက်(သောကြာနေ့)ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ကျောင်းလမ်း၊ ဆောင်းဟေမာန်အိမ်ရာ၊တိုက်၈၊ အခန်း ၁၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တစန္ဒိမာ (မွှေ့စရိယ)

**သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၃၃)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ဝိဇ္ဇာရေကျောင်းတိုက်ကြီး၏ ဒုတိယဦးစီးနာယက ဘဒ္ဒန္တစန္ဒိမာ (မွှေ့စရိယ)အရှင်သူမြတ်သည် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်) ၃၁-၇-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ရက်) ၂-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ဆရာတော်အားရည်စူး၍ ပဌ်သံဃာ(၂၅)ပါးတို့အား (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၆ရက်) ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့)၌ (၁၃၃)ရပ်ကွက်၊ ဝိဇ္ဇာရေကျောင်းတိုက်ကြီးတွင် အရုဏ်ဆွမ်းကပ်လှူဒါန်းပြီး အမျှအတန်းပေးဝေမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။] ဈာပနကျင်းပရေးကော်မတီ

## တပ်ကြပ်ကြီး ဦးပုတင်

**ကပ-၄၉၇၀၊ တပ်မတော်-ရေ(ငြိမ်း)**

**အသက်(၉၀)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ဇမ္ဗူသီရိအရှေ့ ၄လမ်း၊ အမှတ် ၄၁၉နေ ဒေါ်တင်မြ၏ခင်ပွန်း၊ (ဦးမြင့်သိန်း-ဒေါ်အမာကြည်)၊ (ဦးသောင်းတင်-ဒေါ်တင်တင်ဦး)၊ (ဦးတင်ရွှေ)-ဒေါ်တင်တင်အောင်၊ ဦးခင်မောင်ကျော်-ဒေါ်ငွေငွေဝင်း၊ ဦးကိုကိုငွေ-ဒေါ်သန်းသန်းရီ၊ (ဦးစိုးစိုး)-ဒေါ်ရီရီခင်၊ ဦးမောင်မောင်သန်း-ဒေါ်တင်တင်ငြိမ်း၊ ဦးထွန်းထွန်း-ဒေါ်လှသီတာတို့၏ချစ်လှစွာသောဖခင်၊ မြေး ၂၂ယောက်၊ မြစ် ၁၀ယောက်တို့၏အဘိုးသည် ၃၁-၇-၂၀၁၅ရက် ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်တင်

**(ဆိုရှယ်လစ်လုပ်သားဟောင်း)**

**ဌာနစုမှူး(ငြိမ်း)၊မော်တော်ယာဉ်ဌာန၊မန်းသံပုရာကန်ရေနံချက်စက်ရုံ**

**ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာ၊ ဥတ္တံတားပိုင်း၊ အမှတ် ၅/၆နေ (ဦးရွှေဖျိုင်း-ဒေါ်ပုလေး)တို့၏သား၊ (ဦးဘအေး-ဒေါ်သန်းလှ)တို့၏သားသမက်၊ (ဒေါ်လှခင်)၏ခင်ပွန်း၊ (ဦးစောစံဝင်း)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးမျိုးမြင့်- ဒေါ်ထားထားရီ၊ ဦးမောင်မောင်သင်း-ဒေါ်ရီရီငွေ၊ (ဦးတင်အေး)- ဒေါ်ကြူကြူအောင်၊ ဦးအောင်မြိုင်-ဒေါ်သင်းသင်းအေး၊ ဦးသန်းဝင်း-ဒေါ်အေးအေးမြိုင်၊ ဦးထွန်းလင်းဌေး-ဒေါ်ထွေးထွေးအောင်၊ (ဦးသန်းထွေး)တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁-၈-၂၀၁၅ရက် (စနေနေ့) နံနက် ၂နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ဗိုလ်ချုပ်ရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့်ချို

**ဒု-ရဲမှူးကြီး(ငြိမ်း)**

**အသက်(၇၆)နှစ်**

ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ နယ်မြေ(၃)နေ (ဦးပြုံးချို-ဒေါ်မမကြီး)တို့၏သား၊ (ဒေါ်အုန်းမြင့်)၊ ဒေါ်စန်းတင့်တို့၏မောင်၊ မုံရွာမြို့၊ စက်မှုဇုန်ရပ်နေ ဒေါ်မြင့်မြင့်နွယ်၏ခင်ပွန်း၊ ဦးငြိမ်းချမ်း-ဒေါ်နုနုဝင်း၊ ဦးမိုးဇော်-ဒေါ်သက်သက်နွယ်၊ ဦးအေးမင်း-ဒေါ်ခက်ခက်နွယ်၊ (ဦးသိန်းဟန်)၊ ဒေါ်သိန်းသိန်းနွယ်၊ ဦးဇော်မိုး-ဒေါ်သီမာဝင်း၊ ဒေါ်ငြိမ်းငြိမ်းနွယ်၊ ဦးငြိမ်းမောင်မောင်-ဒေါ်မော်မော်တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၁-၈-၂၀၁၅ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ဇမ္ဗူသီရိမြို့နယ် ဂုံမင်းအင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၅ရက် နံနက်တွင် အောင်ဇမ္ဗူရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်စိန်(ခ)ချန်စီချူး

**(မောင်မောင်စိန် Dental Supply)**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ ၄၀လမ်း၊ အမှတ် ၂၃၇နေ (ချန်ချွမ်ထိမ်း - ဒေါ်ရီ)တို့၏သား၊ ချန်ဟုန်ကြူး၏အစ်ကို၊ ဒေါ်မေကြည်(ခ)မေစီ၏ခင်ပွန်း၊ ဒေါက်တာဖြိုးဇော်မင်း - မသင်းသင်းအောင်(မဒ္ဒီကုမ္ပဏီ လီမိတက်)၊ မခင်ကြူကြူခိုင်၊ မမြတ်နှင်းဖြူတို့၏ ချစ်လှစွာသောဖခင်၊ မမဋ္ဌူသက၏အဘိုးသည် ၂၈-၇-၂၀၁၅ရက် နံနက် ၆း၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၈-၂၀၁၅ရက် (တနင်္လာနေ့)တွင်အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုကျော်သီဟထွန်း

**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၂၉ (က)နေ (ဒုတိယဗိုလ်မှူးကြီးစိန်အောင်)-ဒေါ်နွယ်နီလွင်တို့၏တစ်ဦးတည်းသောသား၊ ကိုကျော်ဇင်လတ်၊ မသက်ဖြူဖြူအောင်(USA)၊ ကိုသံလွင်လင်းဦး-မခင်ညီညီငြိမ်း(DUBAI)၊ ကိုခိုင်ဇော်လင်းတို့၏အစ်ကိုကြီး၊ ဦးထင်လင်း-ဒေါ်စုလှိုင်ထွေးတို့၏တူသည် ၁-၈-၂၀၁၅ရက်(စနေနေ့) နံနက် ၈နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယကာကြီး**

## ဒေါက်တာအေးချို

**B.V.S, M.Phil, M.V.Sc**

**ပါမောက္ခ(ငြိမ်း)**

**မွေး-ဆေးတက္ကသိုလ်**

**အသက်(၇၄)နှစ်**

(ဦးဖေတင် - ဒေါ်ရီ)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဦးချို လမ်း၊ အမှတ် ၁၄၈(ဒု-လွှာ)နေ ဒေါက်တာတင်တင်မြိုင်(ဒု-ပါမောက္ခချုပ်၊ ငြိမ်း)၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်)၏ခင်ပွန်း၊ ဦးဇေယျာအေးချို(ဦးစီးအရာရှိ၊ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)၊ ဒေါ်ဇာဇာမျိုးဟန် (ခေတ္တ-Nagoya)၊ ဒေါက်တာတေဇာအေးချို (CP Company, ခေတ္တ-Bangkok)၊ ဦးရာဇာအေးချို (Schlumberger, ခေတ္တ-Vietnam) တို့၏ဖခင်၊ မောင်မင်းဇေယျာဟန်၏အဘိုး၊ ဦးခင်မောင်မြင့်၊ ဒေါ်လှမြင့်တို့၏အစ်ကိုသည် ၁-၈-၂၀၁၅ရက် နံနက် ၄း၅၀နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၅ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဆေးရုံများအပေါ် ယုံကြည်အားကိုး၍ လာရောက်ကုသသူများကို ထိထိရောက်ရောက် ကုသပေးနိုင်ရေးဆောင်ရွက်

စာမျက်နှာ ➤ ၃

# အနည်းဆုံးတော့ စိတ်ဓာတ်ခွန်အားပေါ့ဗျာ၊ အားလုံးစုပြီးပို့ကြရအောင်

သတင်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၁**

မိုးလေအနည်းငယ် ကင်းလွတ်နေသည်ကို တစ်ချက်မော့ကြည့်ရင်း ရေဘေးကယ်ဆယ်ရေးပစ္စည်းများကို ရေတွက်နေသော ကိုဝေဠုကျော်၏မျက်နှာမှာ အပြုံးတစ်ချက် လက်သွားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းထွက်ခွာဌာနရှိ Air KBZ လေကြောင်းလိုင်းဖြင့် ကယ်ဆယ်ရေးပစ္စည်းများကို အခမဲ့ပို့ဆောင်ပေးမည်ဟု လေကြောင်းလိုင်း၏ ကြေညာချက်အပေါ် ရန်ကုန်မြို့အခြေစိုက်ပရဟိတအဖွဲ့ကြီး၊ အဖွဲ့ငယ်များနှင့် မီဒီယာသမားများ အားတက်သရော ရောက်ရှိလာကာ မိမိတို့တတ်စွမ်းသမျှ ရေဘေးကယ်ဆယ်ရေး ပစ္စည်းအသီးသီးတို့ကို လာရောက်ပေးလှူနေကြသည်မှာ အားရစရာပင်ဖြစ်သည်။

"ပထမဆုံး လေကြောင်းအကူအညီအဖြစ် သွားမှာပါ။ အရင်ရက်တွေကတည်းက ဘဏ်ခွဲတွေမှာရှိတဲ့ ဝန်ထမ်းတွေက သူတို့တတ်နိုင်သလောက် ထမင်းထုပ်တွေနဲ့ လိုအပ်တာတွေကို သွားလှူနေကြတာ။ အခြေအနေကိုကြားရတော့ ဆိုးရွားတဲ့နေရာတွေနဲ့ အလှူပစ္စည်းတွေမရောက်တဲ့နေရာတွေ *စာမျက်နှာ ၁၁ ကော်လံ ၁* ❐




**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရေဘေးသင့်ဒေသသို့ ပို့ဆောင်ရန် ကယ်ဆယ်ရေးပစ္စည်းများ လေယာဉ်ပေါ်သို့ တင်နေစဉ်။**

# မြန်မာယူ-၁၆ အသင်း နှစ်ပွဲဆက်နိုင်

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-MFF



**ဖနွမ်းပင် ဩဂုတ် ၁**

အာဆီယံယူ-၁၆ ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ အိုလံပစ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်း နှစ်ပွဲဆက် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းမှာ အုပ်စု ဒုတိယပွဲစဉ်အဖြစ် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး သုံးဂိုးပြတ်အနိုင် ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၃၇ မိနစ်တွင် ဟိန်းထက်အောင်၊ ၄၄ မိနစ်တွင် ဝင်းနိုင်ထွန်းနှင့် ၈၅ မိနစ်တွင် ကျော်ကျော်ထက်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခြောက်မှတ်ရရှိထားပြီး တတိယပွဲစဉ်အဖြစ် ဩဂုတ် ၃ ရက်တွင် ဩစတြေးလျအသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။

**မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ယှဉ်ပြိုင်နေစဉ်။**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁**

ယနေ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတောင်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

